ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



# မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက်

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက်

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ



နိုင်ငံတော်သမ္မတ

အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်

# ဥယျောဇဉ်

## ဦးသိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာ၌ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသူ၊ နိုင်ငံသားအားလုံး၏ လူမှုစီးပွားဘဝ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အခြေခံကျသော အကြောင်းအရာများဖြစ်သည်ဟု စွဲမြဲစွာ ယုံကြည်ပါသည်။ ထို့အပြင် နိုင်ငံသူ၊ နိုင်ငံသားများအား လူမှုရေးနှင့် စီးပွားရေး ဘေးအန္တရာယ် ကျရောက်နိုင်မှုများမှ အကာအကွယ်ပေးခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း၊ အခြေခံလူမှုရေးဝန်ဆောင်မှုများအား လက်လှမ်းမီစေရေး စီမံဆောင်ရွက်ပေးခြင်းနှင့် လူသားအရင်းအနှီး ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးခြင်းတို့သည် နိုင်ငံတော်အစိုးရ၏ မူလပထမ တာဝန်များ ဖြစ်သည်ဟု ခံယူအပ်ပါသည်။

ထိုယုံကြည်ချက်၊ ခံယူချက်များအား ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ရေးဆွဲခဲ့သော မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်တွင် နိုင်ငံသူ၊ နိုင်ငံသားများ အထူးသဖြင့် လူမှုရေးအရ ကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်သော ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ၏ လူမှုစီးပွားဘဝလိုအပ်ချက်များအား ကာကွယ်စောင့်ရှောက်မှု ပေးရာတွင် အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက်များနှင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေး လုပ်ငန်းများ ဖော်ထုတ် တင်ပြထားပါသည်။ လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်သောကြောင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ဤလူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် ပေါ်ထွက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသော လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း သိရှိစေအပ်ပါသည်။

နိုင်ငံတော်သမ္မတ

အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်

**ပြုပြင်ပြောင်းလဲမှုများ အလျှင်အမြန်ဆောင်ရွက်စဉ် လူမှုကာကွယ်စောင့်ရှောက်ရေးကို အားဖြည့်ပေးခြင်းဖြင့် သာတူညီမျှမှုနဲ့ သဟဇာတဖြစ်မှု ထွန်းကားသော မြန်မာ့လူ့ဘောင် တစ်ရပ်ကို တစ်စုတပေါင်းတည်း တည်ဆောက်နိုင်မယ်လို့ ကျွန်တော်တို့ အခိုင်အမာ ယုံကြည်ပါတယ်။**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

၂၅-၆-၂၀၁၂

အမျိုးသားလူမှုကာကွယ်စောင့်ရှောက်ရေး ဖိုရမ်ဆွေးနွေးပွဲ

# မာတိကာ


| | | |
|---|---|---|
| အမှာစကား | | - |
| ၁။ | နိဒါန်း | ၁ |
| ၂။ | မြန်မာနိုင်ငံ၏လူမှုစီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းအစီအစဉ်တွင် လူမှုကာကွယ်စောင့်ရှောက်ရေးကို ဦးစားပေးအစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ခြင်း | ၁၁ |
| ၃။ | မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု၊ အန္တရာယ်ကျရောက်နိုင်မှုနှင့်ဘဝရပ်တည်ရန် ခက်ခဲမှု | ၂၁ |
| ၄။ | မြန်မာနိုင်ငံ၏လက်ရှိလူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအစီအစဉ်များ | ၃၇ |
| ၅။ | အားလုံးအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး - မြန်မာနိုင်ငံ၏လူမှု ကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက် | ၄၉ |
| ၆။ | လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်တစ်ရပ် တည်ဆောက်ခြင်း | ၇၅ |
| ၇။ | မဟာဗျူဟာစီမံချက်ကို အကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်း နှင့်အကဲဖြတ်သုံးသပ်ခြင်း၊ အရင်းအမြစ်များနှင့် ဘဏ္ဍာငွေဖြည့်ဆည်းပေးခြင်း | ၉၀ |


**အခြေပြပုံ**


| | |
|---|---|
| လူမှုကာကွယ်စောင့်ရှောက်ရေးသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးမှုကို အထောက်အကူပြုပုံ ခြုံငုံဖော်ပြချက် | ၉၇ |


**လေးထောင့်ကွက်များ**


| | |
|---|---|
| လေးထောင့်ကွက် (၁) - လူမှုကာကွယ်စောင့်ရှောက်ရေး အကဲဖြတ်ချက် အခြေပြု အမျိုးသားအဆင့် ဆွေးနွေးခြင်း (ABND) | ၄ |
| လေးထောင့်ကွက် (၂) - လူမှုကာကွယ်စောင့်ရှောက်ရေး အခြေခံသတ်မှတ်ချက် Social Protection Floor (SPF) | ၅၁ |
| လေးထောင့်ကွက် (၃) - လူမှုကာကွယ်စောင့်ရှောက်ရေး(Social Protection) တွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၏ အခန်းကဏ္ဍ | ၆၆ |
| လေးထောင့်ကွက် (၄) - မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှု | ၇၃ |

**ဇယားများ**

ဇယား (၁) - မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက်ကို ခြုံငုံဖော်ပြချက် ၉၈
ဇယား (၂) - မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက် အထွေထွေ အကောင်အထည်ဖော်မှု ၁၀၂
ဇယား (၃) - မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ၁၀၄
ဇယား (၄) - မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက် စောင့်ကြည့်စစ်ဆေးရေးအစီအစဉ် ၁၁၂
ဇယား (၅) - မြန်မာနိုင်ငံလူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက် အကောင်အထည်ဖော်မှု ကုန်ကျစရိတ်ခန့်မှန်းတွက်ချက်ခြင်း (ပဏာမအဆင့်) ၁၁၇

**ပုံများ**

ပုံ (၁) - အသက်အရွယ်အလိုက် အကျိုးဖြစ်ထွန်းမှု နှုန်းထားများ ၁၀
ပုံ (၂) - မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု (၂၀၁၀ ခုနှစ်) ၂၂
ပုံ (၃) - အထွေထွေဆင်းရဲနွမ်းပါးမှု ဒေသအလိုက် ပျံ့နှံ့တည်ရှိခြင်း ၂၃
ပုံ (၄) - တစ်နိုင်ငံလုံး ဆင်းရဲနွမ်းပါးသူများအနက် အချိုးအစား (စုစုပေါင်း၏%) ၂၃
ပုံ (၅) - စားသုံးမှု ပျံ့နှံ့ပုံ ၂၄
ပုံ (၆) - ပျမ်းမျှမြေပိုင်ဆိုင်မှု (ဧက) ၂၆
ပုံ (၇) - လူသားဖွံ့ဖြိုးမှု အညွှန်းကိန်း အလားအလာ ၂၇
ပုံ (၈) - မြန်မာနိုင်ငံတွင် မွေးဖွားချိန်၌ မျှော်မှန်းနိုင်သော ပျမ်းမျှသက်တမ်း ၃၀
ပုံ (၉) - လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ် (ရွေးချယ်ထားသောနိုင်ငံများ) ၄၈
ပုံ (၁၀) - Flagship လုပ်ငန်းများအတွက် ခန့်မှန်းအသုံးစရိတ်ကို ဂျီဒီပီ၏ % အဖြစ် ဖော်ပြချက် ၉၄
အင်္ဂလိပ်ဘာသာ အတိုကောက်ဝေါဟာရများ -
အင်္ဂလိပ်ဘာသာ ဝေါဟာရများ -
နောက်ဆက်တွဲ -

# မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေး
# အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်

## နိဒါန်း

၁။ ဤမဟာဗျူဟာစီမံချက်ကို နိုင်ငံတော်သမ္မတရုံး၏ (အမိန့်ကြော်ငြာစာအမှတ် ၅၇/၂၀၁၄) အရ ဖွဲ့စည်းတည်ထောင်ခဲ့သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ လုပ်ငန်းကော်မတီ(SPWC)၏ ကြီးကြပ်မှုအောက်တွင် ရေးဆွဲခဲ့ပါသည်။ ကော်မတီတွင် ကဏ္ဍ အသီးသီးမှ အစိုးရဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပါဝင်ကြပြီး ပြည်သူ လူထုတစ်ရပ်လုံး၏ လိုအပ်ချက်များအပေါ် အခြေခံကာ နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ်များကို ပံ့ပိုးမှုပေးမည့် အားလုံးအတွက် လူမှု ကာကွယ်စောင့်ရှောက်ရေးစနစ်တစ်ရပ် ရေးဆွဲရန် တာဝန်အပ်နှင်းထားပါသည်။

၂။ မဟာဗျူဟာစီမံချက်ရေးဆွဲရာတွင် ကော်မတီကို အကူအညီပေးနိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက နည်းပညာ အထောက်အကူပြုအဖွဲ့(TSG)ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ TSG တွင် ပူးတွဲအဖွဲ့ခေါင်းဆောင် များအဖြစ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ယူနီဆက်တို့က ဆောင်ရွက်ပြီး အစိုးရဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၊ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် သုတေသနအဖွဲ့အစည်း တစ်ခုတို့မှ အဖွဲ့ဝင်(၂၁)ဦးဖြင့် နောက်ဆက်တွဲတွင် ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းထားပါသည်။ နည်းပညာအထောက် အကူပြုအဖွဲ့(TSG)သည် အဖွဲ့ဝင်များ၏ လုပ်ငန်းနှင့်လုပ်ဆောင်မှုများကို ရယူအသုံးပြုပြီး SPWC ၏ လမ်းညွှန်မှုဖြင့် မဟာဗျူဟာစီမံချက်ကို ရေးဆွဲရန် ရုံးအဖွဲ့တစ်ရပ် ဖွဲ့စည်းတည်ထောင်ထားပါသည်။

၃။ မဟာဗျူဟာစီမံချက်ပြုစုရန် အသေးစိတ်လုပ်ငန်းအစီအစဉ်များကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် သဘောတူညီမှုရရှိခဲ့ပါသည်။ အစီအစဉ်တွင် နည်းပညာပိုင်း သွင်းအားစုများနှင့် အမျိုးသားအဆင့် တိုင်ပင်ဆွေးနွေးမှုများ ပါဝင်ပါသည်။ မဟာဗျူဟာစီမံချက်ကို အောက်ဖော်ပြပါ အစီအစဉ်များဖြင့် ရေးဆွဲခဲ့ပါသည်-

(က) **မဟာဗျူဟာစီမံချက်စတင်သည့် အလုပ်ရုံဆွေးနွေးပွဲ။** မြန်မာနိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အစီအစဉ်ကိစ္စရပ်များနှင့် မဟာဗျူဟာစီမံချက်ရေးဆွဲသည့် လုပ်ငန်းစဉ်ကို ဆွေးနွေးရန် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ယူနီဆက်တို့သည် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် နည်းပညာအထောက်အကူပြုအဖွဲ့ အစည်းအဝေးကို စီစဉ်ပြုလုပ်ခဲ့ပါသည်။

( ခ) **မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုပူးပေါင်းဆောင်ရွက်ရေးဖိုရမ်ဆွေးနွေးပွဲ။** အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက (၂၅-၁-၂၀၁၄) နှင့် (၂၆-၁-၂၀၁၄) ရက်နေ့များတွင် ကျင်းပပြုလုပ်ခဲ့သော အစိုးရဝန်ကြီးဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည့် ဒုတိယအကြိမ် နှစ်ပတ်လည် ဖိုရမ်ဆွေးနွေးပွဲ၌ တစ်ပြိုင်တည်းဆွေးနွေးပွဲများကျင်းပရာတွင် မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးကို အထင်အရှား ထည့်သွင်းဆွေးနွေးခဲ့ပါသည်။

( ဂ) **လူမှုကာကွယ်စောင့်ရှောက်ရေးစာရင်းပြုစုခြင်း။** မြန်မာနိုင်ငံတွင် လက်ရှိ လူမှုကာကွယ်စောင့်ရှောက်ရေး အစိတ်အပိုင်းများအား စာရင်းပြုစုခြင်းကို ကမ္ဘာ့ဘဏ်၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ပြီးစီးခဲ့ပါသည်။ မဟာဗျူဟာစီမံချက်အနေဖြင့် ရှိရင်းစနစ်၏ အားသာချက်များအပေါ် ဆက်လက်တည်ဆောက်နိုင်ရန်နှင့် ဦးစားပေးသတ်မှတ်ရမည့် လစ်ဟာချက်များကို ဖြေရှင်းရန် ဖြစ်ပါသည်။

(ဃ) **လူမှုကာကွယ်စောင့်ရှောက်ရေးသင်တန်းပို့ချခြင်း။** လူမှုဝန်ထမ်းဦးစီးဌာနနှင့် ယူနီဆက်တို့သည် ၂၀၁၄ ခုနှစ်၊ ဧပြီလတွင် TSG အတွက် လူမှုကာကွယ်စောင့်ရှောက်ရေးသင်တန်းကို စီစဉ်ပြုလုပ်ခဲ့ပါသည်။ ယင်းသင်တန်းတွင် လူမှုကာကွယ်စောင့်ရှောက်ရေး ဦးတည်ချက်များ၊ အယူအဆ သဘောတရားများနှင့် ချဉ်းကပ်ပုံများပါဝင်ပြီး လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အမျိုးအစား အသီးသီးဆောင်ရွက်သည့် ကမ္ဘာတစ်ဝန်းအတွေ့အကြုံများကို ရှင်းလင်းပို့ချခဲ့ပါသည်။

( င) **အကဲဖြတ်ချက်အခြေပြု အမျိုးသားအဆင့်ဆွေးနွေးခြင်း** (ABND)။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့(ILO)သည် အမျိုးသားအဆင့် ဆွေးနွေးပွဲများ ပြုလုပ်ရန်

ပံ့ပိုးမှုပေးခဲ့ပါသည်။ ယင်းဆွေးနွေးပွဲများတွင် ILO ၏ ABND နည်းလမ်းကို အသုံးပြုခဲ့ပါသည်။ (လေးထောင့်ကွက် - ၁)

( စ) **ဖွံ့ဖြိုးဆဲနိုင်ငံများအချင်းချင်း လူမှုကာကွယ်စောင့်ရှောက်ရေး လေ့လာသင်ယူသည့် ဖိုရမ်ဆွေးနွေးပွဲ**။ ဘရာဇီးလ်နိုင်ငံတွင် ကမ္ဘာ့ဘဏ်၏ အစီအစဉ်ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လက ကျင်းပပြုလုပ်ခဲ့သော လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် အလုပ်သမား စနစ်များ စီစဉ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ ကမ္ဘာတစ်ဝန်း ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကာ မဟာဗျူဟာ စီမံချက်ရေးဆွဲရေး လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြခဲ့ပါသည်။

(ဆ) **မူဝါဒနှင့်မဟာဗျူဟာရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း။** ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ လူမှုဝန်ထမ်းဦးစီးဌာန၊ အစည်းအဝေး ခန်းမ၌ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်၍ မူဝါဒနှင့် မဟာဗျူဟာ မူကြမ်းများ ရေးဆွဲခဲ့ပြီး ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေး ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်း ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အတည်ပြုခဲ့ပါသည်။

(ဇ) **မူဝါဒအလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်ခြင်း**။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင် TSG က ယူနီဆက်၏ ပံ့ပိုးမှုဖြင့် မူဝါဒအလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပ ပြုလုပ်ပြီး လူမှုကာကွယ်စောင့်ရှောက်ရေး အမျိုးသားအဆင့် ဦးတည်ချက်များ နှင့် မျှော်မှန်းချက်တို့ကို ထပ်လောင်းအတည်ပြုခဲ့ပါသည်။ မူဝါဒပိုင်း ရွေးချယ် ဆောင်ရွက်နိုင်မှုများ၊ ဖြစ်နိုင်ခြေမျှော်မှန်းချက်များအတွက် ခန့်မှန်းကုန်ကျစရိတ်များ၊ ဘဏ္ဍာရေးဆိုင်ရာသက်ရောက်မှုများနှင့် အပြီးသတ် မဟာဗျူဟာစီမံချက် အကျဉ်းချုပ် တို့ကိုလည်း ပိုမိုပြည့်စုံကောင်းမွန်စေရန် အသေးစိတ် ပြုစုခဲ့ပါသည်။

( ဈ) **အပြီးသတ်ပြုစုခြင်းနှင့် အတည်ပြုချက်ရယူခြင်း**။ မဟာဗျူဟာစီမံချက် (မူကြမ်း)ကို SPWC က TSG နှင့် ပုံမှန်တိုင်ပင်ဆွေးနွေးလျက် အပြီးသတ်ရေးဆွဲပြီး ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် အတည်ပြုခဲ့ပါသည်။

**လေးထောင့်ကွက် (၁) - လူမှုကာကွယ်စောင့်ရှောက်ရေး အကဲဖြတ်ချက်အခြေပြု အမျိုးသားအဆင့် ဆွေးနွေးခြင်း (ABND)**

လူမှုကာကွယ်စောင့်ရှောက်ရေး အကဲဖြတ်ချက်အခြေပြု အမျိုးသားအဆင့် ဆွေးနွေးခြင်း (ABND) လုပ်ငန်းစဉ်ကို မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO)က ဦးဆောင်လျက် ဆောင်ရွက်ခဲ့ပြီး မဟာဗျူဟာစီမံချက်ရေးဆွဲရေးကို ပံ့ပိုးပေးခဲ့ပါသည်။ ယင်းလုပ်ငန်းစဉ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဦးဆောင်ပြီး ဝန်ကြီးဌာနများနှင့် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများ၊ လူမှုရေးမိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တက္ကသိုလ်ပညာရှင် အသိုက်အဝန်း၊ ကမ္ဘာ့ဘဏ်အပါအဝင် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းအသီးသီးတို့ ပါဝင်သော အမျိုးသားအဆင့် ဆွေးနွေးပွဲ (၃)ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး လူမှုကာကွယ်စောင့်ရှောက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြပါသည်။ ယင်းတို့နှင့် ဆက်စပ်သော အစီရင်ခံစာများလည်း ထုတ်ပြန်ခဲ့ပါသည်။

လူမှုကာကွယ်စောင့်ရှောက်ရေး ABND ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်သူအားလုံး၏ အမြင်များကို ဆွေးနွေးဖလှယ်မျှဝေနိုင်သည့် အခွင့်အရေးများရရှိမည်ဖြစ်ပြီး အမျိုးသားအဆင့် သဘောတူညီချက်များလည်း ဖော်ထုတ်မည်ဖြစ်ပါသည်။ အောက်ဖော်ပြပါ အစီအစဉ်များကို အမျိုးသားအဆင့် ဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးခဲ့ကြပါသည် -

(က) နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်သော လက်ရှိလူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ၊ မူဝါဒ လစ်ဟာချက်များ၊ အကောင်အထည်ဖော်မှုကိစ္စရပ်များနှင့် ဦးစားပေးသတ်မှတ်ရန် အကြံပြုချက်များ အပါအဝင် လူမှုကာကွယ်စောင့်ရှောက်ရေး အကဲဖြတ်ချက်ဇယား၊

(ခ) မူဝါဒရွေးချယ်နိုင်မှုများနှင့် ILO ၏ RAP နမူနာပုံစံဖြင့် ကုန်ကျစရိတ် ခန့်မှန်းတွက်ချက်မှုများနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများအတွက် ဘဏ္ဍာငွေ ခွဲဝေချထားမှု အချိုးအစားများ၊

(ဂ) မြန်မာနိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်ရေး အနိမ့်ဆုံးဖြည့်ဆည်းပေးရန် သတ်မှတ်ချက်ပေါ် မူတည်၍ လူမှုကာကွယ်စောင့်ရှောက်ရေး အကျိုးခံစားခွင့် အဆိုပြုအစီအစဉ် (၃)ရပ်နှင့် ဘဏ္ဍာငွေ ခွဲဝေချထားမှု။

**လူမှုကာကွယ်စောင့်ရှောက်ရေးကို အဓိပ္ပာယ်ဖော်ပြခြင်း**

၄။ ဤမဟာဗျူဟာစီမံချက်ပြုစုရေးအတွက် မြန်မာနိုင်ငံလူမှုကာကွယ်စောင့်ရှောက်ရေး အဓိပ္ပာယ် ဖော်ပြချက်ကို TSG က ဆွေးနွေးချမှတ်ခဲ့ပါသည်။

၅။ မြန်မာ့လူမှုကာကွယ်စောင့်ရှောက်ရေးဆိုသည်မှာ လူတစ်ဦးချင်းစီနှင့် အိမ်ထောင်စုများအား စီးပွားရေးနှင့် လူမှုရေးအန္တရာယ်ကျရောက်နိုင်မှုများမှ ကြိုတင်ကာကွယ်ပေးရေး၊ အခြေခံ ဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံများ၊ စီးပွားရေးအခွင့်အလမ်းများအား မြှင့်တင်ပေးရေး၊ ရုတ်တရက်ဝင်ငွေဆုံးရှုံးမှုများနှင့် အရေးပေါ် အခြေအနေများကြောင့် ဖြစ်ပေါ်လာသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အခက်အခဲ အကျပ်အတည်းများအား စီမံဖြေရှင်းနိုင်ရေး စသည်တို့ကို အစိုးရက မူဝါဒ၊ လုပ်ထုံးလုပ်နည်း၊ အစီအမံများဖြင့် စနစ်တကျ ချမှတ်ဆောင်ရွက်ပေးသော လုပ်ငန်းစဥ်တစ်ရပ် ဖြစ်ပါသည်။

၆။ ဤအဓိပ္ပာယ်ဖော်ပြချက်တွင် လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်ပတ်သက်၍ ပညာရေးနှင့် ကျန်းမာရေး ကဲ့သို့သော အခြားလူမှုရေး မူဝါဒအပိုင်းများမှ ခွဲခြားဖော်ပြထားပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးသည် အထွေထွေလူမှုရေး မူဝါဒအတွက် ဖြည့်ဖက်ဖြစ်ပုံနှင့် ပံ့ပိုးမှုပေးနိုင်ပုံတို့ကိုလည်း ဖော်ပြပါသည်။ (ဥပမာ- ကျောင်းတက်နှုန်း မြင့်မားစေသည့် အစီအစဥ်များ သို့မဟုတ် ကျန်းမာရေးဌာနသို့ သွားရောက်မှု များပြားစေရန် အားပေးသည့် အစီအမံများ ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။)

**လူမှုကာကွယ်စောင့်ရှောက်ရေးအပိုင်းကဏ္ဍလေးရပ်**

၇။ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက်တွင် အဓိကအပိုင်းကဏ္ဍလေးရပ်ကို ဖော်ပြထားပါသည်-

(က) **ကာကွယ်စောင့်ရှောက်မှုပေးသောလူမှုကာကွယ်စောင့်ရှောက်ရေး။** မဟာဗျူဟာစီမံချက်သည် ဘဝရပ်တည်ရန်ခက်ခဲသော၊ အန္တရာယ်ကျရောက်လွယ်သော အုပ်စုများအား စီးပွားရေးနှင့် လူမှုရေးချို့တဲ့မှုမှ သက်သာရာရစေရန်နှင့် ဆင်းရဲနွမ်းပါးမှုနှင့် ဘဝရပ်တည်ရန် ခက်ခဲမှု/အန္တရာယ်ကျရောက်လွယ်မှုကို လျော့နည်းကျဆင်းစေရန် လုပ်ငန်းအစီအစဉ်များကို အဓိကထားပါသည်။ ယင်းလုပ်ငန်းအစီအစဉ်များတွင် အခြေခံလူမှုရေးဝန်ဆောင်မှုများ၊ လုပ်ငန်းအစီအစဉ်များ၊ လူမှုရေးအကူအညီပေးအပ်သော အစီအစဉ်များ၊ လူမှုရေးအာမခံ အစီအစဉ်များနှင့် အများပြည်သူ အလုပ်အကိုင်ရရှိရေး အစီအစဉ်များ ပါဝင်ပါသည်။

( ခ) **ကြိုတင်ကာကွယ်သော လူမှုကာကွယ်စောင့်ရှောက်ရေး။** အန္တရာယ်ကျရောက်နိုင်မှုများနှင့် ထိခိုက်မှုများကို တားဆီးကာကွယ်ရေးနှင့် ထိခိုက်မှု ဖြစ်ပွားပြီးနောက် ဝင်ငွေဆုံးရှုံးမှု နည်းပါးသက်သာစေရေး အစီအမံများ ဆောင်ရွက်ခြင်းတို့ကို မဟာဗျူဟာစီမံချက်တွင် အဓိကလုပ်ငန်းတစ်ရပ်အဖြစ် ထည့်သွင်းထားပါသည်။ ကြိုတင်ကာကွယ်သော လူမှုကာကွယ်စောင့်ရှောက်ရေးတွင် အခြေခံလူမှုရေးဝန်ဆောင်မှုများကိုရရှိနိုင်မှု၊ ဝင်ငွေလုံခြုံမှု၊ လုပ်ငန်းအမျိုးမျိုး လုပ်ဆောင်နိုင်မှု၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့် ကျန်းမာရေးလုံခြုံမှုတို့ ပါဝင်ပါသည်။

( ဂ) **မြှင့်တင်ပေးသော လူမှုကာကွယ်စောင့်ရှောက်ရေး။** မဟာဗျူဟာစီမံချက်သည် လူသားအရင်းအနှီးဖွံ့ဖြိုးရေးနှင့် လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲနိုင်စွမ်းကို အားပေးမြှင့်တင်ပါသည်။ အိမ်ထောင်စုများအနေဖြင့် လူသားအရင်းအနှီး ဖွံ့ဖြိုးရေးနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှု စွမ်းအားတိုးမြှင့်ရေးတွင် ပိုမို၍ ရင်းနှီးမြှုပ်နှံနိုင်မည် ဖြစ်ပါသည်။

(ဃ) **အသွင်ပြောင်း လူမှုကာကွယ်စောင့်ရှောက်ရေး။** မဟာဗျူဟာ စီမံချက်တွင် သာတူညီမျှရှိရေးနှင့် လူမှုရေးစုစည်းညီညွတ်မှုကို လူမှုစီးပွားရေးဖွံ့ဖြိုးမှုနှင့်တကွ အဓိက လုပ်ငန်းအဖြစ် ဆောင်ရွက်ရေး ပါဝင်ပါသည်။

## မဟာဗျူဟာစီမံချက်ပြုစုရာတွင် အသုံးပြုသောစံနှုန်းများ

၈။ မဟာဗျူဟာစီမံချက်ပြုစုနေစဉ်တွင် အောက်ဖော်ပြပါစံနှုန်းများကို အသုံးပြုလျက် မြန်မာနိုင်ငံအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး အဓိကဦးစားပေးအစီအစဉ်များကို ဖော်ထုတ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ပင်မလုပ်ငန်းများကို အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းများ ပါဝင်မည် ဖြစ်ပါသည် -

(က) **ဖြည့်ဖက်ဖြစ်ခြင်း**။ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက်သည် နိုင်ငံတော်အစိုးရ၏ အခြားသောလုပ်ငန်းအစီအစဉ်များအား ဖြည့်ဖက်ဖြစ်ရန်နှင့် ပံ့ပိုးမှုပေးရန် ရည်ရွယ်ပါသည်။ လုပ်ငန်းများထပ်နေခြင်း၊ လုပ်ငန်းတစ်ခုတည်းကို တစ်ကြိမ်မက ဆောင်ရွက်မိခြင်းများကို ရှောင်ရှားရန် ဖြစ်ပါသည်။

(ခ) **သက်ရောက်မှု**။ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးသူများနှင့် ဘဝရပ်တည်ရန် ခက်ခဲသူများထံ ရောက်ရှိရေး ကုန်ကျစရိတ်နှင့် နှိုင်းစာလျှင် အထိရောက်ဆုံး သက်ရောက်မှုရှိစေနိုင်မည့် လုပ်ငန်းအစီအစဉ်များကို မဟာဗျူဟာစီမံချက်တွင် ထင်ရှားစွာ အတိအလင်း ဖော်ပြထားပါသည်။

(ဂ) **သာတူညီမျှမှုနှင့် လုပ်ငန်းဆောင်ရွက်နိုင်သည့် အတိုင်းအတာ**။ မဟာဗျူဟာစီမံချက်တွင် သာတူညီမျှချဉ်းကပ်ပုံဖြင့် ဆောင်ရွက်နိုင်ရေး ထည့်သွင်းဖော်ပြထားပါသည်။ ဖြစ်နိုင်သည့်နေရာတိုင်းတွင် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ၊ ဖြေရှင်းဆောင်ရွက်မှုများနှင့် ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးရန် ကြိုးပမ်းပါမည်။ ဤသို့ဖြင့် မြန်မာနိုင်ငံတွင် လူမှုရေးကဏ္ဍများ၌ အများပါဝင်နိုင်မှုကို ပံ့ပိုးမှုပေးပါမည်။

(ဃ) **ရေရှည်ဆောင်ရွက်နိုင်မှု**။ မဟာဗျူဟာစီမံချက်တွင် ဘဏ္ဍာရေးအရ ဖြစ်နိုင်ခြေရှိမည်ဖြစ်သော ဆောင်ရွက်မှုနည်းလမ်းများကို အကျဉ်းဖော်ပြထားပါသည်။ ဥပမာ - အချို့ အစီအစဉ်များကို အချိန်ကာလအလိုက် အဆင့်ဆင့်တိုးမြှင့်ဆောင်ရွက်ခြင်း၊ အရေးကြီးဆုံး လုပ်ငန်းအစီအစဉ်များကို ဦးစွာစတင်လုပ်ဆောင်ခြင်းတို့ ဖြစ်ပါသည်။

(င) **ခြုံငုံကိုင်တွယ်ဖြေရှင်းပုံ။** မဟာဗျူဟာစီမံချက်တွင် ခြုံငုံကိုင်တွယ်ဖြေရှင်းပုံကို အသုံးပြုပါသည်။ လူပုဂ္ဂိုလ်များနှင့် မိသားစုများသည် ပုံမှန်အားဖြင့် အမျိုးမျိုး ကွဲပြားခြားနားပြီး ရှုပ်ထွေးသော အပိုင်းကဏ္ဍ အများအပြားနှင့်သက်ဆိုင်သည့် အန္တရာယ်ကျရောက်နိုင်မှုများ၊ ဘဝရပ်တည်ရန်ခက်ခဲခြင်းများကို ရင်ဆိုင်ရတတ် ပါသည်။ ဤသို့သော ဖြစ်စဥ်များအတွက် ဖြစ်ရပ်စီမံခန့်ခွဲမှုနှင့် ရည်ညွှန်း ပို့လွှတ်သော နည်းလမ်းများကို အသုံးပြုနိုင်သော လူမှုဝန်ထမ်း ကျွမ်းကျင် ပညာရှင် အစုအဝေးတစ်ရပ် အချိန်ကာလတစ်ခုအတွင်း ပေါ်ပေါက်လာစေရေး ဆောင်ရွက်သွားပါမည်။

(စ) **ဘဝသက်တမ်းအဆင့်ဆင့်။** မဟာဗျူဟာစီမံချက်တွင် မွေးဖွားချိန်မှ သက်ကြီး ရွယ်အိုအထိ ဘဝသက်တမ်းတစ်လျှောက် အဆင့်အားလုံးတွင် ဖြစ်ပွားသော မတူညီသည့် အန္တရာယ်ကျရောက်နိုင်မှုများနှင့် ဘဝရပ်တည်ရန်ခက်ခဲမှုများကို အသိအမှတ်ပြုပြီး ဖြေရှင်းဆောင်ရွက်သွားပါမည်။

(ဆ) **ပြည်သူဗဟိုပြုဆောင်ရွက်ခြင်း။** မဟာဗျူဟာစီမံချက်သည် လူ့အဖွဲ့အစည်းအတွင်း ဆင်းရဲနွမ်းပါးသူများနှင့် ဘဝရပ်တည်ရန်ခက်ခဲသူများကို စွမ်းဆောင်ရည် ရှိစေ ရေးနှင့် ယင်းတို့အနေဖြင့် အရင်းအမြစ်များနှင့် အခွင့်အရေးများကို ရယူနိုင်စေ ရေးတို့အတွက် မြန်မာနိုင်ငံ၏ လူမှုရေးစံနှုန်းများအပေါ် အခြေခံ၍ ပြည်သူ ဗဟိုပြုနည်းလမ်းဖြင့် ဆောင်ရွက်သွားပါမည်။

(ဇ) **သက်သေအထောက်အထား အခြေပြုဖြစ်ခြင်း။** မဟာဗျူဟာစီမံချက်တွင် ကမ္ဘာတစ်ဝန်းနှင့် ဒေသအတွင်းဆောင်ရွက်နေမှုများ၏ အားသာ/အားနည်းချက် များအား အကဲဖြတ်သုံးသပ်သော ချဉ်းကပ်ပုံများကို ထင်ရှားပေါ်လွင်စွာ ဖော်ပြ ထားပါသည်။ အဆိုပါ သတင်းအချက်အလက် အထောက်အထားများနှင့် နိုင်ငံတွင်း ဆောင်ရွက်နိုင်မှုများအပေါ် အခြေခံ၍ မြန်မာနိုင်ငံနှင့်သင့်လျော်သော အောင်မြင် စွာ အကောင်အထည်ဖော်နိုင်မည့် ချဉ်းကပ်ပုံများ ပါဝင်မည် ဖြစ်ပါသည်။

(ဈ) **ကျား-မအခန်းကဏ္ဍကို အလေးပေးဆောင်ရွက်ခြင်း။** မဟာဗျူဟာစီမံချက်သည် ကျား-မအခန်းကဏ္ဍနှင့်စပ်လျဥ်းသည့် အချက်အလက်နှင့် ကိန်းဂဏန်းများ အပေါ် အခြေပြုထားပါသည်။ မိန်းကလေးများနှင့် အမျိုးသမီးများအပေါ်


အရေးပါသောနည်းလမ်းဖြင့် အကျိုးပြုမည့် လုပ်ငန်းအစီအစဉ်များ ပါဝင်ပါသည်။

(ည) **ပြောင်းလွယ်ပြင်လွယ်ရှိခြင်းနှင့်လိုက်လျောညီထွေလုပ်ဆောင်နိုင်ခြင်း။** ဤမဟာဗျူဟာစီမံချက်တွင် ပုံမှန်သတင်းအချက်အလက်နှင့် ကိန်းဂဏန်းများ စုဆောင်းရေး၊ စီမံခန့်ခွဲမှုနှင့် အကဲဖြတ်သုံးသပ်ခြင်းများ အရေးကြီးပုံကို ထင်ရှားသိသာစေရန် ဖော်ပြထားပါသည်။ နောင်အခါတွင် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များကို ထိရောက်စွာပြင်ဆင်နိုင်ရန်နှင့် အားဖြည့်နိုင်ရန် ဖြစ်ပါသည်။

**ကလေးသူငယ်ကို ဦးတည်အလေးပေးသော်လည်း အသက်အရွယ်အားလုံးအတွက်ဖြစ်ခြင်း**

၉။ လူမှုကာကွယ်စောင့်ရှောက်ရေးသည် ကလေးသူငယ်ကို ဦးတည်အလေးပေးရမည်ဖြစ်ကြောင်း မြန်မာ့လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်တွင် အသိအမှတ်ပြုပါသည်။ အသက်အရွယ် အငယ်ဆုံးအချိန်တွင် လူမှုကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ပေးခြင်းဖြင့် ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးကျေးဇူး ပြန်လည်ရရှိသည့် အတိုင်းအတာ အများဆုံးဖြစ်ကြောင်း နိုင်ငံတကာသက်သေ အထောက်အထားများကိုလည်း အသိအမှတ်ပြုပါသည်။ (နိုဗယ်ဆုရှင် ဂျိမ်းစ်ဟက်မင်း James Heckman ၏ သုတေသနကို အကျဉ်းချုပ်ဖော်ပြသောပုံကိုကြည့်ပါ။) ကိုယ်ကာယနှင့် ဦးနှောက်ဖွံ့ဖြိုးမှုမှာ ငယ်ရွယ်စဉ်တွင် အလွန်လျင်မြန်ပါသည်။ ကလေးသူငယ်များ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် နောင်အခါဘဝတွင် အောင်မြင်မှုရရှိရန် အခြေခံအုတ်မြစ် ဖြစ်နိုင်ပါသည်။ (ပညာရေးပိုင်းစွမ်းဆောင်နိုင်မှုနှင့် အထွေထွေကျန်းမာရေးအခြေအနေတို့ ပါဝင်ပါသည်။) အကျဉ်းအားဖြင့် ယနေ့ကလေးသူငယ်များသည် မြန်မာနိုင်ငံ၏ အနာဂတ်ဖြစ်ပါသည်။ ကလေးသူငယ်များ သာယာဝပြောရေး ဆောင်ရွက်ခြင်းဖြင့် ကာလရှည်ကြီးထွားမှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုပါမည်။

**ပုံ (၁) - အသက်အရွယ်အလိုက် အကျိုးဖြစ်ထွန်းမှု နှုန်းထားများ**




ရည်ညွှန်းချက် Heckman (၂၀၀၇)

၁၀။ တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံမှ ကလေးသူငယ်များသည် သီးခြားစီနေထိုင်ခြင်း မဟုတ်ဘဲ မိသားစုများနှင့်ရပ်ရွာများဟူသော ပိုမိုကျယ်ပြန့်သည့် ကွန်ရက်များတွင် ပါဝင်ကြသည်သာ ဖြစ်ပါသည်။ မိသားစုတွင်းရှိ အရွယ်ရောက်သူများက ကလေးသူငယ်များအတွက် လုံလောက်သော အာဟာရနှင့် ပြုစုစောင့်ရှောက်မှု ဖြည့်ဆည်းမပေးနိုင်ပါက ကလေးသူငယ်များ ကောင်းစွာ၊ ကျန်းမာသန်စွမ်းစွာ ကြီးပြင်းလာနိုင်မည်မဟုတ်ပါ။ သက်ကြီးရွယ်အိုများသည် မြန်မာ့မိသားစုဘဝနှင့် လူ့အဖွဲ့အစည်းအတွင်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သူများ ဖြစ်ပြီး ၎င်းတို့နေထိုင်ရာရပ်ရွာအတွင်း အရေးပါသော အရင်းအမြစ်များဖြစ်ပါသည်။

၁၁။ ထို့ကြောင့် ဤမဟာဗျူဟာစီမံချက်တွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးကို နိုင်ငံအတွက် တန်ဖိုးကိုယ်စီရှိသူများ၊ လူ့အဖွဲ့အစည်းကို တစ်နည်းတစ်ဖုံ အကျိုးပြုသူများအဖြစ် အသိအမှတ်ပြုပါသည်။ ရပ်ရွာတွင် နေထိုင်သူအချို့မှာ အလွန်အမင်း ဆင်းရဲချို့တဲ့နေပါက သို့မဟုတ် သဘာဝဘေးများနှင့် ထိခိုက်မှုများကို ရင်ဆိုင်နေရပါက အားလုံးကို ထိခိုက်သည်သာ ဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းအစီအစဉ်တွင် လူမှုကာကွယ်စောင့်ရှောက်ရေးကို ဦးစားပေးအစီအစဉ်တစ်ရပ်အဖြစ် ဆောင်ရွက်ခြင်း

၁၂။ မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် စီးပွားရေး ပြုပြင်ပြောင်းလဲသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်လျက်ရှိရာ ၎င်းနှင့် တစ်ဆက်တစ်စပ်တည်း လူမှုရေးမူဝါဒဆိုင်ရာ အမျိုးသားအဆင့် ဆွေးနွေးမှုများ ပေါ်ပေါက်လာပါသည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ကြီးထွားမှုနှင့် ထိရောက်သော စီးပွားရေးပိုင်းအုပ်ချုပ်မှုတို့ကို မြှင့်တင်ရန် အစီအမံများ ပါဝင်ပါသည်။ ယင်းတို့ကို အချိန်ကာလတစ်ခုအထိ ဆောင်ရွက်ခြင်းဖြင့် အိမ်ထောင်စုဝင်ငွေများ တိုးမြင့်လာပြီး ဘဏ္ဍာရေးဝင်ငွေထွက်ငွေမျှတမှုကို ပံ့ပိုးပေးလျက် ဈေးနှုန်းတည်ငြိမ်မှုရရှိပါမည်။ အစီအစဉ်တွင် အများပါဝင်နိုင်သော ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးချဉ်းကပ်ပုံ ပါဝင်ပါသည်။ ယင်းချဉ်းကပ်ပုံတွင် လူတိုင်းအတွက် လုံလောက်သော ဝင်ငွေရရှိရေး၊ အာဟာရပြည့်ဝရေး၊ ပညာသင်ကြားနိုင်ရေး၊ ကျန်းမာရေးဝန်ဆောင်မှုများ ရရှိရေးကဲ့သို့သော အခြေခံလိုအပ်ချက်များ ပြည့်မီစေရန် ဆောင်ရွက်မည့် လူမှုရေးမူဝါဒများ လိုအပ်ကြောင်း အသိအမှတ်ပြု ဖော်ပြထားပါသည်။ ဤ အများပါဝင်သော ချဉ်းကပ်ပုံကို အသုံးပြုခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး ကုန်ထုတ်စွမ်းအား မြင့်မားသော အလုပ်သမား အင်အားစုရှိလာပြီး စီးပွားရေးလုပ်ငန်းများကို တွန်းအားပေးနိုင်ပါမည်။ လူမှုရေးစုစည်းညီညွတ်မှု၊ လူတစ်ဦးချင်းနှင့် ရပ်ရွာသာယာဝပြောမှုတို့ကိုလည်း အထောက်အကူပြုပါမည်။

၁၃။ အခြားနိုင်ငံများ အားလုံးမှာကဲ့သို့ပင် ဝင်ငွေနည်းပါးသူနှင့် ဝင်ငွေနည်းပါးသူ မဟုတ်သူများအကြား အရင်းအမြစ် ရရှိမှုများစွာ မတူညီကြောင်း ဤမဟာဗျူဟာစီမံချက်တွင် အသိအမှတ်ပြုပါသည်။ အစိုးရများအနေဖြင့် အဆင်းရဲဆုံးနှင့် ဘဝရပ်တည်ရန် အခက်ခဲဆုံးသူများ၏ လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းပေးနိုင်ရန် အရင်းအမြစ်များကို ပြန်လည်ညှိနှိုင်း ဖြန့်ဖြူးပေးရန် အခန်းကဏ္ဍတစ်ရပ် ပါဝင်ရပါမည်။ နိုင်ငံအတွင်း လူမှုကာကွယ်စောင့်ရှောက်ရေးကို ပံ့ပိုးမှုပေးရန်နှင့် အားကောင်းစေရန် ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ၏ လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ်ပေးရာတွင်လည်း အစိုးရများသည် ထိရောက်သော အခန်းကဏ္ဍမှ ပါဝင်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များ မကြာခဏ ဖြစ်ပွားလေ့ရှိရာ ထိရောက်သော လူမှုကာကွယ်စောင့်ရှောက်ရေး မူဝါဒများ ချမှတ်ထားရှိခြင်းဖြင့် သဘာဝဘေး

အန္တရာယ်များနှင့် အရေးပေါ်အခြေအနေများအတွက် ရပ်ရွာလူထု၏ ကြံ့ကြံ့ခံနိုင်မှု မြှင့်တင်ခြင်းနှင့် တုံ့ပြန်ခြင်းများကို အထောက်အကူပြုနိုင်ပါသည်။

၁၄။ ထို့ကြောင့် ဤလူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်သည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုများ မူဘောင်တွင် အကျဉ်းဖော်ပြထားပြီး အမျိုးသား အဆင့် ဘက်စုံဖွံ့ဖြိုးရေးမျှော်မှန်းချက်နှင့် အမျိုးသားဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းတို့တွင် ထင်ဟပ် ပါဝင်သော မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှုများမူဘောင် (FESR) ကိုလည်း ဖြည့်ဖက်ဖြစ်ပြီး အားကောင်းစေပါမည်။ ဤမဟာဗျူဟာစီမံချက်သည် မြန်မာနိုင်ငံ ကျေးလက် ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာ၊ ကျန်းမာရေးမဟာဗျူဟာ၊ ပညာရေးမဟာဗျူဟာတို့နှင့် လိုက်လျော ညီထွေမှု ရှိပါသည်။ ယင်းမဟာဗျူဟာများ အားလုံးသည်လည်း ဆင်းရဲမှု နည်းပါးသက်သာ စေရေးနှင့် အခွင့်အလမ်းများ တိုးမြှင့်ရရှိစေရေးအတွက် အများပါဝင်သော နည်းလမ်းများကို အဓိကထား ဆောင်ရွက်ပါသည်။ ထို့အပြင် ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ် များနှင့်လည်း အပြည့်အဝ လိုက်လျောညီထွေမှု ရှိပါသည်။

### အမျိုးသားအဆင့်လူမှုကာကွယ်စောင့်ရှောက်ရေးအစည်းအဝေး (၂၀၁၂ ခုနှစ်)

၁၅။ မြန်မာနိုင်ငံအတွင်း လူမှုကာကွယ်စောင့်ရှောက်ရေးကို ၂၀၁၂ ခုနှစ်အတွင်း ကျင်းပ ပြုလုပ်ခဲ့သော "လူမှုကာကွယ်စောင့်ရှောက်ရေး အစည်းအဝေး" (Conference on Social Protection)တွင် အမျိုးသားအဆင့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။ ယင်းအစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနတို့က အခြားသော တာဝန်ခံ ဝန်ကြီးဌာနများ၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုဗဟိုဌာန၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးရေး အရင်းအမြစ် အဖွဲ့၊ ယူနီဆက်တို့နှင့် ပူးပေါင်းလျက် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးကို နိုင်ငံတော် သမ္မတက ဖွင့်လှစ်ပေးခဲ့ပြီး ဆင်းရဲမှု၊ အန္တရာယ်ကျရောက်နိုင်မှုနှင့် ဘဝရပ်တည်ရန် ခက်ခဲမှု တို့ကို နည်းပါးသက်သာစေရန်နှင့် လူမှုရေးသာတူညီမျှမှုနှင့် အများပါဝင်နိုင်မှုကို အားပေး မြှင့်တင်ရန် လူမှုကာကွယ်စောင့်ရှောက်ရေးက အထောက်အကူပြုနိုင်ပုံများကို ထင်ရှားပေါ်လွင် စေမည့် ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်း အတွေ့အကြုံများကို ဆွေးနွေးခဲ့ပါသည်။ လူမှုကာကွယ် စောင့်ရှောက်ရေး အဆင့်မြင့် ကော်မတီတစ်ရပ်ကို တည်ထောင်သင့်ကြောင်း၊ လွန်ခဲ့သော (၂) နှစ်က

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အဖွဲ့အစည်းဌာနများ ပါဝင်သည့် အစုအဖွဲ့က စတင်ဆောင်ရွက်ခဲ့သော နည်းပညာပိုင်း လုပ်ငန်းဆောင်ရွက်မှုကို ဆက်လက် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း အစည်းအဝေးတွင် ဆွေးနွေးရရှိခဲ့ပါသည်။

နိုင်ငံတော်သည် မိခင်နှင့်ကလေးသူငယ်များ၊ မိဘမဲ့ကလေးများ၊ ကျဆုံးသော တပ်မတော်သားများ၏ ကလေးများ၊ အိုမင်းမစွမ်းသူများ၊ မသန်စွမ်းသူများအား ကြည့်ရှုစောင့်ရှောက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)
အပိုဒ် ၃၂

## စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှုများမူဘောင်

၁၆။ ပထမအကြိမ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေး ဖိုရမ်အစည်းအဝေးသို့ တင်သွင်းသော ၂၀၁၃ ခုနှစ် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့်လူမှုရေး ပြုပြင်ပြောင်းလဲမှုများ မူဘောင် (FESR) တွင် လူမှုကာကွယ်စောင့်ရှောက်ရေးကို ထင်ရှားစွာ ဖော်ပြထားပါသည်။ „မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ဆင်းရဲနွမ်းပါးခြင်းနှင့် စားနပ်ရိက္ခာမဖူလုံခြင်း သံသရာကို လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များဖြင့် ရပ်တန့်ဖျက်သိမ်းနိုင်မည်ဖြစ်ကြောင်း၊ ယင်းရင်းနှီးမြှုပ်နှံဆောင်ရွက်မှုများ စတင်နိုင်ရန်နှင့် တိုးချဲ့ဆောင်ရွက်ရန် ပြည်တွင်းရှိ အရင်းအမြစ်များကို နှိုးဆော်ရေးမှာ အရေးပါကြောင်း" FESR တွင် ဖော်ပြထားပါသည်။ အထူးသဖြင့် မညီမျှမှုများကိုဖြေရှင်းခြင်း၊ လူသားအရင်းအနှီးနှင့် ဖွံ့ဖြိုးရေး အားကောင်းစေခြင်းတို့တွင် လူမှုကာကွယ်စောင့်ရှောက်ရေး၏ အရေးပါပုံကို ထင်ရှားစွာ ဖော်ပြထားပါသည်။

၁၇။ ထို့ကြောင့် FESR တွင် ဖွံ့ဖြိုးမှုနှင့် လူမှုကာကွယ်စောင့်ရှောက်မှုတို့ကို အပြန်အလှန် ပံ့ပိုးမှုပေးသည်ဟု ရှုမြင်ပါသည်။ ဆင်းရဲနွမ်းပါးမှုဖြစ်ပွားခြင်းကို လျှော့ချရန်နှင့် ဆင်းရဲနွမ်းပါးမှုအဆင့်ကို လျှော့ချရန် ယင်းနှစ်ရပ်စလုံး လိုအပ်ပါသည်။ FESR တွင် ပါဝင်သော လူမှုကာကွယ်စောင့်ရှောက်ရေး ချဉ်းကပ်ပုံတွင် အားလုံးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရာ၌လည်းကောင်း၊ တစ်ချိန်တည်းမှာပင် လူ့အဖွဲ့အစည်းအတွင်း ဘဝရပ်တည်ရန်

အခက်ခဲဆုံးသူများအား အကူအညီ တိုးမြှင့်ပေးရာ၌လည်းကောင်း နိုင်ငံတော်၏ အခန်းကဏ္ဍကို အားကောင်းစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မိသားစုနှင့် ရပ်ရွာကွန်ရက်များကို ပံ့ပိုးမှု တိုးမြင့်လာမည် ဖြစ်ပါသည်။

၁၈။ နိုင်ငံတော်အစိုးရမှ FESR အပါအဝင် မူဝါဒများ ချမှတ်မှုအရ ပညာရေးအသုံးစရိတ်နှင့် ကျန်းမာရေးအသုံးစရိတ်များ သိသိသာသာ တိုးမြှင့်သုံးစွဲလျက်ရှိပါသည်။ ယင်းသို့ တိုးမြှင့် သုံးစွဲခြင်းမှာ ဝန်ဆောင်မှုများ ပိုမိုရရှိနိုင်စေရန်နှင့် အရည်အသွေး မြင့်မားလာစေရန်အတွက် သာမက မြန်မာနိုင်ငံ ရေရှည်တိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်သော လူသားအရင်းအနှီး ဖွံ့ဖြိုးမှုရရှိလာစေရန် ရည်ရွယ်ပါသည်။ ယင်းအစီအမံများတွင် အခမဲ့မူလတန်းပညာ သင်ကြား နိုင်ရေး ဖြည့်ဆည်းပေးခြင်း၊ ကျန်းမာရေးအတွက် ဘဏ္ဍာငွေကြေး ထောက်ပံ့သည့် အစီအစဉ် သစ်များ တည်ထောင်ခြင်း၊ မိခင်နှင့်ကလေး ကျန်းမာရေး အခမဲ့ ပြုစုစောင့်ရှောက်မှုပေးခြင်းနှင့် ယင်းကဏ္ဍများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ၏ ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည် မြင့်မားလာစေခြင်းတို့ ပါဝင်ပါသည်။

၁၉။ FESR တွင် လူမှုကာကွယ်စောင့်ရှောက်ရေးကို စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲ မှုများအတွက် ဖြည့်ဖက်ဖြစ်ရန် မျှော်မှန်းပါသည်။ ဥပမာ - ပညာသင်ထောက်ပံ့ကြေး အစီအစဉ် သစ်များ ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲနွမ်းပါးသော ကလေးသူငယ်များ မူလတန်းပညာနှင့် အလယ်တန်း၊ အထက်တန်းပညာ တက်ရောက်သင်ကြားမှု များပြားလာပြီး ကျောင်းတက်မှန် လာစေရန် ဖြစ်ပါသည်။ ကျန်းမာရေးကဏ္ဍတွင် နိုင်ငံတော်အစိုးရက „အားလုံးအတွက် ကျန်းမာရေး" ချဉ်းကပ်ပုံဖြင့် ဆောင်ရွက်လျက်ရှိရာ ကျေးလက်ဒေသ အခြေခံကျန်းမာရေး ပြုစုစောင့်ရှောက်မှု၊ မိခင်နှင့်ကလေးကျန်းမာရေး၊ ကူးစက်ရောဂါထိန်းချုပ်မှုများကို အားကောင်း စေလျက် ဝန်ဆောင်မှုများ ရယူအသုံးပြုနိုင်မှု မြင့်မားလာစေရန် အစီအမံများအတွက် ဘဏ္ဍာ ငွေကြေး ထောက်ပံ့သည့် အစီအစဉ်များ စတင်ဆောင်ရွက်ပါမည်။

၂၀။ မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများ၏ အတွေ့အကြုံများမှ လေ့လာသင်ယူရန် အရေးကြီးကြောင်း FESR တွင် ဖော်ပြထားပါသည်။ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် ၂၀၁၄ ခုနှစ် လူမှုကာကွယ်စောင့်ရှောက်ရေးသင်တန်း အလုပ်ရုံဆွေးနွေးပွဲအတွက် ကြောင်းကျိုး ဖော်ပြချက်တွင် ယင်းအချက်လည်း ပါဝင်ပါသည်။ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်

ရေးစနစ်အတွက် စိတ်ဝင်စားဖွယ်ရာဖြစ်နိုင်သော ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းမှ ဥပမာများကိုလည်း အလုပ်ရုံဆွေးနွေးပွဲတွင် ထည့်သွင်းဆွေးနွေးခဲ့ပါသည်။

> "အမျိုးသမီးများ၊ ကလေးသူငယ်များ၊ ဘဝရပ်တည်ရန်ခက်ခဲသောအုပ်စုများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ အပါအဝင် စီးပွားရေးအရ အုပ်စုအသီးသီး၏ လိုအပ်ချက်များအပေါ် အခြေပြုသော လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်တစ်ရပ် မြန်မာနိုင်ငံတွင် လိုအပ်လျက် ရှိပါသည်။ ယင်းသို့သော စနစ်ချမှတ်နိုင်ရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနတို့က ဦးဆောင်သော လူမှုကာကွယ်စောင့်ရှောက်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး အဆင့်မြင့် အမျိုးသားအဆင့် ကော်မတီတစ်ရပ်ကို တည်ထောင်ပါမည်။ ဤကော်မတီသည် ဆင်းရဲနွမ်းပါးမှု နည်းပါးသက်သာစေရေးနှင့် မညီမျှမှုများ၊ လူမှုရေးမဝင်ဆံ့မှုများနှင့် အရေးပေါ်အခြေအနေများကို သင့်တင့်လျောက်ပတ်သော အာရုံစူးစိုက်မှုထားရှိလျက် အခွင့်အရေး အခြေပြု၊ အများပါဝင်နိုင်ပြီး စနစ်ကျသော မူဝါဒရေးဆွဲရေးကို ဦးတည်ဆောင်ရွက်ပါမည်။"
>
> စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲမှုများမူဘောင်

**ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး**

၂၁။ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး မဟာဗျူဟာတွင် ကျေးလက်ဒေသများ၌ ဆင်းရဲနွမ်းပါးမှု များပြားလျက်ရှိကြောင်း အသိအမှတ်ပြု ဖော်ပြထားပြီး ၂၀၁၅ ခုနှစ်နှင့် နောက်ပိုင်းနှစ်များတွင် ဆင်းရဲနွမ်းပါးမှုကို သိသာစွာ (၂၆% မှ ၁၅% သို့) လျှော့နည်းကျဆင်းစေရန် ရည်မှန်းထားပါသည်။ မဟာဗျူဟာတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းများကို ပံ့ပိုးမှုပေးရေးမှ အစပြု၍ ကျေးလက်ဒေသ သမဝါယမများနှင့် ချေးငွေလုပ်ငန်းများအထိ လုပ်ငန်းများ ကျယ်ပြန့်စုံလင်စွာ ဆောင်ရွက်လျက် စိုက်ပျိုးထုတ်လုပ်မှုကို မြှင့်တင်ရန် အဓိကထားပါသည်။

၂၂။ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှု မျဉ်းအောက်တွင် နေထိုင်ရသူ အရေအတွက် လျှော့နည်းကျဆင်းစေရန် တိုက်ရိုက်ဆောင်ရွက်သည့်အနေဖြင့် ငွေကျပ် (၂) သိန်းနှင့် (၃) သိန်းအကြား ဝင်ငွေရှိသော ဆင်းရဲနွမ်းပါးသူ လူဦးရေ (၁)သန်းအတွက် ၂၀၁၅-၂၀၁၆ ခုနှစ် နောက်ဆုံးထားလျက် ဝင်ငွေ ၅၀% တိုးမြင့်လာစေရန် မဟာဗျူဟာတွင် ရည်ရွယ်ပါသည်။ လုပ်ငန်းအစီအစဉ်ကို

ခရိုင်(၂၈)ခရိုင်တွင် ဆောင်ရွက်ရန်လျာထားပြီး ဗဟိုချုပ်ကိုင်မှုမပြုသည့် ရန်ပုံငွေ ဖြည့်ဆည်းပေးမှု အစီအမံဖြင့် လုပ်ဆောင်ပါမည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ထုတ်လုပ်မှုလုပ်ငန်းများ တိုးပွားလာမည်ဖြစ်သည့်အပြင် ဘဝရပ်တည်ရန်ခက်ခဲသော အုပ်စုများအတွက် အားလုံးအကျိုးခံစားခွင့်ရှိသည့် အစီအစဉ်များ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာကို ဖြည့်ဖက်အနေဖြင့် တည်ရှိမည် ဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစီမံချက်

၂၃။ မြန်မာနိုင်ငံသည် အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းစီမံချက်ကို အတည်ပြုပြီးဖြစ်ပါသည်။ ယင်းလုပ်ငန်းစီမံချက်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၁၂ ခုနှစ် ဇူလိုင်လ (၃)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ လုပ်ငန်းစီမံချက်၏ ရည်ရွယ်ချက်မှာ „„လူ့အသက်ဆုံးရှုံးမှုများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ရရှိပြီးသော ဖွံ့ဖြိုးမှုအရှိန်အဟုန်ကို အကာအကွယ်ပေးနိုင်ပြီး ပိုမိုဘေးကင်းလုံခြုံ၍ သဘာဝဘေးအန္တရာယ်များမှ ခံနိုင်ရည်ရှိသည့် မြန်မာနိုင်ငံဖြစ်လာစေရန်" ဖြစ်ပါသည်။ လုပ်ငန်းစီမံချက်တွင် မြန်မာနိုင်ငံ၏ သဘာဝဘေးကျရောက်နိုင်မှုဖော်ပြချက်အပြည့်အစုံကို အကျဉ်းချုပ်ထည့်သွင်းဖော်ပြထားပါသည်။ သဘာဝဘေးအန္တရာယ်များကို လျော့ပါးနိုင်စေရန် မြန်မာနိုင်ငံအနေဖြင့် ပိုမိုစွမ်းဆောင်နိုင်စေရန် ဆောင်ရွက်မည့် အစီအမံများကိုလည်း ခြုံငုံဖော်ပြထားပါသည်။

၂၄။ လုပ်ငန်းစီမံချက်တွင် အများပြည်သူ အလုပ်အကိုင်ရရှိရေး ဆောင်ရွက်ချက်များလည်း ပါဝင်ပြီး ထိခိုက်လွယ်သော နယ်မြေဒေသများတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ဆောင်မှုကို မြှင့်တင်ပေးပါမည်။ တစ်ချိန်တည်းတွင် သဘာဝဘေးအန္တရာယ် ကျရောက်လေ့ရှိသော ရပ်ရွာများ၏ သဘာဝဘေးအန္တရာယ်များမှ ကြိုတင်ကာကွယ်ရန် အသင့်ပြင်ဆင်ထားမှုနှင့် ခံနိုင်ရည်ရှိမှုကိုလည်း အားကောင်းစေပါမည်။ ဤမဟာဗျူဟာစီမံချက်သည် သဘာဝဘေးများ မဖြစ်ပွားမီ မိသားစုများနှင့် ရပ်ရွာပြည်သူလူထု၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို တိုးတက်ကောင်းမွန်စေခြင်းဖြင့်လည်းကောင်း၊ ရာသီအလိုက် သို့မဟုတ် ရာသီဥတုကြောင့်ဖြစ်သော အာဟာရမပြည့်ဝမှုကို ဖြေရှင်းနိုင်ရန် တစ်နှစ်ပတ်လုံး စားသုံးမှုကို လိုအပ်ချက်ထက်

မလျော့နည်းစေရန် ဖြည့်ဆည်းပေးခြင်းဖြင့်လည်းကောင်း၊ လိုအပ်သည့် နေရာများတွင် လူသားချင်း စာနာထောက်ထားမှု အထောက်အပံ့များပေးအပ်ရန် စွမ်းဆောင်ရည်ကို တည်ဆောက်ခြင်းဖြင့် လည်းကောင်း၊ သဘာဝဘေးများကြောင့် ရပ်ရွာတွင် ဖြစ်ပွားမည့် အန္တရာယ်များကို လျော့နည်း ကျဆင်းစေရန် အများပြည်သူ အလုပ်အကိုင် ရရှိရေးလုပ်ငန်းများကို ပံ့ပိုးမှုပေးခြင်းဖြင့် လည်းကောင်း ယင်းလုပ်ငန်းစီမံချက်အတွက်လည်း ဖြည့်ဖက်ဖြစ်ပါမည်။

**မြန်မာနိုင်ငံနှင့် ဒေသအဆင့်၊ တစ်ကမ္ဘာလုံးဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်စာချုပ်များ**

၂၅။ ဤလူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်သည် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်ထားသော အောက်ဖော်ပြပါ သဘောတူညီချက်၊ စာချုပ်စာတမ်းများအရ နိုင်ငံတကာ ကတိကဝတ်များကို အထူးပံ့ပိုးမှုပေးပါသည်-

(က) လူမှုကာကွယ်စောင့်ရှောက်မှု အားကောင်းစေရေး အာဆီယံကြေညာချက် (The ASEAN Declaration on Strengthening Social Protection)

( ခ) လူ့အခွင့်အရေးများဆိုင်ရာ အာဆီယံကြေညာချက် (The ASEAN Declaration of Human Rights)

( ဂ) မိသားစုအားကောင်းစေရေးဘရူနိုင်းဒါရူဆလမ်ကြေညာချက် - သက်ကြီးရွယ် အိုများကို ပြုစုစောင့်ရှောက်ရေး (The Brunei Darussalam Declaration on Strengthening Family Institution: Caring for the Elderly)

(ဃ) အာဆီယံအမျိုးသမီးများနှင့် ကလေးသူငယ်များ သာယာဝပြောမှုနှင့် ဖွံ့ဖြိုးမှု မြှင့်တင်ရေး ဟနွိုင်းကြေညာချက် (The Ha Noi Declaration on the Enhancement of Welfare and Development of ASEAN Women and Children)

( င) ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (The Convention on the Rights of the Child)

( စ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်း (The Convention on the Rights of Persons with Disabilities)

(ဆ) မသန်စွမ်းသူများ၏ အခန်းကဏ္ဍနှင့် ပါဝင်ဆောင်ရွက်မှု မြှင့်တင်ခြင်းဆိုင်ရာ ဘာလီကြေညာချက် (၂၀၁၁ ခုနှစ် မှ ၂၀၂၀ ခုနှစ်) (The Bali Declaration on the Enhancement of the Role and Participation of the Persons with Disabilities) (2011-2020)

(ဇ) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း (The Convention on the Elimination of All Forms of Discrimination Against Women)

(ဈ) တစ်ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးများ ကြေညာချက် (The Universal Declaration of Human Rights)

(ည) သက်ကြီးရွယ်အိုဆိုင်ရာ မက်ဒရစ်နိုင်ငံတကာလုပ်ငန်းစီမံချက် (The Madrid International Plan of Action on Aging)

(ဋ) အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ ကွန်ဗင်းရှင်း (၁၉)ရပ် (အချို့မှာ အတည်ပြုပြီး၊ အချို့မှာ ကျင့်သုံးလျက်ရှိ၊ အချို့မှာကျင့်သုံးရန်ရှိ)နှင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အမျိုးသားအဆင့် အခြေခံသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (၁၀၁) ကြိမ်မြောက် အလုပ်သမားဆွေးနွေးပွဲမှ အကြံပြုချက်

| |
|---|
| လူမှုကာကွယ်စောင့်ရှောက်ရေးသည် ပြည်သူလူထုတွင် ရင်းနှီးမြှုပ်နှံမှုပြုခြင်းဖြစ်ပြီး အခြေခံလိုအပ်ချက်များ ပြည့်မီစေရန် စွမ်းဆောင်နိုင်စေရေး လုံလောက်သော အရင်းအမြစ်များဖြင့် ပံ့ပိုးမှုပေးရပါမည်။<br>လူမှုကာကွယ်စောင့်ရှောက်ရေးအားကောင်းစေရေး အာဆီယံကြေညာချက်<br>(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ) |

## လူမှုကာကွယ်စောင့်ရှောက်ရေး အားကောင်းစေရေး အာဆီယံကြေညာချက်

၂၆။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလတွင် ဘရူနိုင်း ဒါရူဆလမ်၌ ကျင်းပပြုလုပ်ခဲ့သော (၂၃) ကြိမ်မြောက် အာဆီယံထိပ်သီးဆွေးနွေးပွဲတွင် လူမှုကာကွယ်စောင့်ရှောက်ရေး အားကောင်းစေရေးဆိုင်ရာ အာဆီယံကြေညာချက်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံ (၁၀) နိုင်ငံလုံးက အတည်ပြုခဲ့ရာ မြန်မာနိုင်ငံလည်း ပါဝင်ခဲ့ပါသည်။ လူသားဖွံ့ဖြိုးရေး၊ လူမှုဖူလုံရေးနှင့် လူမှုရေး မျှတမှုအတွက် အခွင့်အလမ်းများကို သာတူညီမျှရရှိရေး လိုအပ်ချက်နှင့် စပ်လျဉ်း၍ အာဆီယံပဋိညာဉ်တွင် ဖော်ပြထားသော ကတိကဝတ်များကို ကြေညာချက်တွင် လမ်းညွှန်အဖြစ် ခံယူပါသည်။ အာဆီယံတွင် ထောင်စုနှစ် ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရေးဆိုင်ရာ အာဆီယံ လမ်းပြမြေပုံတွင် အထင်အရှားဖော်ပြထားသည့် လူမှုကာကွယ်စောင့်ရှောက်မှု ဆောင်ရွက်ရေး ကတိကဝတ်နှင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဒေသအဆင့် ကျင်းပခဲ့သော အစည်းအဝေးများမှ တွေ့ရှိချက်များကိုလည်း ထင်ဟပ်ဖော်ပြထားပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ဘဝရပ်တည်ရန် ခက်ခဲသောအုပ်စုများအတွက် လူမှုရေးဝန်ဆောင်မှုများကို အားပေးမြှင့်တင်ရေး ဆိုင်ရာ ၂၀၁၂ ခုနှစ် ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲမှ အကြံပြုချက်များလည်း အပါအဝင် ဖြစ်ပါသည်။

၂၇။ အာဆီယံကြေညာချက်သည် အောက်ပါတို့ကို ပံ့ပိုးမှုပေးပါသည်-

(က) ဘဝသက်တမ်း အဆင့်ဆင့် ချဉ်းကပ်ပုံအပေါ် အခြေပြုပြီး အခြေခံဝန်ဆောင်မှု များကို လိုအပ်သလို ရရှိစေရေး ဆောင်ရွက်ပေးသော လူမှုကာကွယ်စောင့် ရှောက်ရေးကို သာတူညီမျှရရှိစေရေး၊

(ခ) အကျိုးခံစားသူများအတွက် အကောင်းဆုံးရလဒ်များ ရရှိနိုင်စေရန် လူမှု ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ပေးသည့် အတိုင်းအတာ၊ ရရှိနိုင်မှု၊ အရည်အသွေး၊ သာတူညီမျှမှုနှင့် ရေရှည်ဆောင်ရွက်နိုင်မှုတို့ကို မြှင့်တင် ပေးခြင်း၊

(ဂ) နိုင်ငံတော်အစိုးရ အရာရှိများ၊ ရပ်ရွာပြည်သူလူထုများ၊ ဝန်ဆောင်မှုဖြည့်ဆည်း ပေးသူများနှင့် အခြားသက်ဆိုင်ပါဝင်သူများ၏ ဒေသအဆင့်၊ အမျိုးသားအဆင့်နှင့် နယ်မြေခံအဆင့်တို့တွင် လူမှုကာကွယ်စောင့်ရှောက်ရေးကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်ကို အားကောင်းစေခြင်း၊

(ဃ) လူမှုကာကွယ်စောင့်ရှောက်ရေး မြင့်မားစေရန် မိသားစုနှင့် ရပ်ရွာအသိုက်အဝန်းကို အားကောင်းစေခြင်း၊

(င) လူမှုကာကွယ်စောင့်ရှောက်ရေးကို နိုင်ငံတော်အစိုးရ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ဝန်ဆောင်မှုဖြည့်ဆည်းပေးသူများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ ပါဝင်စေလျက် ကဏ္ဍပေါင်းစုံနှင့်သက်ဆိုင်သော ကိစ္စရပ်အဖြစ် ဆောင်ရွက်ခြင်း၊

၂၈။ ဤမဟာဗျူဟာစီမံချက်တွင် လူမှုကာကွယ်စောင့်ရှောက်ရေး အားကောင်းစေရေး အာဆီယံ ကြေညာချက်ပါ မူများကို ထည့်သွင်းရေးဆွဲထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ အားကောင်းစေရန် ဆောင်ရွက်နေသော အခြား အာဆီယံနိုင်ငံများနှင့် အတွေ့အကြုံများကို ဆက်လက်၍ဖလှယ်မည် ဖြစ်ပါသည်။


## မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု၊ အန္တရာယ်ကျရောက်နိုင်မှုနှင့် ဘဝရပ်တည်ရန် ခက်ခဲမှု

၂၉။ ဤမဟာဗျူဟာစီမံချက်တွင် ဆင်းရဲနွမ်းပါးမှုကို လူတစ်ဦးချင်း သို့မဟုတ် အိမ်ထောင်စုများသည် မိမိတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန် လုံလောက်သော အရင်းအမြစ်များ သို့မဟုတ် စွမ်းဆောင်ရည် မရှိခြင်းဟု အဓိပ္ပာယ်သတ်မှတ်ပါသည်။ ဆင်းရဲနွမ်းပါးမှုသည် အန္တရာယ်ကျရောက်နိုင်မှုနှင့် မတူညီပါ။ လူမှုကာကွယ်စောင့်ရှောက်ရေးနယ်ပယ်တွင် အန္တရာယ်ကျရောက်နိုင်မှုဆိုသည်မှာ ထိခိုက်သော အကျိုးဆက်များ ထွက်ပေါ်လာနိုင်သည့် အလားအလာဖြစ်ပါသည်။ ဘဝရပ်တည်ရန် ခက်ခဲမှုမှာ အိမ်ထောင်စုတစ်ခုသည် သက်ဆိုင်ရာ ညွှန်ပြချက်တစ်ခုတွင် သတ်မှတ်ထားသော လက်ခံနိုင်သည့် အနိမ့်ဆုံးအဆင့်အောက်သို့ ရောက်ရှိသွားပြီး ဆင်းရဲနွမ်းပါးမှုအတွင်း သက်ဆင်းကျရောက်ရန် အလားအလာ သို့မဟုတ် ဖြစ်နိုင်ခြေကို ဆိုပါသည်။ ဤမဟာဗျူဟာစီမံချက်တွင် ၎င်းနယ်ပယ် သုံးရပ်စလုံးကို ထည့်သွင်းထားပါသည်။ နယ်ပယ်တစ်ခုစီ၏ ထူးခြားသော သွင်ပြင်လက္ခဏာများနှင့် ထပ်နေသောနေရာများကိုလည်း ဖော်ပြထားပါသည်။

## မြန်မာနိုင်ငံတွင်ဆင်းရဲနွမ်းပါးမှုကိုဖော်ပြခြင်း


၃၀။ မြန်မာနိုင်ငံအတွက် ဆင်းရဲနွမ်းပါးမှုဖော်ပြချက်ကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ ပံ့ပိုးမှုဖြင့် ၂၀၁၁ ခုနှစ်၊ ဇွန်လတွင် ပြုစုပြီးစီးခဲ့ပါသည်။ ယင်းဖော်ပြချက်မှာ ၂၀၀၉ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံ အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း Integrated Household Living Conditions Assessment (IHLCA) အပေါ် အခြေခံပါသည်။ ဆင်းရဲနွမ်းပါးမှု သတ်မှတ်ချက်မျဉ်း နှစ်မျိုးကို ဖော်ထုတ်သတ်မှတ်ထားရာ စားနပ်ရိက္ခာဆင်းရဲနွမ်းပါးမှု သတ်မှတ်ချက်မျဉ်းမှာ အိမ်ထောင်စုတစ်စု၏ အနိမ့်ဆုံးကယ်လိုရီ လိုအပ်ချက်ဖြစ်ပါသည်။ အထွေထွေဆင်းရဲနွမ်းပါးမှု သတ်မှတ်ချက်မျဉ်းမှာ စားနပ်ရိက္ခာအပြင် စားနပ်ရိက္ခာမဟုတ်သော အသုံးစရိတ်များကိုပါ ထည့်သွင်းတွက်ချက်ထားသောမျဉ်း ဖြစ်ပါသည်။ စားနပ်ရိက္ခာဆင်းရဲနွမ်းပါးမှု သတ်မှတ်ချက်မျဉ်းသည် ဆိုးဆိုးဝါးဝါး ဆင်းရဲမှုဖြစ်နေသော အခြေအနေဖြစ်ပြီး အထွေထွေဆင်းရဲနွမ်းပါးမှု သတ်မှတ်ချက်မျဉ်း၏ ၇၃% ခန့်တွင် ရှိပါသည်။

၃၁။ IHLCA တွေ့ရှိချက်များအရ လူဦးရေ၏ ၅% ခန့်မှာ စားနပ်ရိက္ခာ ဆင်းရဲနွမ်းပါးမှု ကြုံတွေ့နေရပြီး ၂၆% ခန့်မှာ အထွေထွေဆင်းရဲနွမ်းပါးမှု ဖြစ်ပွားနေပါသည်။ စားနပ်ရိက္ခာ ဆင်းရဲနွမ်းပါးမှုသည် မြို့ပြမှာထက် ကျေးလက်ဒေသများတွင် ပိုမိုဖြစ်ပွားပါသည်။ မြို့ပြတွင် ဖြစ်ပွားမှု ၂.၅% နှင့် ကျေးလက်တွင် ၅.၆% ရှိပါသည်။ အထွေထွေ ဆင်းရဲနွမ်းပါးမှုသည်လည်း အလားတူပင် ဖြစ်ပြီး မြို့ပြတွင် ၁၅.၇%၊ ကျေးလက်တွင် ၂၉.၂% ရှိပါသည်။




ရည်ညွှန်းချက် - IHLCA (၂၀၁၀ ခုနှစ်)


၃၂။ ဆင်းရဲနွမ်းပါးမှုသည် နယ်မြေဒေသအလိုက် ကွာခြားချက် များပြားကြောင်း IHLCA တွင် တွေ့ရှိရပါသည်။ ဆင်းရဲနွမ်းပါးမှုအများဆုံး တိုင်းဒေသကြီး/ပြည်နယ် (၃)ခုဖြစ်သော ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တွင် ဆင်းရဲနွမ်းပါးမှုအဆင့်သည် ဆင်းရဲနွမ်းပါးမှု အနည်းဆုံး တိုင်းဒေသကြီး/ ပြည်နယ် (၃)ပြည်နယ်ဖြစ်သော ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ ဆင်းရဲနွမ်းပါးမှုအဆင့်နှင့်နှိုင်းယှဉ်လျှင် ကွာဟမှုမှာ အလွန်များပြားပါသည်။




ပုံ (၃) - အထွေထွေဆင်းရဲနွမ်းပါးမှု ဒေသအလိုက် ပျံ့နှံ့တည်ရှိခြင်း

ရည်ညွှန်းချက် - IHLCA (၂၀၁၀ ခုနှစ်)

၃၃။ လူဦးရေကျဲပါးသော နေရာဒေသများတွင် ဆင်းရဲနွမ်းပါးမှု များပြားနိုင်ပါသည်။ ထို့ကြောင့် နယ်မြေဒေသအလိုက် ဆင်းရဲနွမ်းပါးမှုဖြစ်ပွားသည့် အတိုင်းအတာကို လေ့လာရာတွင် ဆင်းရဲနွမ်းပါးမှု အချိုးအစား မည်သည့်နေရာတွင် အမြင့်မားဆုံးဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်ရန် ဖြစ်ပါသည်။ (ဆိုလိုသည်မှာ တစ်နိုင်ငံလုံးရှိ ဆင်းရဲနွမ်းပါးသူ အရေအတွက်တွင် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုစီမှ လူဦးရေအချိုးအစား မည်မျှပါဝင်နေကြောင်း ဖြစ်ပါသည်။) လူဦးရေအလိုက် အလေးပေးမှု weighting ကို တွက်ချက်ပါက ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ဆင်းရဲနွမ်းပါးမှုအများဆုံးဖြစ်ပြီး ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တွင် အနည်းဆုံးဖြစ်သည်ဟု IHLCA မှ တွေ့ရှိရပါသည်။





ပုံ (၄) - တစ်နိုင်ငံလုံး ဆင်းရဲနွမ်းပါးသူများအနက် အချိုးအစား (စုစုပေါင်း၏%)

ရည်ညွှန်းချက် - IHLCA (၂၀၁၀ ခုနှစ်)

၃၄။ IHLCA မှ အချက်အလက်များကို ဆန်းစစ်ရာတွင် လူဦးရေ၏ ရာခိုင်နှုန်း အများအပြားမှာ ဆင်းရဲနွမ်းပါးမှု သတ်မှတ်ချက်မျဉ်း အနီးတစ်ဝိုက်တွင် စုဝေးနေလျက် ဘဝရပ်တည်ရန်

ခက်ခဲမှု၊ အန္တရာယ်ကျရောက်လွယ်မှု ဖြစ်နေကြောင်း တွေ့ရှိရပါသည်။ ဆင်းရဲနွမ်းပါးမှု သတ်မှတ်ချက်မျဉ်းကို အနည်းငယ်မျှ ပြင်ဆင်သတ်မှတ်လိုက်သည်နှင့် ဆင်းရဲနွမ်းပါးမှု သတ်မှတ်ချက်မျဉ်း၏ အောက်တွင်ရှိသော ဆင်းရဲနွမ်းပါးသူ အရေအတွက်များစွာ အပြောင်းအလဲ ဖြစ်ပါမည်။ ယင်းသို့စုဝေးနေခြင်းကို ထောက်ရှုလျက် အကျိုးခံစားခွင့်များ ပေးအပ်ရာတွင် အားလုံးအတွက် ပေးအပ်နိုင်မည့် ချဉ်းကပ်ပုံများကို ကျင့်သုံးပါက ဝင်ငွေအလိုက် ပေးအပ်ခြင်းထက် ပိုမိုကောင်းမွန်ဖွယ်ရာရှိသည်ဟု ဆိုနိုင်ပါသည်။ ဝင်ငွေအလိုက်ပေးအပ်ပါက ဆင်းရဲနွမ်းပါး သော်လည်း ဝင်ငွေအလိုက် သတ်မှတ်ရာတွင် မပါဝင်ဘဲ အကျိုးကျေးဇူးခံစားရန် အများအပြား ကျန်ရစ်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။

**ပုံ (၅) - စားသုံးမှု ပျံ့နှံ့ပုံ**




ရည်ညွှန်းချက် - IHLCA (၂၀၁၀ ခုနှစ်)

၃၅။ ဆင်းရဲနွမ်းပါးမှုသည် နိုင်ငံတစ်ဝန်းတွင် အိမ်ထောင်စုအရွယ်အစားနှင့် ဆက်စပ်မှု ရှိပါသည်။ ဆင်းရဲနွမ်းပါးသော မိသားစုများသည် ပျမ်းမျှမိသားစုဝင် (၆.၀)ဦးရှိပြီး မဆင်းရဲသော မိသားစုများမှာ (၄.၇)ဦး ရှိပါသည်။ ဆင်းရဲနွမ်းပါးမှုအများဆုံး တိုင်းဒေသကြီး/ ပြည်နယ်များတွင် အိမ်ထောင်စုများမှာ ပိုမိုကြီးမားလေ့ရှိပါသည်။ ဆင်းရဲနွမ်းပါးမှုနှင့် အလုပ် အကိုင်အကြားတွင်လည်း ဆက်စပ်မှုများပြားသည်ကို IHLCA တွင်တွေ့ရှိရပါသည်။ စိုက်ပျိုး


ရေးလုပ်ငန်း၊ အမဲလိုက်လုပ်ငန်းနှင့် သစ်တောလုပ်ငန်းများ လုပ်ကိုင်သူ ၅၄.၂% မှာ အထွေထွေ ဆင်းရဲနွမ်းပါးမှု သတ်မှတ်ချက်မျဉ်းအောက်တွင် ကျရောက်နေပြီး အိမ်ထောင်စုများတွင် အလုပ်လုပ်သူများနှင့် ခွဲခြားဖော်ပြထားခြင်းမရှိသော ထုတ်လုပ်မှုလုပ်ငန်း လုပ်ကိုင်သူများ အနက် ၁၀.၈% သာလျှင် ဆင်းရဲနွမ်းပါးမှု သတ်မှတ်ချက်မျဉ်း အောက်တွင်ရှိပါသည်။ ခြုံငုံ၍ ကြည့်ပါက ဆင်းရဲနွမ်းပါးမှုအများဆုံး ၂၀% သည် တစ်နိုင်ငံလုံး စားသုံးမှု၏ ၁၂% ကိုသာ စားသုံးနိုင်ပါသည်။

၃၆။ IHLCA အချက်အလက်များကို ဆန်းစစ်သုံးသပ်ချက်အရ မွေးစမှ(၁၇)နှစ်အထိ ကလေး သူငယ်များမှာ အခြားအသက်အရွယ်အုပ်စုများထက် ဆင်းရဲနွမ်းပါးမှုနှုန်း သိသာစွာ ပိုမိုများပြားပြီး ဆင်းရဲနွမ်းပါးမှုအတွင်း အခြားသူများထက် ပိုမိုနက်ရှိုင်းစွာ ကျရောက်နေကြပါသည်။ ဤတွေ့ရှိ ချက်ကို ထောက်ရှုလျက် ရရှိနိုင်သော လူမှုကာကွယ်စောင့်ရှောက်ရေး အရင်းအမြစ်များကို ကလေးသူငယ်များ၊ ကလေးသူငယ်ရှိသောမိသားစုများ အကျိုးခံစားရစေရန် အလေးပေးသင့် သည်ဟု ယူဆရပါသည်။

၃၇။ စိုက်ပျိုးရေးလုပ်ကိုင်သော အိမ်ထောင်စုများအကြားတွင် မြေပိုင်ဆိုင်မှုနှင့် ဆင်းရဲ နွမ်းပါးမှုအကြား ဆက်စပ်မှုများပြားပါသည်။ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုတစ်စုလျှင် ပျမ်းမျှမြေ (၄.၄)ဧက ပိုင်ဆိုင်ကြပြီး ဆင်းရဲနွမ်းပါးမှုမရှိသော မိသားစုများမှာ ပျမ်းမျှ (၆.၉)ဧက ပိုင်ဆိုင်ကြပါသည်။ ပိုင်ဆိုင်သည့် ပျမ်းမျှမြေအကျယ်အဝန်းနှင့် စားသုံးမှုအကြားတွင်လည်း ရှင်းလင်းသော ဆက်စပ်မှုရှိပါသည်။ ကမ္ဘာ့ဘဏ်နှင့် မြန်မာဖွံ့ဖြိုးရေးသုတေသနအဖွဲ့တို့က ၂၀၁၂ ခုနှစ် အရည်အသွေးပိုင်း လူမှုရေးနှင့်စီးပွားရေး စောင့်ကြည့်လေ့လာခြင်း Qualitative Social and Economic Monitoring (QSEM) ဆန်းစစ်မှုကို ဆောင်ရွက်ထားပါသည်။ ကျေးလက်ဒေသ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်းကောင်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် စားနပ်ရိက္ခာလုံခြုံမှု အကျိုးဆောင်ရန်ပုံငွေ Livelihoods and Food Security Trust Fund (LIFT) ၏ ဖြေရှင်းဆောင်ရွက်မှု လုပ်ငန်းများကိုလည်းကောင်း အကဲဖြတ်ခြင်း ဖြစ်ပါ သည်။ ယင်းလေ့လာချက်မှ တွေ့ရှိချက် တစ်ရပ်မှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် ဂေဟစနစ်နယ်မြေအလိုက် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ပုံစံများ ကွဲပြားခြားနားခြင်း ဖြစ်ပါသည်။ ကျေးလက်ဒေသများတွင် ဝင်ငွေများပြားသူများအနေဖြင့် အန္တရာယ်မကျရောက်စေရန် လုပ်ငန်းမျိုးစုံ လွှဲပြောင်းလုပ်ကိုင်နိုင် သည့် စွမ်းရည်ရှိကြကြောင်းကိုလည်း တွေ့ရပါသည်။ အတိုးနှုန်း သက်သာစွာဖြင့် ချေးငွေ

မရယူနိုင်ခြင်းနှင့် ကြွေးမြီဝန်ထုပ်ဝန်ပိုး ကြီးလေးခြင်းတို့ကြောင့်လည်း ဝင်ငွေများ မလောက်မင ဖြစ်ကြောင်း၊ ငွေစုနိုင်ခြင်းမရှိကြောင်း ဖော်ပြထားပါသည်။

ပုံ (၆) - ပျမ်းမျှမြေပိုင်ဆိုင်မှု (ဧက)





ရည်ညွှန်းချက် - IHLCA (၂၀၁၀ ခုနှစ်)

၃၈။ ဆင်းရဲနွမ်းပါးမှုသည် အလုပ်လက်မဲ့ဖြစ်ခြင်းနှင့် တိုက်ရိုက်ဆက်စပ်ခြင်းမရှိပါ။ ဆင်းရဲနွမ်းပါးသူ ၇၀% ခန့်သည် အလုပ်သမားဈေးကွက်တွင် ပါဝင်လျက်ရှိကြပါသည်။ အမျိုးသားများ ပါဝင်မှု ပိုမိုများပြားပါသည်။ အမျိုးသားများအတွက် ၈၂% နှင့် အမျိုးသမီးများအတွက် ၅၄% ဖြစ်ပါသည်။ ကျေးလက်ဒေသများတွင် ၇၀% နှင့် ၆၀% အသီးသီး ရှိကြပါသည်။ ယင်းနှုန်းထားများမှာ မြင့်မားသောကြောင့် မြန်မာနိုင်ငံအတွက် အဓိကပြဿနာတစ်ရပ်မှာ အလုပ်သမားများ လုပ်ခလစာနည်းပါးခြင်းဖြစ်ကြောင်း ဆင်းရဲနွမ်းပါးမှုဖော်ပြချက် Poverty Profile တွင် ကောက်ချက်ချ ဖော်ပြထားပါသည်။ ယင်းတို့နှင့် ဆက်စပ်နေသည့် အလုပ်အကိုင် အပြည့်အဝ မရရှိမှုနှုန်းများမှာလည်း မြင့်မားပါသည်။ အလုပ်လုပ်နေသူ အရေအတွက်၏ ၃၇% မှာ ရာသီအလိုက် အတက်အကျရှိပါသည်။

၃၉။ မြန်မာနိုင်ငံသည် လူသားဖွံ့ဖြိုးမှု အညွှန်းကိန်း Human Development Index (UNDP) တွင် ၁၉၈၀ ခုနှစ်မှ စတင်၍ လွန်စွာအပြုသဘောဆောင်သော အလားအလာများ ရှိပါသည်။ ယင်းအညွှန်းကိန်းသည် လူသားဖွံ့ဖြိုးရေး နယ်ပယ်သုံးရပ်ဖြစ်သော အသက်ရှည်

ကျန်းမာစွာနေထိုင်နိုင်ခြင်း၊ အသိပညာရယူနိုင်ခြင်းနှင့် သင့်တော်ကောင်းမွန်သော လူနေမှု အဆင့်အတန်းရှိခြင်း အညွှန်းကိန်းများအား အကဲဖြတ်ရရှိချက်အပေါ် အခြေခံပါသည်။




ပုံ (၇) - လူသားဖွံ့ဖြိုးမှု အညွှန်းကိန်း အလားအလာ

ရည်ညွှန်းချက် - UNDP (၂၀၁၄ ခုနှစ်)

## အန္တရာယ်ကျရောက်နိုင်မှုနှင့် ဘဝရပ်တည်ရန် ခက်ခဲမှုဖော်ပြချက်

၄၀။ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သက်ဆိုင်အကျုံးဝင်သည့် အန္တရာယ်ကျရောက်နိုင်မှုနှင့် ဘဝရပ်တည်ရန် ခက်ခဲမှုများကို ဤမဟာဗျူဟာစီမံချက်တွင် အခြေခံအမျိုးအစားနှစ်မျိုး ခွဲခြားထားပါသည်။ (၁) နိုင်ငံတစ်ဝန်းလုံးတွင်ဖြစ်စေ၊ ပထဝီနယ်မြေဒေသ တစ်ခုတွင်ဖြစ်စေ လူအများအပေါ် သက်ရောက်မှုရှိသော အန္တရာယ်ကျရောက်နိုင်မှုနှင့် ဘဝရပ်တည်ရန်ခက်ခဲမှုများ နှင့် (၂) ဘဝသက်တမ်းအဆင့် အသီးသီးတွင် လူတစ်ဦးချင်းနှင့် မိသားစုများအပေါ် သက်ရောက်မှု ရှိသော အန္တရာယ်ကျရောက်နိုင်မှုနှင့် ဘဝရပ်တည်ရန်ခက်ခဲမှုများ ဖြစ်ပါသည်။

၄၁။ အထွေထွေအန္တရာယ်ကျရောက်နိုင်မှုနှင့် ဘဝရပ်တည်ရန် ခက်ခဲမှုများအနေဖြင့် မြန်မာနိုင်ငံ တွင် လူအများအပေါ် သက်ရောက်မှုရှိသော အန္တရာယ်ကျရောက်နိုင်မှုနှင့် ဘဝရပ်တည်ရန် ခက်ခဲမှုများမှာ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်၊ လူသားဖွံ့ဖြိုးရေး၊ လူမှုရေးတို့နှင့် ဆက်စပ်မှု ရှိနိုင်ပါသည်။ စီးပွားရေးပိုင်း အန္တရာယ်ကျရောက်နိုင်မှုများနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသည် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ရန်နှင့် ဘဏ္ဍာရေးကဏ္ဍ အားကောင်းစေရန် ဘဏ္ဍာရေးမူဝါဒ များနှင့် စီးပွားရေးဖွဲ့စည်းမှုပိုင်း ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်လျက် ရှိပါ သည်။ အလယ်အလတ်ကာလတွင် စီးပွားရေးကြီးထွားမှု အခိုင်အမာရရှိမည်ဟု တွက်ချက် ခန့်မှန်းထားပါသည်။

၄၂။ မြန်မာနိုင်ငံသည် သဘာဝပတ်ဝန်းကျင်ပိုင်းတွင်အရေးပါသော အန္တရာယ်ကျရောက်နိုင်မှုများ၊ ဘဝရပ်တည်ရန် ခက်ခဲမှုများနှင့် ရင်ဆိုင်နေရပြီး ယင်းတို့မှာ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် တိုက်ရိုက်သက်ဆိုင်ပါသည်။ ယင်းတို့ကို မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်မှုဖော်ပြချက် Hazard Profile နှင့် မြန်မာနိုင်ငံ သဘာဝဘေး အန္တရာယ်လျော့ပါးရေးလုပ်ငန်းစီမံချက် Myanmar Action Plan on Disaster Risk Reduction (MAPDRR) တို့တွင် အကဲဖြတ်ချက် ပြုလုပ်ထားပြီး အောက်ပါတို့ ပါဝင်ပါသည် -

(က) မုန်တိုင်းဒီရေလှိုင်း

( ခ) ရေလွှမ်းမိုးခြင်း

( ဂ) မိုးခေါင်ခြင်း

(ဃ) မီးလောင်ခြင်း

( င) မြေငလျင်လှုပ်ခြင်း

( စ) ပိုးမွှား တိရစ္ဆာန်များကြောင့် ပျိုးခင်း စိုက်ခင်းများပျက်စီးခြင်း

(ဆ) မြေပြိုခြင်း

( ဇ) ငတ်မွတ်ခေါင်းပါးမှုဖြစ်ခြင်း

( ဈ) ဆူနာမီလှိုင်းဖြစ်ပေါ်ခြင်း

(ည) မိုးကြိုးပစ်ခြင်း

၄၃။ ငတ်မွတ်ခေါင်းပါးမှု၊ မိုးခေါင်မှု၊ ရေလွှမ်းမိုးမှုများ၊ မိုးရွာသွန်းမှုမလုံလောက်ခြင်းတို့သည် ယေဘုယျအားဖြင့် ကြိုတင်သိရှိနိုင်ပါသည်။ ဥပမာ- အာဟာရပြည့်ဝမှု မလုံလောက်ခြင်းကဲ့သို့သော ထိခိုက်သူများအပေါ် ဖြစ်လာနိုင်သည့် သက်ရောက်မှုကို ကြိုတင်မျှော်မှန်းလျက် လူမှုကာကွယ်စောင့်ရှောက်ရေးမူဝါဒကိုလည်း လိုက်လျောညီထွေ ပြုပြင်နိုင်ပါသည်။ အခြားအန္တရာယ်များမှာ ယေဘုယျအားဖြင့် ကြိုတင်မျှော်မှန်းနိုင်ခြင်းမရှိဘဲ ပြင်းထန်မှုလည်း မတူညီပါ။ သို့ရာတွင် မြန်မာနိုင်ငံ၌ ဖြစ်ပွားမှုကြိမ်နှုန်းမြင့်မားသောကြောင့် လူမှုကာကွယ်စောင့်ရှောက်ရေး ဖြေရှင်းဆောင်ရွက်မှုများနှင့် ချဉ်းကပ်ပုံများ အပါအဝင် ကြိုတင်ပြင်ဆင်မှုများစွာ လိုအပ်ပါသည်။


၄၄။ လူတစ်ဦးချင်းနှင့် အိမ်ထောင်စု သာယာဝပြောရေးအတွက် ရာသီဥတု အပြောင်းအလဲ၏ အရေးပါပုံကို လေ့လာချက် အများအပြားတွင် ထင်ရှားစွာ တွေ့ရှိရပါသည်။ အပူပိုင်းဒေသ

အတွင်း သီးနှံအထွက်နှုန်းနည်းပါးခြင်း၊ ကုန်စျေးနှုန်းများ ကျဆင်းခြင်း၊ ချေးငွေရယူနိုင်မှု လျော့ကျခြင်း၊ ၎င်းနှင့်ဆက်စပ်သော ချေးငွေပြန်မဆပ်နိုင်မှုများနှင့် ဝင်ငွေနည်းပါးမှုအကြား ချိတ်ဆက်မှုများကို QSEM တွင် ထင်ရှားစွာတွေ့ရပါသည်။ အပူပိုင်းဒေသအတွက် စားနပ်ရိက္ခာ ဖူလုံမှုနှင့် ဆင်းရဲနွမ်းပါးမှုအခြေအနေ ခန့်မှန်းချက်များကို နယ်စပ်ရေးရာဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် Save the Children တို့က ပြုစုထားပါသည်။ ယင်းတို့တွင် လူဦးရေ၏ ၁၈%မှာ သင့်တင့် လျောက်ပတ်သော အစားအသောက် မရရှိကြကြောင်း တွေ့ရပါသည်။ ယင်းနှုန်းထားများမှာ မကွေး၊ မန္တလေးနှင့် ကုန်းမြင့်ဒေသများ (ယင်းဒေသများတွင် မြေအနည်းငယ်သာ စိုက်ပျိုးလုပ်ကိုင် နိုင်သော လယ်သမားများနှင့် နေ့စားအလုပ်သမားများအကြား အစားအစာ မဖူလုံမှု ပြဿနာများ များပြားပါသည်) ကဲ့သို့သော နယ်မြေဒေသများတွင် ပိုမိုမြင့်မားပါသည်။

၄၅။ လူသားဖွံ့ဖြိုးမှုနှင့် ဆက်စပ်နေသော အန္တရာယ်ကျရောက်နိုင်မှုများနှင့် ဘဝရပ်တည်ရန် ခက်ခဲမှုများတွင် ကျန်းမာရေးအခြေအနေညံ့ဖျင်းခြင်း၊ ကျန်းမာရေးဝန်ဆောင်မှုများနှင့် ကာကွယ် ဆေးထိုးခြင်းများကို မရယူနိုင်ခြင်း၊ မသန်စွမ်းမှု၊ အာဟာရမပြည့်ဝခြင်းကြောင့် ကြီးထွားမှု ရပ်တန့်ခြင်း၊ အသိဉာဏ်ဖွံ့ဖြိုးမှုချို့တဲ့ခြင်း၊ ပညာရေးဝန်ဆောင်မှုများ မရယူနိုင်ခြင်းနှင့် ပညာ သင်ယူတတ်မြောက်မှုနိမ့်ကျခြင်း၊ လူမှုဝန်ထမ်းနှင့် ပြုစုစောင့်ရှောက်မှု ဝန်ဆောင်မှုများကို မရယူ နိုင်ခြင်းတို့ ပါဝင်ပါသည်။

၄၆။ မြန်မာနိုင်ငံ၏ အညွှန်းကိန်းအမျိုးမျိုးအသုံးပြုသော အစုအဖွဲ့စစ်တမ်း (Multiple Indicators Cluster Survey) တွင် အဓိကအရေးပါသော အညွှန်းကိန်းအချို့နှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံတွင် မွေးဖွားချိန်၌ မျှော်မှန်းနိုင် သော ပျမ်းမျှသက်တမ်းမှာ (၆၅)နှစ် ဖြစ်ပါသည်။ (၁၉၉၀ ပြည့်နှစ်တွင် (၅၈.၇)နှစ် ရှိခဲ့ရာမှ မြင့်တက်လာခြင်း ဖြစ်ပါသည်။) ၁၉၉၀ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အကြားတွင် မွေးစကလေးသူငယ် သေဆုံးမှုနှင့် ငါးနှစ်အောက် ကလေးသူငယ် သေဆုံးမှုနှုန်းများမှာ တစ်ဝက်နီးပါး လျော့နည်း ကျဆင်းခဲ့ပါသည်။ (အသက်ရှင်လျက် မွေးဖွားသော ကလေးသူငယ် (၁၀၀၀)ရှိတိုင်း (၄၁)ဦးနှင့် (၅၂)ဦးနှုန်း အသီးသီးသေဆုံးခြင်း ဖြစ်ပါသည်။) အမျိုးသမီး (၁၀)ဦးအနက် (၈)ဦးမှာ မီးမဖွားမီ ပြုစုစောင့်ရှောက်မှုရရှိပြီး မီးဖွားစဉ်တွင်လည်း ကျွမ်းကျင်သူများက မွေးဖွားပေးခြင်းကို ခံယူ ရရှိပါသည်။ သို့ရာတွင် ဆင်းရဲနွမ်းပါးသူများအကြားနှင့် ကျေးလက်ဒေသများတွင် ယင်းသို့

ရရှိသူအချိုးအစား လျော့နည်းပါသည်။ ကြီးထွားမှု ရပ်တန့်ခြင်းနှုန်းမှာ (၂၀၀၈-၂၀၁၂ ခုနှစ်တွင်) ၃၅.၁% ဖြစ်ပါသည်။ အရွယ်ရောက်ပြီးသူများအကြား အိတ်ချ်အိုင်ဗွီဖြစ်ပွားမှုနှုန်းမှာ ၀.၆% ဖြစ်ပြီး အသက်(၁၅)နှစ်မှ (၂၄)နှစ်အရွယ်များအတွက် ၀.၁% ဖြစ်ပါသည်။




ရည်ညွှန်းချက် - MICS (၂၀၁၀ ခုနှစ်)

၄၇။ ခြုံငုံ၍ကြည့်လျှင် လူ (၁၀)ဦးလျှင် (၈)ဦးမှာ ဆေးရုံ သို့မဟုတ် ကျန်းမာရေးဌာနမှ ခြေကျင် တစ်နာရီ လျှောက်လျှင် ရောက်ရှိမည့် အကွာအဝေးတွင် နေထိုင်ကြပါသည်။ မြို့ပြတွင် နေထိုင်သူ များမှာ ကျေးလက်ဒေသတွင် နေထိုင်သူများထက် ဆေးရုံနှင့်ကျန်းမာရေးဌာနများသို့ သွားရောက် နိုင်မှု ရာခိုင်နှုန်းများစွာ ပိုမိုမြင့်မားပါသည်။ (မြို့နေ ၉၆% နှင့် ကျေးလက်နေ ၇၅% ဖြစ်ပါ သည်။)

၄၈။ မြန်မာနိုင်ငံ ပြည်သူလူထု၏ စာတတ်မြောက်မှုနှုန်းထားမှာ မြင့်မားပါသည်။ မူလတန်း ကျောင်းတက်သည့်နှုန်းလည်း အခြားနိုင်ငံများနှင့် နှိုင်းစာလျှင် မြင့်မားပါသည်။ သို့ရာတွင် အတန်းကြီးလာသည်နှင့်အမျှ ကျောင်းနေသည့် နှုန်းထားလည်း သိသာစွာ လျော့နည်းကျဆင်းသွား ပါသည်။ လူငယ် ၉၅% ကျော်မှာ စာတတ်မြောက်ကြပါသည်။ ကလေးသူငယ် ၂၀% သာလျှင် မူကြိုအဆင့်ပညာရေးတွင် ပါဝင်တက်ရောက်ကြပါသည်။ သို့ရာတွင် မူလတန်းကျောင်း တက်ရောက်သည့် အသားတင်နှုန်းထားမှာ အကြမ်းအားဖြင့် ၉၀% ရှိပါသည်။ အလယ်တန်း၊ အထက်တန်းအဆင့်တွင် အသားတင်ကျောင်းတက်သည့် အချိုးအစားများမှာ ၅၈% သို့ ကျဆင်း သွားပါသည်(MICS)။ ယင်းကိန်းဂဏန်းများမှာ ကျောင်းသို့ လွယ်လင့်တကူ သွားရောက်နိုင်ခြင်း နှင့်လည်း အနည်းငယ် ချိတ်ဆက်မှုရှိပါသည်။ ကလေးသူငယ် ၉၀% ကျော်မှာ မူလတန်း

ကျောင်းသို့လည်းကောင်း၊ အကြမ်းအားဖြင့် ၃၆% ခန့်မှာ အလယ်တန်း၊ အထက်တန်းကျောင်း သို့လည်းကောင်း (တစ်နာရီထက် မပိုလွန်ဘဲ လမ်းလျှောက်ခြင်းဖြင့်) သွားရောက်နိုင်ကြကြောင်း IHLCA တွင် တွေ့ရှိရပါသည်။ ကျေးလက်ဒေသများတွင် ကျောင်းသို့ လွယ်လင့်တကူ သွားရောက်နိုင်သည့် အချိုးအစားများစွာ လျော့နည်းပါသည်။

၄၉။ မြန်မာနိုင်ငံတွင် လူမှုရေးအန္တရာယ်ကျရောက်နိုင်မှုများနှင့် ဘဝရပ်တည်ရန် ခက်ခဲမှုများလည်း ရှိပါသည်။ ယင်းအန္တရာယ်ကျရောက်နိုင်မှုများနှင့် ဘဝရပ်တည်ရန် ခက်ခဲမှုများအတွက် လူမှုဝန်ထမ်း၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ အသီးသီးတွင် ဖြေရှင်းဆောင်ရွက်မှုများ လိုအပ်လျက်ရှိပါသည်။




၅၀။ မြန်မာနိုင်ငံ လူထုအတွင်း မသန်စွမ်းမှု ဖြစ်ပွားသည့်နှုန်းမှာ ၂.၃% ဖြစ်ပါသည်။ (လူမှုဝန်ထမ်း ဦးစီးဌာနနှင့် အနာကြီးရောဂါအဖွဲ့တို့ ပူးပေါင်းပြုလုပ်ခဲ့သော မြန်မာနိုင်ငံအတွင်း မသန်စွမ်းမှု အမျိုးသား အဆင့်စစ်တမ်း) မသန်စွမ်းသူများသည် ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများ၊ ပုံမှန်ကျောင်းပညာရေး၊ သီးခြားလွတ်လပ်စွာ နေထိုင်နိုင်ရန် လေ့ကျင့်သင်တန်းပေးမှု၊ အသက်မွေးဝမ်းကျောင်း သင်တန်းအစီအစဉ်များ၊ ကာကွယ်စောင့်ရှောက်ထားသော အလုပ်အကိုင်အခွင့်အလမ်းများ၊ လူမှုဘဝတွင်ပါဝင်နိုင်မှု၊ ဝင်ငွေလုံခြုံမှုနှင့် အသက်မွေးဝမ်းကျောင်းအတွက် ငွေကြေးပံ့ပိုးမှုတို့ကို မရယူနိုင်ကြပါ။

၅၁။ ဂေဟာတွင် ပြုစုစောင့်ရှောက်မှုခံယူလျက်ရှိသော ကလေးသူငယ် အရေအတွက်ဆိုင်ရာ ခိုင်မာသော စာရင်းအင်းများမရှိပါ။ ယင်းသို့ မရှိရခြင်း အကြောင်းတစ်ရပ်မှာ မိဘမဲ့ဂေဟာအများအပြားသည် မှတ်ပုံတင်ထားခြင်း မရှိသောကြောင့် ဖြစ်ပါသည်။ မှတ်ပုံတင်ထားသော

ဂေဟာများနှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ မိဘမဲ့ဂေဟာများတွင် ကလေးသူငယ် (၂၀၀၀၀)ခန့် ရှိပါသည်။ မှတ်ပုံတင်မထားသော ဂေဟာများကိုပါ ထည့်ပေါင်းပါက အရေအတွက်များစွာ ပိုမိုပါမည်။ မြန်မာနိုင်ငံသည် ကမ္ဘာတစ်ဝန်း အကောင်းဆုံး လုပ်နည်းလုပ်ဟန်များနှင့်အညီ မိသားစုများကို အားကောင်းစေရန်နှင့် ကလေးသူငယ်များကို ဂေဟာတွင် ပြုစုစောင့်ရှောက်ခြင်း အပေါ် အားထားမှုလျှော့ချရန် လုပ်ငန်းအစီအစဉ်များကို အားပေးမြှင့်တင်လျက်ရှိပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းမှ ကလေးသူငယ်များကို ဆွေမျိုးများက ပြုစုစောင့်ရှောက်သည့် အတိုင်းအတာနှင့် ဂေဟာတွင် ပြုစုစောင့်ရှောက်သည့် အတိုင်းအတာဆိုင်ရာ သတင်းအချက် အလက်များ ရရှိပါမည်။

၅၂။ နှစ်စဉ် မဟာမဲခေါင်ဒေသခွဲအတွင်း အမျိုးသမီးနှင့် ကလေးသူငယ် အများအပြား လူကုန်ကူးခံရပါသည်။ ယင်းတို့အနက် အများအပြားမှာ ပြည့်တန်ဆာလုပ်ငန်း၊ ကုန်ထုတ် လုပ်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ငါးဖမ်းလုပ်ငန်းကဏ္ဍနှင့် ဖျော်ဖြေရေးကဏ္ဍများသို့ ရောက်ရှိ သွားကြပါသည်။ လူကုန်ကူးခံရသူ အများအပြားသည် ထိုင်းနိုင်ငံအတွင်းသို့ ရောက်ရှိသွားကြ ပါသည်။ မြန်မာနိုင်ငံသည် လူကုန်ကူးမှုကို တိုက်ဖျက်ရန် (၅)နှစ် လုပ်ငန်းစီမံချက်ဖြင့် တက်ကြွစွာ အစီအမံများ ဆောင်ရွက်လျက်ရှိပါသည်။ ဒေသတွင်းတွင် လူကုန်ကူးမှု အများအပြား ဖြစ်ပွားလျက်ရှိပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများသည် ထိခိုက်သူများအား ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးစဉ်တွင် လူကုန်ကူးခြင်းနှင့် ရွှေ့ပြောင်းသွားလာခြင်းတို့ကို နောက်ကွယ်မှ တွန်းအားပေးလျက်ရှိသော စီးပွားရေးနှင့် ဆင်းရဲနွမ်းပါးမှု အကြောင်းအချက် များအနက် အချို့ကို လျှော့ချပေးနိုင်ပါမည်။

၅၃။ လမ်းပေါ်မှကလေးများ အရေအတွက်ကို ယုံကြည်စိတ်ချရသော ခန့်မှန်းချက်များ ရရှိ နိုင်ရန် မလွယ်ကူပါ။ သို့ရာတွင် အလွတ်သဘော ခန့်မှန်းချက်များအရ စုစုပေါင်း သောင်းဂဏန်း ရှိမည်ဟု ဆိုပါသည်။ ယင်းကလေးသူငယ်များမှာ ကြီးကြပ်ကွပ်ကဲမှု မရှိသလောက်ဖြစ်ပြီး သင့်လျော်သော လူမှုရေး အပြုအမူများနှင့် အသိဉာဏ်စွမ်းရည်များ ဖွံ့ဖြိုးလာနိုင်စွမ်းမှာ ပြင်းထန်စွာ ထိခိုက်လျက်ရှိပါသည်။ ပညာရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများမရှိခြင်း၊ ခိုလှုံရာနေရာမရှိခြင်းတို့ကြောင့်လည်း ဘဝရပ်တည်ရန် ခက်ခဲလျက်ရှိပါသည်။ ဥပဒေနှင့် ငြိစွန်းခြင်း၊ လူကုန်ကူးခံရခြင်းတို့ကြောင့် လိင်မှုကိစ္စခေါင်းပုံဖြတ်ခြင်းနှင့် မလျော်မကန် ပြုမူ ခြင်းခံရမည့် အန္တရာယ်လည်း အထူးများပြားပါသည်။

## ဘဝသက်တမ်း အဆင့်ဆင့်တစ်လျှောက် အန္တရာယ်ကျရောက်နိုင်မှုများနှင့် ဘဝရပ်တည်ရန် ခက်ခဲခြင်းများ

၅၄။ အန္တရာယ်ကျရောက်နိုင်မှုများနှင့် ဘဝရပ်တည်ရန် ခက်ခဲခြင်းများကို ဘဝသက်တမ်း တစ်လျှောက် ပုံစံအမျိုးမျိုးဖြင့် ကြုံတွေ့ရပါသည်။ မွေးစကလေးသူငယ်များမှာ သက်တမ်းအစ ပထမရက်ပေါင်း (၁၀၀၀)အတွင်း ဦးနှောက်ဖွံ့ဖြိုးမှု အများစုဖြစ်ပွားပါသည်။ ထို့ကြောင့် ယင်း ကာလအတွင်း အာဟာရချို့တဲ့ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရုပ်ပိုင်းနှင့်အသိဉာဏ်ပိုင်း ဖွံ့ဖြိုးမှုနှောင့်နှေးခြင်းများကို ပြန်လည်ကုစားရန် ခက်ခဲပါသည်။ တစ်ဖန် သက်ကြီးရွယ်အိုများ သည် ရုပ်ပိုင်းကျန်းမာရေး၊ တစ်ဦးတည်းနေရခြင်းတို့နှင့် ဆက်စပ်သော အန္တရာယ်ကျရောက် နိုင်မှုများကို ကြုံတွေ့ကြရပါသည်။

၅၅။ ဤအကြောင်းကြောင့် ဤမဟာဗျူဟာစီမံချက်ကို ဘဝသက်တမ်း အဆင့်ဆင့် တစ်လျှောက် ကျယ်ပြန့်စွာ စီစဉ်ထားပါသည်။ TSG က ဖော်ထုတ်ထားသော နယ်ပယ်လေးရပ်အတိုင်း ပိုင်းခြားထားပါသည်။




၅၆။ ယင်းအဆင့်တစ်ဆင့်စီနှင့် ဆက်စပ်နေသည့် အန္တရာယ်ကျရောက်နိုင်မှုများနှင့် ဘဝ ရပ်တည်ရန် ခက်ခဲခြင်းဆိုင်ရာ အောက်ဖော်ပြပါဥပမာများကို TSG က ဖော်ထုတ်ထားပါသည်-

(က) **ကိုယ်ဝန်ဆောင်ခြင်းနှင့် အစောပိုင်းကလေးဘဝ(ဥပမာများ)**

(၁) တတ်ကျွမ်းနားလည်သူထံမှ မွေးစကလေးနှင့် မွေးဖွားခြင်း ဝန်ဆောင်မှုများ မရရှိနိုင်ခြင်း၊

(၂) မွေးစကလေးသူငယ် အာဟာရချို့တဲ့ခြင်းနှင့် ကိုယ်အလေးချိန် မပြည့်ခြင်း၊

(၃) ကိုယ်ဝန်ဆောင်စဉ်နှင့် မွေးဖွားပြီးနောက် ဝင်ငွေ/အခွင့်အလမ်း ဆုံးရှုံးခြင်း၊

(၄) ကိုယ်ဝန်ဆောင် မိခင်များအကြား သွေးအားနည်းရောဂါ ဖြစ်ပွားမှုများပြားခြင်း၊

(၅) မိဘများကို ဆုံးရှုံးခြင်း၊ ဆွေမျိုးများက ပြုစုစောင့်ရှောက်ခြင်း၊ ဂေဟာတွင် အပ်နှံခြင်း၊

(၆) အသိဉာဏ်၊ စိတ်ခံစားမှုနှင့် လူမှုရေး ဖွံ့ဖြိုးမှုညံ့ဖျင်းခြင်း၊

(၇) အထွေထွေလျစ်လျူရှုမှု၊

(၈) မသန်စွမ်းမှု၊

(၉) အထွေထွေ လျစ်လျူရှုမှုနှင့် နှီးဆွမှု မရှိခြင်း၊

(၁၀) အစောပိုင်းကလေးဘဝအစီအစဉ်များကို ရယူနိုင်မှု မရှိခြင်း၊

(၁၁) ကာကွယ်ဆေးထိုးခြင်းနှင့် ကျန်းမာရေး ပြုစုစောင့်ရှောက်မှုတို့ကို မရရှိခြင်း၊

(၁၂) ကာကွယ်စောင့်ရှောက်မှုနှင့် ပတ်သက်သည့် အန္တရာယ်ကျရောက်လွယ်ခြင်း။

(ခ) **ကျောင်းနေအရွယ်နှင့် လူငယ်(ဥပမာများ)**

(၁) အဆင့်အားလုံးတွင် ပညာရေးဝန်ဆောင်မှုများကို မရယူနိုင်ခြင်း၊

(၂) ကျန်းမာရေးဝန်ဆောင်မှုများကို မရယူနိုင်ခြင်း၊

(၃) အာဟာရချို့တဲ့ခြင်းနှင့် အာဟာရမပြည့်ဝခြင်း၊

(၄) ကလေးသူငယ်ကို အလုပ်ခိုင်းစေခြင်း၊

(၅) မသန်စွမ်းခြင်း၊

(၆) လမ်းပေါ်မှ ကလေးသူငယ်များ၊

(၇) မိဘမဲ့ဖြစ်ခြင်း၊

(၈) စောစီးစွာ လက်ထပ်ခြင်းနှင့်/ သို့မဟုတ် ကိုယ်ဝန်ဆောင်ခြင်း၊

(၉) မိဘများ ဆုံးရှုံးခြင်းနှင့် ဆွေမျိုးများက ပြုစုစောင့်ရှောက်ခြင်း၊ ဂေဟာတွင် အပ်နှံထားရှိခြင်း၊

(၁၀) မူးယစ်ဆေးဝါး အလွဲသုံးခြင်း၊

(၁၁) ဥပဒေနှင့် ငြိစွန်းသော ကလေးသူငယ်များ၊

(၁၂) ရုပ်ပိုင်း သို့မဟုတ် လိင်မှုကိစ္စ အကြမ်းဖက်မှု၊

(၁၃) လူကုန်ကူးမှု/ ရွှေ့ပြောင်းသွားလာခြင်း။

(ဂ) **အရွယ်ရောက်ပြီးနှင့် အလုပ်လုပ်ကိုင်သော အသက်အရွယ် (ဥပမာများ)**

(၁) အလုပ်အကိုင် ပုံမှန် မရရှိခြင်း၊ အလုပ်လက်မဲ့ ဖြစ်ခြင်း၊

(၂) အလုပ်အကိုင်အပြည့်အဝမရှိခြင်းနှင့် လုပ်ခလစာနည်းပါးခြင်း၊

(၃) မှီခိုသူအရေအတွက် များပြားခြင်း၊

(၄) မသန်စွမ်းခြင်း၊

(၅) ကြွေးမြီ ထူပြောခြင်း၊

(၆) ရပ်ရွာနှင့် မိသားစုတာဝန်များ များပြားခြင်း၊

(၇) လုပ်ငန်းကျွမ်းကျင်မှု နိမ့်ကျခြင်း သို့မဟုတ် လုပ်ငန်းကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက်ရန် မစွမ်းဆောင်နိုင်ခြင်း၊

(၈) အလုပ်ခွင် အန္တရာယ်ကင်းရှင်းမှု၊

(၉) မူးယစ်ဆေးဝါး အလွဲသုံးခြင်း၊

(၁၀) လူကုန်ကူးခြင်းနှင့် ရွှေ့ပြောင်းသွားလာခြင်း။

(ဃ) **သက်ကြီးရွယ်အိုများ(ဥပမာများ)**

(၁) ကျန်းမာရေးအခြေအနေဆိုးရွားလာခြင်း၊

(၂) အလုပ်လုပ်နိုင်စွမ်း လျော့နည်းခြင်းနှင့် ဝင်ငွေကျဆင်းခြင်း၊

(၃) စုဆောင်းငွေ မလုံလောက်ခြင်း၊

(၄) မသန်စွမ်းမှုဖြစ်ခြင်း၊

(၅) တစ်ဦးတည်းနေထိုင်ရခြင်း၊

(၆) အသိဉာဏ်စွမ်းရည်များ လျော့နည်းကျဆင်းခြင်း၊

(၇) ကျန်းမာရေးဝန်ဆောင်မှုများ မရရှိခြင်း၊

(၈) သဘာဝဘေးအန္တရာယ်များအတွင်း ထိခိုက်မှု ရလွယ်ခြင်း။

၅၇။ ဘဝသက်တမ်းအဆင့်တစ်ခုခုတွင် အန္တရာယ်ကျရောက်နိုင်မှုများ၊ ဘဝရပ်တည်ရန် ခက်ခဲခြင်းများကို အသက်အရွယ်အားလုံးအတွက် ထိခိုက်နိုင်သော အန္တရာယ်ကျရောက်နိုင်မှုများ၊ ဘဝရပ်တည်ရန်ခက်ခဲခြင်းများ (ဥပမာ - သဘာဝဘေးများ) နှင့် ပေါင်းစပ်ခြင်းဖြင့် မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်က ဖြေရှင်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ပြည့်စုံစွာ

ခြုံငုံဖော်ပြနိုင်ပါသည်။ ထို့ကြောင့် ဤမဟာဗျူဟာစီမံချက်ကို ယင်းအစိတ်အပိုင်းများအား ဇယားပုံစံဖြင့် ဖော်ပြ၍ ... 

ဗဟိုပြုလျက် စီစဉ်ပြုစုထားပါသည်။

# မြန်မာနိုင်ငံ၏ လက်ရှိလူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအစီအစဉ်များ

## လက်ရှိမူဝါဒနှင့် တည်ဆဲဥပဒေများ

၅၈။ လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် အခွင့်အရေးများနှင့် တာဝန်များကို အောက်ဖော်ပြပါတို့တွင် သတ်မှတ်ပြဋ္ဌာန်းထားပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)

(ခ) လူမှုဖူလုံရေးဥပဒေ (၂၀၁၂ ခုနှစ်)

(ဂ) ကလေးသူငယ်ဥပဒေ (၁၉၉၃ ခုနှစ်)

(ဃ) မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေ (၂၀၁၃ ခုနှစ်)

(င) လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (၂၀၀၅ ခုနှစ်)

(စ) အခြေခံပညာဥပဒေ (၁၉၇၃ ခုနှစ်)

(ဆ) ပြည်သူ့ကျန်းမာရေးဥပဒေ (၁၉၇၂ ခုနှစ်)

(ဇ) အသက်မွေးဝမ်းကျောင်းပညာရေးဥပဒေ (၁၉၇၄ ခုနှစ်)

(ဈ) နိုင်ငံသားဥပဒေ (၁၉၈၂ ခုနှစ်)

(ည) အလုပ်သမားများလျော်ကြေးအက်ဥပဒေ (၁၉၂၃ ခုနှစ်)

(ဋ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ (၂၀၁၃ ခုနှစ်)

(ဌ) ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဥပဒေ (၂၀၁၄ ခုနှစ်)

## လက်ရှိလူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအစီအစဉ်များ

၅၉။ မြန်မာနိုင်ငံတွင် ယခုအခါ ထည့်ဝင်ငွေကောက်ခံပြီး ငွေကြေးခံစားခွင့်ပေးအပ်သော အစီအစဉ်များ၊ ထည့်ဝင်ငွေမကောက်ခံဘဲ ငွေကြေးခံစားခွင့်ပေးအပ်သောအစီအစဉ်များနှင့် လူမှုရေးဝန်ဆောင်မှုများကို အကန့်အသတ်ဖြင့် ရရှိနိုင်ပါသည်။ ယင်းတို့ကို အစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက ဆောင်ရွက်ပေးကြပါသည်။ ယင်းအစီအစဉ်အများအပြားမှာ အချို့သောလူအုပ်စုများနှင့် သီးခြားပထဝီနယ်မြေဧရိယာများကို ဦးတည်ရည်ရွယ်ပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးတွင် ဖြေရှင်းဆောင်ရွက်ရမည့် ဦးစားပေးသတ်မှတ်မှု လစ်ဟာချက်များကို မဟာဗျူဟာစီမံချက်တွင် ဆန်းစစ်ရာ၌ လွယ်ကူချောမွေ့စေရန် ယင်းလုပ်ငန်းအစီအစဉ်များကို အကဲဖြတ်ပါသည်။ မဟာဗျူဟာစီမံချက်

ရေးဆွဲသည့် လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသအဖြစ် ကမ္ဘာ့ဘဏ်၏ ပံ့ပိုးမှုဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအစီအစဉ်များစာရင်းကို ပြုစုထားပါသည်။ ABND လုပ်ငန်းစဉ်တွင်လည်း ယင်းစာရင်းကို ပြန်လည်သုံးသပ်ခဲ့ပါသည်။ သက်ဆိုင်အကျုံးဝင်မှုအရှိဆုံး လက်ရှိအစီအစဉ်များကို ဘဝသက်တမ်းအဆင့်ဆင့်အလိုက် စီစဉ်လျက် ဤမဟာဗျူဟာစီမံချက်တွင် စာရင်းပြုလုပ်ဖော်ပြထားပါသည်။

**ကိုယ်ဝန်ဆောင်ချိန်နှင့် အစောပိုင်းကလေးဘဝ**

၆၀။ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မွေးစမှ တစ်နှစ်အရွယ် ကလေးသူငယ်များအတွက် လက်ရှိရရှိနိုင်သည့် အစီအစဉ်များကို အောက်ဖော်ပြပါ ဇယားတွင် ရှင်းလင်းဖော်ပြထားပါသည်-

| **ကိုယ်ဝန်ဆောင်ချိန်နှင့် အစောပိုင်းကလေးဘဝအစီအစဉ်များ(အခြေခံ)** | | |
|---|---|---|
| **အစီအစဉ်အမည်** | **ဖော်ပြချက်နှင့် အကျုံးဝင်မှု** | **ဦးဆောင် အဖွဲ့အစည်း(များ)** |
| မိခင်နှင့် ကလေး ကျန်းမာရေး ပြေစာစနစ် စမ်းသပ်ဆောင်ရွက်ခြင်း | မိခင်များ မီးမဖွားမီနှင့် မီးဖွားပြီး ပြုစုစောင့်ရှောက်မှုရရှိရေးနှင့် အာဟာရပြည့်ဝရေးအတွက် ပြေစာမြို့နယ် တစ်မြို့နယ်တွင် စမ်းသပ် ဆောင်ရွက်ခဲ့ပြီး အကျိုးခံစားသူ (၁၃၄၆)ဦး ရှိပါသည်။ | ကျန်းမာရေးဝန်ကြီးဌာန (WHO/GAVI Alliance က ပံ့ပိုးပါသည်။) |
| မီးဖွားခြင်းနှင့် ကလေးငယ်အတွက် ထောက်ပံ့မှုလွှဲပြောင်း ပေးအပ်ခြင်း စမ်းသပ် အစီအစဉ် | မွေးစနှင့်ကလေးငယ် အာဟာရပြည့်ဝမှု တိုးတက်စေရန် ကျေးရွာ (၁၅)ရွာတွင် စမ်းသပ်လျက်ရှိသည်။ | Save the Children (LIFTက ပံ့ပိုးမှုပေးသည်)၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း |
| အခမဲ့အာဟာရ ထောက်ပံ့ရေး အစီအစဉ် | ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ နို့စို့ကလေးရှိသော အမျိုးသမီးများနှင့် ငါးနှစ်အောက်ကလေးများ၊ အကျိုးခံစားသူ အရေအတွက် ခန့်မှန်းချက်မရှိပါ။ | ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသားအာဟာရပြည့်ဝမှု ဗဟိုဌာန(ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှပံ့ပိုးသည်) မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း |

| အစီအစဉ်အမည် | ဖော်ပြချက်နှင့် အကျုံးဝင်မှု | ဦးဆောင် အဖွဲ့အစည်း(များ) |
|---|---|---|
| အခမဲ့မူကြိုနှင့် နေ့ကလေးထိန်း ဌာနများ | ECCDဌာန(၃၄)ခုနှင့် နေ့ကလေးထိန်း (၄၁)ခုတို့တွင်အခမဲ့ပြုစုစောင့်ရှောက်မှုပေးခြင်း-၂၀၁၃ ခုနှစ်တွင် ဝန်ဆောင်မှု ရယူသူ (၁၀၉၁၇)ဦး ရှိပါသည်။ (မွေးစမှ (၄)နှစ် အထိ ကလေးများ၏ ၀.၂၅ %) | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း |
| မွေးစမှ (၅)နှစ်အထိ ကလေးများအား ဂေဟာတွင် နေထိုင်ခွင့်ပြုလျက် စောင့်ရှောက်ခြင်း | ဂေဟာ(၆)ခုတွင် ကလေးသူငယ် (၁၄၂၀) ကို လက်ခံထားပါသည်။ ရည်မှန်းချက်မှာ ဂေဟာတွင် စောင့်ရှောက်မှုစနစ်မှ မိသားစုနှင့် ဆွေမျိုးများက ပြုစုစောင့်ရှောက်သော နည်းလမ်းသို့ အဓိကထား ပြောင်းလဲရန် ဖြစ်ပါသည်။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| အမြွှာ (သုံးမြွှာပူးနှင့်အထက်) မွေးဖွားသော မိခင်များအား အကူအညီပေးခြင်း | သုံးမြွှာပူးနှင့်အထက် မွေးဖွားသော မိခင်များအား ထောက်ပံ့ငွေ ပေးအပ်ခြင်း | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |

၆၁။ မိခင်များနှင့် မွေးစကလေးသူငယ်များသည် မြန်မာနိုင်ငံတွင် အထိခိုက်လွယ်ဆုံး အုပ်စုများတွင် ပါဝင်ပါသည်။ ကလေးသူငယ်သည် ကောင်းစွာဖွံ့ဖြိုးပြီး နောင်အခါပညာရေးတွင် အောင်မြင်စွာ သင်ကြားနိုင်ရန် အခြေခံအာဟာရပြည့်ဝမှုနှင့် ကျန်းမာရေး လိုအပ်ချက်များ ပြည့်မီရေး ပံ့ပိုးပေးရန် အထူးအရေးကြီးပါသည်။ လက်ရှိလူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များတွင် ဤထိခိုက်လွယ်သော အုပ်စုအတွက် အကူအညီပေးမှု အလွန်နည်းပါးပါသည်။ နယ်မြေဒေသ အနည်းငယ်တွင်သာ အစီအစဉ်အချို့ ရရှိနိုင်ပါသည်။

**ကျောင်းနေအရွယ်နှင့်လူငယ်များ**

၆၂။ ဤအုပ်စုအတွက် လက်ရှိရရှိနိုင်သည့် အစီအစဉ်များကို အောက်ဖော်ပြပါဇယားတွင် ရှင်းလင်းဖော်ပြထားပါသည်-

| **ကျောင်းနေအရွယ်နှင့် လူငယ်အစီအစဉ်များ(အခြေခံ)** | | |
|---|---|---|
| **အစီအစဉ်အမည်** | **ဖော်ပြချက်နှင့် အကျုံးဝင်မှု** | **ဦးဆောင်အဖွဲ့အစည်း(များ)** |
| လူငယ်ဗဟိုဌာနများ | ရန်ကုန်၊ မန္တလေး၊ ရှမ်းနှင့် မွန်တွင် လူငယ်ဗဟိုဌာန (၁၁၈)ခု၊ မူလတန်းညကျောင်း (၈၁)ခုနှင့် သင်တန်းကျောင်း (၈)ခု (ငယ်ရွယ်သောပြစ်မှုကျူးလွန်သူ ၃၈၀၀) | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| မသန်စွမ်းသော ကလေးများအတွက် လေ့ကျင့်သင်တန်းပေးသည့် ဝန်ဆောင်မှုများ | ဗဟိုဌာန(၄)ခုမှ ကလေးသူငယ်(၅၃၇)ဦး၊ ပြုစုစောင့်ရှောက်မှုဌာန(၁)ခုမှ ကလေးသူငယ်(၂၃)ဦး(မသန်စွမ်းသော ကလေးများ၏ ၀.၁၈%) | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းအစီအစဉ် | စားနပ်ရိက္ခာ ဖူလုံမှုမရှိသော နယ်မြေဒေသများနှင့် ကျောင်းအပ်နှံမှုနှုန်း နိမ့်ကျသော ဒေသများတွင် အာဟာရကျွေးမွေးမှုပံ့ပိုးခြင်း | ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် |
| ပညာသင် ထောက်ပံ့ကြေး စမ်းသပ်အစီအစဉ် | ကျောင်းအပ်နှံရန်နှင့် ကျောင်းတက်မှန်ရန် သတ်မှတ်ချက်ဖြင့် ဦးတည်ရည်ရွယ်သော ထောက်ပံ့ငွေလွှဲပြောင်းပေးအပ်ခြင်း - ပထမနှစ်တွင် (၆) မြို့နယ်၊ တိုးချဲ့ဆောင်ရွက်ပါမည်။ | ပညာရေးဝန်ကြီးဌာန (ကမ္ဘာ့ဘဏ်ကပံ့ပိုးသည်) |
| မသင်မနေရ မူလတန်းပညာရေးကို ပံ့ပိုးမှုပေးခြင်း | မူလတန်းအဆင့် ကျောင်းသူ ကျောင်းသားအားလုံးအတွက် တစ်ဦးလျှင် နှစ်စဉ်ကျပ် (၁၀၀၀) (၅.၂သန်း) | ပညာရေးဝန်ကြီးဌာန |

၆၃။ အထက်တွင် အကျဉ်းဖော်ပြထားသော လက်ရှိလူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များသည် နိုင်ငံအတွင်းရှိ ကျောင်းနေအရွယ် ကလေးသူငယ်နှင့် လူငယ်အနည်းငယ်ထံသို့သာ ရောက်ရှိပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးနယ်ပယ်နှင့် အကျုံးဝင်မှု အတိုင်းအတာကို တိုးချဲ့ရန် လိုအပ်ပါသည်။

**အရွယ်ရောက်ပြီးသူ/အလုပ်လုပ်ကိုင်သောအသက်အရွယ်**

၆၄။ ဤအုပ်စုအတွက် လက်ရှိရရှိနိုင်သည့် အစီအစဉ်များကို အောက်ဖော်ပြပါဇယားတွင် ရှင်းလင်းဖော်ပြထားပါသည်-

| **အရွယ်ရောက်ပြီးသူ/အလုပ်လုပ်ကိုင်သောအသက်အရွယ်အစီအစဉ်များ (အခြေခံ)** | | |
|---|---|---|
| **အစီအစဉ်အမည်** | **ဖော်ပြချက်နှင့် အကျုံးဝင်မှု** | **ဦးဆောင် အဖွဲ့အစည်း(များ)** |
| အမျိုးသမီးဂေဟာများ၊ အသက်မွေးဝမ်းကျောင်းသင်တန်းဌာနများနှင့် အမျိုးသမီး ဖွံ့ဖြိုးရေး ဌာနများ | ရန်ကုန်၊ မန္တလေး၊ မြိတ်၊ ကျိုင်းတုံ တို့တွင် စုစုပေါင်းဗဟိုဌာန(၆)ခု - ဘဝရပ်တည်ရန် ခက်ခဲသော အမျိုးသမီး (၁၀၀၀)ကို ဝန်ဆောင်မှု ပေးပါသည်။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| ပုံစံတကျကဏ္ဍ - အလုပ်သမားများနှင့် အစိုးရဝန်ထမ်းများအတွက် လူမှုဖူလုံရေး | နာမကျန်းခြင်း၊ မီးဖွားခြင်း၊ ဇနီးမီးဖွားခြင်း၊ ယာယီ သို့မဟုတ် အမြဲတမ်း မသန်စွမ်းမှု၊ သဘာဝဘေးအန္တရာယ်များနှင့် နာရေးကိစ္စများအတွက် ထောက်ပံ့ငွေ ဖြည့်ဆည်းပေးခြင်း၊ ဤအစီအမံတွင် အလုပ်သမား (၇၁၀၀၀၀) ပါဝင်ပါသည်။ အလုပ်လုပ်သူ အရေအတွက်၏ ၂% ဖြစ်ပါသည်။ | လူမှုဖူလုံရေးအဖွဲ့ |

| အစီအစဉ်အမည် | ဖော်ပြချက်နှင့် အကျုံးဝင်မှု | ဦးဆောင် အဖွဲ့အစည်း(များ) |
|---|---|---|
| မသန်စွမ်းသူများ အတွက် သင်တန်းဌာန | ရန်ကုန်သင်တန်းဌာနတွင် (၁၄၁) ဦး တက်ရောက်လျက်ရှိပါသည်။ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| ကျွမ်းကျင်မှုဖွံ့ဖြိုးရေး သင်တန်းဌာနများ | ရန်ကုန်၊ မန္တလေးနှင့် ပုသိမ်တွင် သင်တန်းဌာနများ | အလုပ်သမား၊ အလုပ်အကိုင် နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန |
| အသေးစား အရင်းအနှီး ချေးငွေ အစီအစဉ် | အစီအစဉ်တွင် ပါဝင်သူ (၂)သန်းအား စိုက်ပျိုးရေး ကိရိယာများအတွက် ကျပ်ဘီလီယံ (၂၀၀) ထုတ်ချေးမည့် အစီအစဉ် ဖြစ်ပါသည်။ | သမဝါယမဝန်ကြီးဌာန |
| ငွေကြေး ပံ့ပိုးလျက် အလုပ် လုပ်ကိုင်စေသော အစီအစဉ် များ | မြို့နယ်နှင့် ခရိုင်အသီးသီးရှိ အစီအစဉ်များ | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၊ Save the Children, Oxfam, Action Aid, ADRA, GRET |

၆၅။ အရွယ်ရောက်ပြီးသူ/ အလုပ်လုပ်ကိုင်သော အသက်အရွယ်များအတွက် လူမှုကာကွယ် စောင့်ရှောက်ရေးအစီအစဉ်များသည် အကျုံးဝင်မှု အတိုင်းအတာ အလွန်နည်းပါးပြီး ပထဝီ နယ်မြေအရ ကျဲပါးနေပါသည်။ အလုပ်လုပ်သော အသက်အရွယ်များအနက် ၃% သာလျှင် ခံစားခွင့် တစ်စုံတစ်ရာ ရရှိကြပါသည်။ ငွေကြေးပေးအပ်ပြီး အလုပ်လုပ်ကိုင်စေသော အစီအစဉ်များမှာ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ယာယီ အစီအစဉ်ဖြင့်သာ လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

**သက်ကြီးရွယ်အိုများ**

၆၆။ ဤအုပ်စုအတွက် လက်ရှိရရှိနိုင်သည့် အစီအစဉ်များကို အောက်ဖော်ပြပါဇယားတွင် ရှင်းလင်းဖော်ပြထားပါသည်-

| **သက်ကြီးရွယ်အိုအစီအစဉ်များ (အခြေခံ)** | | |
|---|---|---|
| **အစီအစဉ်အမည်** | **ဖော်ပြချက်နှင့် အကျုံးဝင်မှု** | **ဦးဆောင်အဖွဲ့အစည်း(များ)** |
| အစိုးရဝန်ထမ်းပင်စင် | ငွေကြေးထည့်ဝင်ရန် မလိုအပ်သော အစိုးရဝန်ထမ်းနှင့် နိုင်ငံရေးပင်စင်၊ နောက်ဆုံးလစာ၏ ၅၀% ခံစားခွင့်ရရှိပါသည်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပင်စင်ခံစားသူ(၆၄၃၄၁၄)ဦးရှိပါသည်။ | ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာန |
| သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေး အဖွဲ့များ | ဧရာဝတီ၊ မွန်၊ ကရင်၊ ရန်ကုန်နှင့် မန္တလေးတွင် ချေးငွေများပေးအပ်ခြင်း၊ ဘိုးဘွားရိပ်သာတွင် ပြုစုစောင့်ရှောက်ခြင်း၊ အသက်မွေးဝမ်းကျောင်း အစီအမံများ အပါအဝင် ဝန်ဆောင်မှုများနှင့် ထောက်ပံ့ငွေပေးအပ်ခြင်းများ - (၅၀၂၃) ဦးကို ဝန်ဆောင်မှုပေးပြီး(၂၀၁၃-၂၀၁၄ခုနှစ်) | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (Help Age International က ပံ့ပိုးပါသည်။) |
| စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများ | ဘိုးဘွားရိပ်သာ(၆၅)ခုတွင် နေထိုင်သူ (၂၂၈၂) ဦး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| မသန်စွမ်းသူများ အတွက် အစီအစဉ်များ | မျက်မမြင်၊ နားမကြား သင်တန်းအဖွဲ့အစည်းများ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| ဘိုးဘွားရိပ်သာတွင် ပြုစုစောင့်ရှောက်သည့် အစီအစဉ်များ | မြို့နယ် (၅၆)မြို့နယ်၌ ဘိုးဘွားရိပ်သာတွင် ကာလရှည် ပြုစုစောင့်ရှောက်ခြင်း | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |

| အစီအစဉ်အမည် | ဖော်ပြချက်နှင့် အကျုံးဝင်မှု | ဦးဆောင် အဖွဲ့အစည်း(များ) |
|---|---|---|
| လူမှုဖူလုံရေးသက်ကြီး ပင်စင်အစီအမံ (ဆောင်ရွက်ရန်ရှိ) | အလုပ်သမား(၅)ဦးအထက်ရှိသော ကုမ္ပဏီများအတွက် ဆန္ဒအလျောက် ပါဝင်နိုင်သော ငွေကြေးထည့်ဝင်ရသည့် အစီအမံ | လူမှုဖူလုံရေးအဖွဲ့ |

၆၇။ ခြုံငုံ၍ကြည့်လျှင် သက်ကြီးရွယ်အိုများ ကြုံတွေ့ရသော အန္တရာယ်ကျရောက်နိုင်မှုများနှင့် ဘဝရပ်တည်ရန် ခက်ခဲမှုများကို ဖြေရှင်းဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ပေးသော ပံ့ပိုးမှု အလွန်နည်းပါးပါသည်။ သက်ကြီးပိုင်းကာလတွင် ဝင်ငွေမှန်မှန်ရရှိစေရေး အထောက်အကူပြုသည့် သက်ပြည့်ပင်စင် အစီအမံများတွင် ပါဝင်ခံစားနိုင်သူ အနည်းငယ်သာရှိပါသည်။ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များမှာ နိုင်ငံအတွင်း အသစ်ပေါ်ပေါက်လာသော အစီအစဉ်ပုံစံ ဖြစ်ပါသည်။ သို့ရာတွင် ယင်းတို့မှ ဝန်ဆောင်မှုပေးနိုင်သော သက်ကြီးရွယ်အို အချိုးအစားမှာ သက်ကြီးရွယ်အို စုစုပေါင်း၏ အချိုးအစားအနည်းငယ်မျှသာ ဖြစ်ပါသည်။

**အရေးပေါ် တုံ့ပြန်မှု**

၆၈။ နိုင်ငံတော်အစိုးရသည် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးသူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်ပေးရာတွင် အထူးသဖြင့် ၂၀၀၈ ခုနှစ်တွင် နိုင်ငံအတွင်းသို့ ဆိုင်ကလုန်းနာဂစ်မုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီး ထိခိုက်ပျက်စီးမှု လွန်စွာ များပြားခဲ့ပြီးနောက် ခေါင်းဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်က ပြဋ္ဌာန်းခဲ့သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေတွင် မူလဆောင်ရွက်ချက်ကို ထည့်သွင်း ပြဋ္ဌာန်းထားပါသည်။ ယင်းဥပဒေအရ ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ် အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲသည့် အဖွဲ့အစည်းများသည် အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ရေး ဗဟိုကော်မတီ ("NDPCC")၏ ဦးဆောင်မှုအောက်တွင် "သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်သူများအတွက် ပိုမိုကောင်းမွန်သော နေထိုင်မှုအခြေအနေများ ရရှိစေရန်အလို့ငှာ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် ဘဝနေထိုင်မှု အစီအစဉ်များကို ဖြည့်ဆည်းပေးရန် သတ်မှတ်ထားပါသည်။ ဥပဒေအရ လုပ်ပိုင်ခွင့် အပ်နှင်းခြင်း ခံရသော အဖွဲ့အစည်းများသည် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့်

အမျိုးသမီးများ (အထူးသဖြင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် သားသည်မိခင်များ)ကို ဦးစားပေးပြီး ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် အကာအကွယ်ပေးရန်" လည်း ပြဋ္ဌာန်းထားပါသည်။ နိုင်ငံတော်အစိုးရ၏ အရေးပေါ် လုပ်ငန်းများမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက် နိုင်ငံတော်အစိုးရ ဦးစီးဌာနအများအပြား ပါဝင်ဆောင်ရွက်ကြသဖြင့် ၂၀၀၈ ခုနှစ် နာဂစ် မုန်တိုင်း၊ ၂၀၁၀ ခုနှစ် ဂီရိမုန်တိုင်း၊ ၂၀၁၁ ခုနှစ် တာလေငလျင်၊ ၂၀၁၁ ခုနှစ် မကွေး လျှပ်တစ်ပြက် ရေလွှမ်းမိုးမှုများ၊ ပဋိပက္ခကြောင့် ထိခိုက်သူများနှင့် နှစ်စဉ်နိုင်ငံတစ်ဝန်း လူအများ၏ အသက်ရှင်သန်မှုနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ထိခိုက်စေသော ဒေသတွင်း သဘာဝဘေးအန္တရာယ်အသီးသီးဖြစ်ပေါ်ရာတွင် ထောင်ပေါင်းများစွာသော သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်နစ်နာသူများထံ သွားရောက်ပြီး ကယ်ဆယ်ရေးလုပ်ငန်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပါသည်။

## အခြေခံလူမှုရေးဝန်ဆောင်မှုများရရှိနိုင်ခြင်း

၆၉။ လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍသည် မူလတန်းပညာရေး သို့မဟုတ် ကျန်းမာရေး ပြုစုစောင့်ရှောက်မှုကဲ့သို့သော မရှိမဖြစ် လိုအပ်သည့် ဝန်ဆောင်မှုအချို့ကို ဖြည့်ဆည်းပေးရန် အတွက် တိုက်ရိုက်တာဝန်မရှိပါ။ ဤကဏ္ဍအနေဖြင့် ကာကွယ်ဆေးထိုးသည့် အစီအစဉ်များကို စီမံခန့်ခွဲခြင်းမရှိပါ။ သင်ရိုးညွှန်းတမ်းများနှင့် ဆရာ၊ ဆရာမများကို လေ့ကျင့်သင်တန်းပေးသည့် ချဉ်းကပ်ပုံများကို သတ်မှတ်ပြီး အကောင်အထည်ဖော်ခြင်းလည်းမရှိပါ။ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲသည့် အစီအစဉ်များကိုလည်း မရေးဆွဲထားပါ။ သို့ရာတွင် လူမှုကာကွယ်စောင့်ရှောက်ရေး စနစ်များကို စနစ်တကျ ချမှတ်ဆောင်ရွက်ခြင်းဖြင့် လူအများစု အထူးသဖြင့် ဆင်းရဲနွမ်းပါးသူ များနှင့် ဘဝရပ်တည်ရန် ခက်ခဲသူများသည် မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများကို ရယူရန် စွမ်းဆောင်ရည် ပိုမိုကောင်းမွန်လာပါမည်။ ဥပမာ - ကိုယ်ဝန်ဆောင် အမျိုးသမီးများအား မီးမဖွားမီ ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးစဉ်တွင် ထောက်ပံ့ငွေပေးအပ်ခြင်း သို့မဟုတ် ကလေးသူငယ်များ အတွက် ပညာသင်ထောက်ပံ့ကြေးပေးခြင်းကို ကျောင်းတက်မှန်ရမည်ဟူသော သတ်မှတ်ချက်ဖြင့် ပေးအပ်ခြင်းတို့ ဖြစ်ပါသည်။

## ပညာသင်ကြားနိုင်မှု

၇၀။ မြန်မာနိုင်ငံတွင် ပညာရေးပြုပြင်ပြောင်းလဲရေးကို အဓိကဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် နှစ်(၃၀) ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းတွင် ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းစီမံကိန်း၏ အဓိကလုပ်ငန်းတစ်ရပ်မှာ ပညာသင်ကြားနိုင်မှုဆိုင်ရာ ရုပ်ပိုင်း အဟန့်အတားများကိုလျှော့ချရန် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ပိုမို၍ ရင်းနှီးမြှုပ်နှံရန် ဖြစ်ပါသည်။ ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပညာရေးဘတ်ဂျက်ကို နိုင်ငံတော်အစိုးရအသုံးစရိတ်၏ ၁၄% ခန့်သို့ တိုးမြှင့်ထားပါသည်။ ပညာသင်ကြားနိုင်ရန် ယခင်က လိုအပ်ခဲ့သော တစ်ဦးချင်းအနေဖြင့် (မိမိငွေကြေးဖြင့်) စိုက်ထုတ်ကျခံရသည့် ကုန်ကျစရိတ်များကို လျှော့ချနိုင်ရန် ရည်ရွယ်ပါသည်။ ဤသို့ဖြင့် ဝင်ငွေနည်းပါးသူများအတွက် အတားအဆီးများ လျော့နည်းကျဆင်းသွားပါမည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ဘဏ်၏ အကူအညီဖြင့် ပညာသင်ထောက်ပံ့ကြေး အစီအစဥ် အသစ်တစ်ရပ်ကို စမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းမှာ ကျောင်းအပ်နှံပြီး ကျောင်းခေါ်ချိန်ပြည့်မီမှုသာပေးအပ်ရန် သတ်မှတ်ချက်ထားရှိပြီး အကျိုးခံစားသူများကို ဖော်ထုတ်ရန် ရပ်ရွာအခြေပြု ဦးတည်ရည်ရွယ်သည့် အစီအမံများကို အသုံးပြုပါသည်။

## ကျန်းမာရေးဝန်ဆောင်မှုရရှိခြင်း

၇၁။ မြန်မာနိုင်ငံသည် မည်သူမဆို ဝင်ငွေမည်မျှရရှိစေကာမူ ကျန်းမာရေးပြုစုစောင့်ရှောက်မှု ရရှိနိုင်ရန် တစ်နိုင်ငံလုံးအတွက် ကျန်းမာရေးပြုစုစောင့်ရှောက်မှု အကျုံးဝင်မည့် မူဝါဒဆိုင်ရာ မူဘောင် ပြုစုလျက်ရှိပါသည်။ (နိုင်ငံတော်အစိုးရ၏ အားလုံးအတွက် ကျန်းမာရေး ပြုစုစောင့်ရှောက်မှု ဆောင်ရွက်ပေးနိုင်ရေး မျှော်မှန်းချက် ၂၀၁၄ တွင် ဖော်ပြထားပါသည်။) အခြေခံဆေးဝါးများကို ယခုအခါ အခမဲ့ ဖြည့်ဆည်းပေးပါသည်။ ငါးနှစ်အောက် ကလေးသူငယ်များအတွက် အခမဲ့ ကျန်းမာရေး ဝန်ဆောင်မှုများကို ပြည်သူ့ဆေးရုံများနှင့် ကျန်းမာရေးဌာနများတွင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ မွေးဖွားပြီးစ၊ မွေးဖွားချိန်နှင့် မွေးဖွားပြီးနောက် ပြုစုစောင့်ရှောက်မှုအတွက် ပြေစာဖြင့် စမ်းသပ်မြို့နယ် (၂)ခုတွင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျန်းမာရေးဝန်ဆောင်မှု ရယူနိုင်ရေး ကြုံတွေ့ရသည့် ရုပ်ပိုင်းအတားအဆီးများကိုလျှော့ချပြီး တစ်ချိန်တည်းမှာပင် အရည်အသွေး တိုးတက်ကောင်းမွန်စေရန် ကျန်းမာရေးဆိုင်ရာ အများပြည်သူ အသုံးစရိတ်များကို အများအပြား တိုးမြှင့်သုံးစွဲခဲ့ပါသည်။

## လူမှုဝန်ထမ်းဝန်ဆောင်မှုများနှင့် ကလေးသူငယ်ကို ကာကွယ်စောင့်ရှောက်ခြင်း

၇၂။ ယခုအခါ လူမှုဝန်ထမ်းဝန်ဆောင်မှုများမှာ အလွန်အကန့်အသတ်ရှိပြီး ပြန့်ကျဲနေပါသည်။ လိုအပ်ချက်အနည်းငယ်နှင့် ပထဝီနယ်မြေဒေသအနည်းငယ်ကိုသာ ဆောင်ရွက်ပေးနိုင်ပါသည်။ လက်ရှိအခြေအနေ၌ လူမှုဝန်ထမ်းဝန်ဆောင်မှုများ၏ ပြည်သူလူထုအား တိုက်ရိုက်အကျိုးပြုနိုင်မှုသည် အကန့်အသတ်ဖြင့်သာ ဖြစ်ပါသည်။ မြို့နယ်အဆင့် လူမှုဝန်ထမ်းရုံးများမရှိသည့်အတွက် ဝန်ဆောင်မှုများပေးအပ်ရာ၌ လူမှုဝန်ထမ်းဦးစီးဌာနမှ တရားဝင်ခန့်အပ်ထားသောလူမှုဝန်ထမ်းသမားများ အလွန်နည်းပါးပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနအတွက် ရန်ပုံငွေ ခွဲဝေသတ်မှတ်ပေးမှုမှာလည်း အလွန်နည်းပါးပါသည်။

၇၃။ ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ရာ၌ ဂေဟာများကို အားကိုးအားထားပြုမှုများပြားလွန်းနေပါသည်။ ယင်းနည်းလမ်းများမှာ အခြားအစီအမံများထက် ကုန်ကျစရိတ် ပိုမိုများပြားပြီး ဖြစ်နိုင်ပါက ကလေးသူငယ်များကို မိသားစုက ပြုစုစောင့်ရှောက်ခြင်းဖြင့် အစားထိုးသင့်ပါသည်။ ဥပဒေပြဋ္ဌာန်းချက်အရ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများမှာ လူဦးရေ၏ ၅% အတွက်သာ အကျုံးဝင်ပါသည်။ ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသေးသော ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လိုအပ်ချက်များကို တုံ့ပြန်ဆောင်ရွက်နိုင်ရန်အလို့ငှာ လူမှုဝန်ထမ်းဦးစီးဌာနသည် စမ်းသပ်မြို့နယ်(၂၅)မြို့နယ်တွင် ဖြစ်ရပ်စီမံခန့်ခွဲသူ Case Manager တစ်ဦးကို သတ်မှတ်တာဝန်ပေးခဲ့ပြီး ရပ်ရွာပံ့ပိုးမှုအုပ်စု (၂၈၄)စု ပါဝင်သော ကွန်ရက်ကို တည်ထောင်ခဲ့ပါသည်။ ဘဝရပ်တည်ရန် အခက်ခဲဆုံးလူအုပ်စုများ၏ လိုအပ်ချက်များကို ဖြေရှင်းရန်နှင့် တုံ့ပြန်ရန်စီစဉ်ထားရှိသော လူမှုဝန်ထမ်းဝန်ဆောင်မှုများစနစ်ကို တိုးချဲ့ရာတွင် ကောင်းမွန်သော လုပ်နည်းလုပ်ဟန်များကို ထည့်သွင်းစဉ်းစားရပါမည်။


## အလုပ်သမားဈေးကွက်ဆိုင်ရာ တက်ကြွသော လုပ်ငန်းအစီအစဉ်များ

၇၄။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် အလုပ်အကိုင် ရှာဖွေသူများအလုပ်အကိုင်ရရှိစေရေး၊ အလုပ်သမားများအနေဖြင့် လိုအပ်သော ကျွမ်းကျင်မှုများ ရရှိစေရန် သင်တန်းများ ပို့ချပေးရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ ကျန်းမာရေး ပံ့ပိုးမှုပေးရေး မူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များကို ကြီးကြပ်ကွပ်ကဲလျက်ရှိပါသည်။

**လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်များ**

၇၅။ ယခုအခါ မြန်မာနိုင်ငံတွင် ဂျီဒီပီ၏ ၀.၅% ထက် လျော့နည်းသော ပမာဏကိုသာ လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များနှင့် ဝန်ဆောင်မှုများအတွက် အသုံးပြုပါသည်။ ယင်းအသုံးစရိတ်အားလုံးနီးပါးမှာ အစိုးရဝန်ထမ်းများအား ပင်စင်လစာပေးခြင်းဖြစ်ပါသည်။ ဤပမာဏမှာ ဒေသတွင်း အခြားနိုင်ငံများမှာထက် လျော့နည်းနေပါသည်။ ဂျီဒီပီပမာဏ ဆင်တူသော သို့မဟုတ် ပိုမိုနည်းပါးသော နိုင်ငံများထက်ပင် လျော့နည်းနေပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍတစ်ဝန်း ပျမ်းမျှအသုံးစရိတ်ထက်လည်း နည်းပါးနေပါသည်။

ပုံ (၉) - လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်
(ရွေးချယ်ထားသော နိုင်ငံများ)




ရည်ညွှန်းချက် - အာရှဖွံ့ဖြိုးရေးဘဏ် (၂၀၁၄ ခုနှစ်)

၇၆။ အလှူရှင်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများက လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် အသုံးစရိတ်ကို ခန့်မှန်းရန် မဖြစ်နိုင်ပါ။ ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုများမှာ အရေးကြီးပါသည်။ ယင်းအဖွဲ့အစည်းများမှ ပံ့ပိုးမှုများကို အသုံးပြုလျက် မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းနှင့် အရင်းအမြစ်ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ ပြည်တွင်းရှိ စွမ်းဆောင်ရည် ဖွံ့ဖြိုးတိုးတက်စေရန် အရေးကြီးပါသည်။

## အားလုံးအတွက်လူမှုကာကွယ်စောင့်ရှောက်ရေး

## မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက်

### မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေးမျှော်မှန်းချက်

၇၇။ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်အတွက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီက အောက်ဖော်ပြပါ ကာလရှည်မျှော်မှန်းချက်ကို ချမှတ်ထားပါသည်။

၇၈။ လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် မြန်မာနိုင်ငံ၏ မျှော်မှန်းချက်မှာ အောက်ပါအတိုင်း အများပါဝင်နိုင်ပြီး သာတူညီမျှရှိလျက် ရေရှည်ဆောင်ရွက်နိုင်သည့်စနစ် ဖြစ်စေရန်ဖြစ်ပါသည်-

(က) ပညာရေး၊ ကျန်းမာရေး၊ အိုးအိမ်နှင့် ရေရရှိမှုကဲ့သို့သော အခြေခံဝန်ဆောင်မှုများရယူအသုံးပြုနိုင်ရေး ကူညီပံ့ပိုးခြင်းဖြင့် လူသားအရင်းအနှီး တိုးတက်ကောင်းမွန်လာစေခြင်း၊

(ခ) လူအများကို အန္တရာယ်ကျရောက်မှုနှင့် ထိခိုက်မှုများမှ အကာအကွယ်ပေးခြင်း၊

(ဂ) ဘဝသက်တမ်း အဆင့်ဆင့်တွင် စီးပွားရေးနှင့် လူမှုရေးဘဝရပ်တည်ရန် ခက်ခဲမှုများနှင့်စားနပ်ရိက္ခာ မလုံခြုံမှုကို ဖြေရှင်းဆောင်ရွက်ပြီး စီးပွားရေး အခွင့်အလမ်းများတိုးပွားစေခြင်း၊

(ဃ) လူမှုရေးနယ်ပယ်ပြင်ပသို့ ရောက်ရှိမှုနည်းပါးသက်သာစေခြင်း။

### လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်တစ်ရပ် ပေါ်ပေါက်လာရေး အထွေထွေ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်း

၇၉။ မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်သည် ကဏ္ဍအသီးသီးတွင် ဆောင်ရွက်ရန်ဖြစ်ပြီး ဝန်ကြီးဌာနများ၊ အစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဝန်ဆောင်မှုဖြည့်ဆည်းပေးသူများနှင့် ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ ပါဝင်ပါသည်။ ထို့ကြောင့်နိုင်ငံတော်သမ္မတရုံးက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ထားပါသည်။ ယင်းလုပ်ငန်းကော်မတီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး

အောက်ပါတို့အပါအဝင် တာဝန်ခံဝန်ကြီးဌာနများ၊ အစိုးရဌာနအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အဆင့်မြင့်ကိုယ်စားလှယ်များ ပါဝင်ပါသည် -

(က) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊

(ခ) အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊

(ဂ) မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

(ဃ) ပညာရေးဝန်ကြီးဌာန၊

(င) ကျန်းမာရေးဝန်ကြီးဌာန၊

(စ) ဘဏ္ဍာရေးဝန်ကြီးဌာန၊

(ဆ) မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊

(ဇ) မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊

(ဈ) မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊

(ည) မြန်မာနိုင်ငံကြက်ခြေနီအသင်း။

**လေးထောင့်ကွက် (၂) - လူမှုကာကွယ်စောင့်ရှောက်ရေးအခြေခံသတ်မှတ်ချက်**

**Social Protection Floor (SPF)**

၂၀၀၉ ခုနှစ် ဧပြီလတွင် ကုလသမဂ္ဂ အမှုဆောင်ချုပ်များ ဘုတ်အဖွဲ့က တစ်ကမ္ဘာလုံးဆိုင်ရာ လူမှုကာကွယ်စောင့်ရှောက်ရေး အခြေခံသတ်မှတ်ချက်ရှိစေရေး ကမ္ဘာတစ်ဝန်းဆောင်ရွက်မည့် လုပ်ငန်းတစ်ရပ်ကို အတည်ပြုခဲ့ပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးအခြေခံ သတ်မှတ်ချက်လုပ်ငန်းသည် အခြေခံဝန်ဆောင်မှုများကို ရယူအသုံးပြုနိုင်မှုနှင့် ဆင်းရဲနွမ်းပါးသူများနှင့် ဘဝရပ်တည်ရန် ခက်ခဲသူများထံ လူမှုပံ့ပိုးမှုများကို အားပေးမြှင့်တင်ပါသည်။ အားလုံးအတွက် အနိမ့်ဆုံးရှိရမည့်ဝင်ငွေနှင့် စားဝတ်နေရေး လုံခြုံမှု ဖြည့်ဆည်းပေးရေးနှင့် မရှိမဖြစ် လိုအပ်သောပစ္စည်းများနှင့် ဝန်ဆောင်မှုများကို တောင်းခံနိုင်မှုနှင့် ရယူအသုံးပြုနိုင်မှု၊ ကျန်းမာရေးနှင့် ပညာရေးကဲ့သို့သော ပစ္စည်းများနှင့် ဝန်ဆောင်မှုများ အခြေခံအဆင့် ဖြည့်ဆည်းပေးနိုင်မှု တိုးတက်မြင့်မားစေရေး လွယ်ကူချောမွေ့စေမည့် အခြေခံ လူမှုအခွင့်အရေးများနှင့် ပံ့ပိုးမှုများပါဝင်ပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေး အခြေခံ သတ်မှတ်ချက်တွင် ယင်းအာမခံချက်များကို ဘဝသက်တမ်း အဆင့်ဆင့် တစ်လျှောက်လုံးတွင် ပေးအပ်ရန်နှင့် ဘဝရပ်တည်ရန် ခက်ခဲသောအုပ်စုအားလုံးနှင့် အကျုံးဝင်မည့် အဓိကသွင်ပြင်လက္ခဏာများကို ထည့်သွင်းစဉ်းစားရန် လိုအပ်ကြောင်း အလေးအနက် ဖော်ပြထားပါသည်။

၈၀။ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ ဆင်းရဲနွမ်းပါးသူများနှင့် ဘဝရပ်တည်ရန်ခက်ခဲသူများအပါအဝင် လူတန်းစားအသီးသီး၊ အလွှာအသီးသီးမှ လူအားလုံး၏ လိုအပ်ချက်များအပေါ်အခြေခံလျက် အားလုံးအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်တစ်ရပ် ရေးဆွဲရန် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီအား တာဝန်ပေးအပ်ထားပါသည်။ ကော်မတီသည် အမျိုးသားအဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တို့တွင် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေးကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းပေးပြီး လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အစီအစဉ်များနှင့် ဖြေရှင်းဆောင်ရွက်မှုများကို အကောင်အထည်ဖော်ခြင်းအား အထွေထွေစောင့်ကြည့်စစ်ဆေးရန်နှင့် အကဲဖြတ်သုံးသပ်ရန် တာဝန်ယူပါသည်။ ကော်မတီသည် ဘဝသက်တမ်းအဆင့်ဆင့် တစ်လျှောက် လိုအပ်ချက်များကို အကဲဖြတ်ပြီး လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် အခြေခံအဆောက်အအုံ တည်ဆောက်ရေးကိုလည်း တာဝန်ယူရပါသည်။

၈၁။ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီကို နည်းပညာအထောက် အကူပြု အဖွဲ့ TSG က အကူအညီပေးပါသည်။ TSG သည် ကော်မတီက တာဝန်ယူသော လုပ်ငန်းများ အားလုံးတွင် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစီမံချက်များရေးဆွဲရာတွင် ဆက်စပ်သည့် အဖွဲ့အစည်းများမှ နည်းပညာအကြံဉာဏ်များရယူလျက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက် ရှိပါသည်။

## အားလုံးအတွက်လူမှုကာကွယ်စောင့်ရှောက်ရေးဆောင်ရွက်ပေးခြင်း


၈၂။ ဤမဟာဗျူဟာစီမံချက်၏ ရှေ့အပိုင်းများတွင် အထင်အရှားဖော်ပြခဲ့သော ဆန်းစစ်လေ့လာချက်နှင့် တိုင်ပင်ဆွေးနွေးမှုများအပေါ်တွင် အခြေခံကာ ဤမဟာဗျူဟာစီမံချက်ကို ပြုစုထားပါသည်။ အထူးသဖြင့် ဤမဟာဗျူဟာစီမံချက်ကို အောက်ပါတို့အပေါ် အခြေပြုပါသည် -

(က) လူမှုကာကွယ်စောင့်ရှောက်ရေးဖြင့် ဖြေရှင်းဆောင်ရွက်ပေးမည့် အဓိက ကိစ္စရပ်များကိုဖော်ထုတ်ခြင်း၊ (ဆင်းရဲနွမ်းပါးမှု၊ အန္တရာယ်ကျရောက်လွယ်မှုနှင့် ဘဝရပ်တည်ရန်ခက်ခဲမှု)

( ခ) အန္တရာယ်ကျရောက်နိုင်မှုများနှင့် ဘဝရပ်တည်ရန် ခက်ခဲမှုများကို ဘဝသက်တမ်းအဆင့်ဆင့်နှင့်လည်းကောင်း၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး ကဲ့သို့သော ကဏ္ဍများနှင့် သက်ဆိုင်သော နယ်ပယ်များနှင့်လည်းကောင်း ဆက်စပ်ပေးခြင်းနှင့် နယ်ပယ်တစ်ခုစီတွင် လူမှုကာကွယ်စောင့်ရှောက်ရေး ဦးတည်ချက်များချမှတ်ခြင်း၊

( ဂ) ဘဝသက်တမ်းအစောပိုင်း အဆင့်များတွင် ဖြေရှင်းဆောင်ရွက်မှုများ ပြုလုပ်လျှင်လည်းကောင်း၊ ပြဿနာများမပေါ်ပေါက်မီ တားဆီးနိုင်လျှင်လည်းကောင်း စီးပွားရေးနှင့် လူမှုရေး အကျိုးဖြစ်ထွန်းမှုများမှာ ပိုမိုများပြားသည်ကို ဒေသအဆင့်နှင့် ကမ္ဘာတစ်ဝန်း လုပ်နည်းလုပ်ဟန်များတွင် တွေ့ရှိရကြောင်း အသိအမှတ်ပြုခြင်း၊

(ဃ) မြန်မာနိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်ရေး ဖြေရှင်းဆောင်ရွက်မှုများကို ဦးစားပေးသတ်မှတ်လျက် ရှေ့နောက်စီစဉ်ရန် လိုအပ်ကြောင်း အသိအမှတ်ပြုခြင်း။



၈၃။ ဤချဉ်းကပ်ပုံတွင် တားဆီးကာကွယ်ရေးမှ တုံ့ပြန်မှုအထိ လူမှုကာကွယ်စောင့်ရှောက်ရေး မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များနှင့် ဝန်ဆောင်မှုများကို စုံလင်စွာ ဖော်ထုတ်ထားရှိပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အဓိကလုပ်ငန်း (Flagship Program) များကိုလည်း ထင်ရှားစွာ ဖော်ပြထားပါသည်။ ယင်းလုပ်ငန်းများမှာ မြန်မာနိုင်ငံတွင် အားလုံးအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးဖြစ်စေရန် ဆောင်ရွက်နိုင်မည့် လက်ငင်းပြုပြင်ပြောင်းလဲသော လုပ်ငန်းအဆင့်များကို ဖော်ပြထားခြင်းဖြစ်ပါသည်။

**အဓိကလုပ်ငန်း (Flagship) များ- အဓိကဖြေရှင်းဆောင်ရွက်မှုများ**

၈၄။ မြန်မာနိုင်ငံ ပြည်သူလူထုအတွက် ကာလတိုနှင့် အလယ်အလတ်ကာလ အကျိုးကျေးဇူး ဖြစ်ထွန်းစေရန် အကောင်းဆုံးအနေအထားရှိသော အဓိကလုပ်ငန်းများ Flagship (ဦးစားပေး လုပ်ငန်း) များကို TSG ကဖော်ထုတ်ထားပါသည်။ ယင်း Flagship လုပ်ငန်းများကို စတင် ဆောင်ရွက်ခြင်းဖြင့် ဘဝသက်တမ်းအဆင့်အားလုံးအတွက် မြန်မာနိုင်ငံ လူမှုကာကွယ်စောင့် ရှောက်ရေးစနစ်၏ စွမ်းဆောင်ရည်ကို သိသာစွာ မြင့်မားစေမည်ဖြစ်ပါသည်။ ယင်းတို့ကို တစ်ဖန်ပံ့ပိုးပေးရန် အန္တရာယ်ကျရောက်နိုင်မှုများနှင့် ဘဝရပ်တည်ရန် ခက်ခဲမှုများကိုတားဆီးခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းများအတွက် လိုအပ်သည့် ဝန်ဆောင်မှုများအားလုံးကို အားဖြည့်ပေးနိုင် ပါမည်။

၈၅။ လူမှုကာကွယ်စောင့်ရှောက်ရေး အဓိက လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- Cash allowance for pregnant women and children to age 2
- Gradual extension of that allowance to older children
- Cash allowance for people with disabiliteis
- School nutrition programmes
- Public employment and vocational education programmes
- Social pension
- Older Persons Self Help Groups
- Integrated Social Protection Services

(က) ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အသက်(၂)နှစ်အရွယ်အထိ ကလေးသူငယ်များကို ထောက်ပံ့ငွေပေးအပ်ခြင်း၊

(ခ) ယင်းထောက်ပံ့ငွေကို အသက်ပိုကြီးသော ကလေးများအတွက် အဆင့်ဆင့်တိုးချဲ့ပေးအပ်ခြင်း၊

( ဂ) မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း၊

(ဃ) ကျောင်းတွင်းအာဟာရကျွေးမွေးသော အစီအစဉ်များ ဆောင်ရွက်ခြင်း၊

( င) အများပြည်သူအလုပ်အကိုင်ရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေး အစီအစဉ်များ ဆောင်ရွက်ခြင်း၊

( စ) လူမှုရေးပင်စင် အစီအစဥ် ဆောင်ရွက်ခြင်း၊

(ဆ) သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များအား ထောက်ပံ့ခြင်း၊

( ဇ) ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ။

၈၆။ အောက်ဖော်ပြပါအပိုင်းတွင် မွေးဖွားစဉ်မှ သက်ကြီးရွယ်အိုအထိ ဘဝသက်တမ်း အဆင့်ဆင့်အတွက် ဤမဟာဗျူဟာစီမံချက်အရ အားပေးမြှင့်တင်မည့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အတိုင်းအတာ တစ်ခုလုံးကို ရှင်းလင်းဖော်ပြထားပါသည်။

**ဘဝသက်တမ်းအဆင့်ဆင့်အတွက်လူမှုကာကွယ်စောင့်ရှောက်ရေး**

**ကိုယ်ဝန်ဆောင်မိခင်များနှင့်မွေးစကလေးသူငယ်များ**

**လူမှုကာကွယ်စောင့်ရှောက်ရေးအခြေအနေ**

၈၇။ မွေးဖွားပြီးရက်ပေါင်း (၁၀၀၀)အတွင်း ဦးနှောက်နှင့်အာရုံကြောဖွံ့ဖြိုးမှု အများစုဖြစ်ပွားသောကြောင့် ကလေးသူငယ်များကို မွေးစမှအစပြုလျက် သင့်လျော်သောရုပ်ပိုင်း၊ အသိဉာဏ်ပိုင်းနှင့် လူမှုရေးပိုင်းဖွံ့ဖြိုးရေးကို ပံ့ပိုးမှုပေးရန် အထူးအရေးကြီးကြောင်း သက်သေအထောက်အထားများကို ကြည့်ခြင်းဖြင့် တွေ့ရှိရပါသည်။ ယင်းအသက်အပိုင်းအခြားတွင် ကလေးသူငယ်သည် လုံလောက်စွာ ဖွံ့ဖြိုးမှုမရှိပါက နောက်ပိုင်းဘဝ နေထိုင်မှုတွင် ပညာရေးနှင့် ကျန်းမာရေးအပိုင်းများ၌ အားနည်းချို့တဲ့မှုများ ဖြစ်လာကြောင်း တွေ့ရပါသည်။ ဖွံ့ဖြိုးမှု အလုံအလောက်မရှိခြင်းမှာ အာဟာရမပြည့်ဝခြင်းနှင့် ဒုက္ခဆင်းရဲတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ကြုံတွေ့ရခြင်းတို့၏ ရလဒ်ဖြစ်ကြောင်းလည်း တွေ့ရှိရပါသည်။

## ဦးတည်ချက်

၈၈။ ဤအုပ်စုအတွက် မဟာဗျူဟာစီမံချက်၏ ဦးတည်ချက်မှာ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးသူငယ်များသည် ၎င်းတို့လိုအပ်သော ပြုစုစောင့်ရှောက်မှုရရှိပြီး အာဟာရပြည့်ဝစေရန်နှင့် ရရှိနိုင်သည့်ဝန်ဆောင်မှုများကို ပိုမိုရယူအသုံးပြုနိုင်စေရန် ဖြစ်ပါသည်။

**အဓိကလုပ်ငန်း (Flagship) - ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် အသက် (၂)နှစ်အရွယ်အထိ ကလေးသူငယ်များကို ထောက်ပံ့ငွေ ပေးအပ်ခြင်း**

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် (၆)လအတွင်း မွေးဖွားရန်ရှိသော ကိုယ်ဝန်ဆောင် အမျိုးသမီးများအားလုံးအတွက် ငွေကြေးထောက်ပံ့သည့် အစီအစဉ်ကို ၂၀၁၅ ခုနှစ်တွင် စတင် ဆောင်ရွက်ပါမည်။ ၂၀၁၆ ခုနှစ်တွင် အသက် (၁)နှစ်အထိရှိသည့် ကလေးသူငယ်များအားလုံးကိုပါ ထည့်သွင်းလျက် ငွေကြေးထောက်ပံ့ပြီး ၂၀၁၇ ခုနှစ်တွင် အသက် (၂)နှစ်အထိ ကလေးသူငယ် အားလုံးကို ထပ်မံထည့်သွင်းပါမည်။

ရည်မှန်းချက်မှာ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များအား အာဟာရပြည့်ဝရေး လိုအပ်ချက်များ အပါအဝင် ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အသုံးပြုနိုင်မည့် နောက်ထပ်အရင်းအမြစ်များ ရရှိနိုင်စေရန် ဖြစ်ပါသည်။ ယင်းသို့ အရေးပါသော ကြီးပြင်းလာချိန် နှစ်အပိုင်းအခြားအတွင်း ကလေးသူငယ်များ၏ သာယာဝပြောမှုအပေါ် သက်ရောက်မှု အများအပြား ရှိမည်ဟု မျှော်မှန်းပါသည်။

အကျိုးခံစားခွင့် ရှိသူတစ်ဦးစီအား တစ်လလျှင် ထောက်ပံ့ငွေကျပ် (၁၅၀၀၀) တိတိ ပေးအပ်ပါမည်။ အားလုံးအတွက် တစ်ဆင့်ချင်းတိုးမြှင့်လျက် ထောက်ပံ့ငွေ ပေးအပ်သွားမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ဘတ်ဂျက်ကုန်ကျစရိတ်မှာ ဂျီဒီပီ၏ ၀.၁၄% ရှိပါမည်။ အစီအစဉ်ကို အပြည့်အစုံ ဆောင်ရွက်နိုင် သည့်အခါ ဘတ်ဂျက်ကုန်ကျစရိတ်မှာ ၂၀၂၄ ခုနှစ်တွင် ဂျီဒီပီ၏ ၀.၃၂% သုံးစွဲရမည် ဖြစ်ပါသည်။

လုပ်ငန်းအစီအစဉ်ကို နိုင်ငံတစ်ဝန်းအကောင်အထည်ဖော်မည်ဖြစ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ပါမည်။ ၂၀၁၇ ခုနှစ်တွင် အမျိုးသမီးနှင့် ကလေးသူငယ် (၂.၂၅)သန်းခန့်ကို ထောက်ပံ့နိုင်ပါမည်။ ထောက်ပံ့ငွေ ရရှိသော မိခင်များ အနေဖြင့် မီးမဖွားမီနှင့် မီးဖွားပြီးကျန်းမာရေးအကဲဖြတ်ချက် ပြုလုပ်ရာတွင် ပါဝင်မည်ဟု မျှော်မှန်းပါသည်။

**မိခင်များနှင့် ကလေးငယ်များအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အမျိုးအစား စုံလင်စွာဆောင်ရွက်ပေးခြင်း**

၈၉။ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်ဆက်စပ်သော အန္တရာယ်ကျရောက်နိုင်မှုများနှင့်ဘဝ ရပ်တည်ရန်ခက်ခဲမှုများကို တားဆီးတုံ့ပြန်ရန် လုပ်ငန်းအစီအစဉ်နှင့်ဝန်ဆောင်မှု အမျိုးအစား အားလုံးကို ဆက်လက်၍ အားကောင်းစေခြင်းဖြင့် ဤအဓိကဦးစားပေး Flagship လုပ်ငန်း အစီအစဉ်ကို ပံ့ပိုးမှုပေးပါမည်။

၉၀။ မိခင်များနှင့် မွေးစကလေးများအတွက် အာဟာရပြည့်ဝမှု တိုးမြင့်စေရေး အစီအစဉ် များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) စားနပ်ရိက္ခာ အခက်အခဲနှင့် ကြုံတွေ့နေရသော ကိုယ်ဝန်ဆောင် အမျိုးသမီး များအား ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသော စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝစေရေး မူဝါဒများနှင့်အညီ စားနပ်ရိက္ခာဖူလုံရေးနှင့် (ဆေးဝါး များအပါအဝင်) အာဟာရပြည့်ဝမှု တိုးမြင့်စေရေး အကူအညီပေးခြင်း၊

(ခ) မိခင်များနှင့် မွေးစမှ (၆)လအရွယ်အထိ ကလေးသူငယ်များကို အာဟာရ ပိုမို ပြည့်ဝစေရန်နှင့် မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးနိုင်ရန် အကူအညီပေးခြင်း၊

(ဂ) (၆)လ မှ (၂)နှစ်အရွယ်ရှိ ကလေးသူငယ်များအား ကျန်းမာရေးဝန်ကြီးဌာနက ချမှတ်ထားသော စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေး မူဝါဒများနှင့် အညီ ကျန်းမာရေးနှင့် (ဆေးဝါးများအပါအဝင်) အာဟာရပြည့်ဝမှု တိုးမြင့်စေ ရေး အကူအညီပေးခြင်း။

၉၁။ မိခင်များနှင့်ကလေးသူငယ်များသည် ကျန်းမာရေးဝန်ဆောင်မှုများ ရရှိရန်နှင့် ဆေးရုံ တက်ရောက်ကုသရသည့် ကုန်ကျစရိတ်များအတွက် ပံ့ပိုးမှုပေးရန် ဆက်လက် ဆောင်ရွက် သည့် လုပ်ငန်းအစီအစဉ်များပါဝင်သော ကျန်းမာရေးပြုစုစောင့်ရှောက်မှု ပိုမိုရရှိစေမည် ဖြစ်ပါသည်။

၉၂။ အစောပိုင်းကလေးဘဝ ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များ ကွန်ရက်ကို ဆက်လက်၍ ဖွံ့ဖြိုးတိုးတက်စေပါမည်။ ယခုအခါ ယင်းသို့သော အစီအစဉ်မရှိသေးသော ကျေးလက်ဒေသ များတွင် ဆောင်ရွက်ပေးခြင်းတို့ ပါဝင်မည် ဖြစ်ပါသည်။

**မွေးစမှအသက်အရွယ်ကြီးရင့်ချိန်အထိမသန်စွမ်းသူများ**

**လူမှုကာကွယ်စောင့်ရှောက်ရေးအခြေအနေ**

၉၃။ မသန်စွမ်းသူများသည် ဘဝရပ်တည်ရန် အခက်ခဲဆုံးနှင့် လူမှုဘဝပြင်ပသို့ အများဆုံး ရောက်ရှိနေသူများ ဖြစ်ပါသည်။ အန္တရာယ်ကျရောက်နိုင်မှုနှင့် ဘဝရပ်တည်ရန် ခက်ခဲမှုများကို ရင်ဆိုင်နေရပြီး ကျန်းမာရေးပြုစုစောင့်ရှောက်မှုရရှိရေးနှင့် ၎င်းတို့အတွက် ပညာရေး အခွင့် အလမ်းများ၊ ဆေးဝါးကုသမှုဆိုင်ရာ အပိုကုန်ကျစရိတ်များအတွက် လိုအပ်ချက်များ ရှိပါသည်။ ထို့အပြင် တစ်ဦးချင်းအတွက် ပြုစုစောင့်ရှောက်မှု လုပ်ထုံးလုပ်နည်းများပြုစုခြင်း၊ အသက်မွေး ဝမ်းကျောင်းပညာရေးနှင့် လေ့ကျင့်သင်တန်းပေးခြင်း၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများနှင့် အခွင့်အလမ်းများ အထွေထွေရရှိနိုင်မှုတို့ အပါအဝင် ထူးခြားသောလိုအပ်ချက်များရှိပါသည်။

**ဦးတည်ချက်**

၉၄။ မသန်စွမ်းသူများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး ဦးတည်ချက်မှာ ၎င်းတို့၏ လိုအပ်ချက်များကို လုံလောက်စွာ ဖြည့်ဆည်းပေးရန်၊ လူမှုရေးအရ ဝင်ဆံ့မှုရှိစေရန်နှင့် ဝန်ဆောင်မှုများ ရယူနိုင်စေရန် ဖြစ်ပါသည်။

**မသန်စွမ်းသူများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအမျိုးအစား စုံလင်စွာ ဆောင်ရွက်ပေးခြင်း**

၉၅။ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ဆက်စပ်သော အန္တရာယ်ကျရောက်နိုင်မှုများနှင့် ဘဝရပ်တည်ရန် ခက်ခဲမှုများကို တားဆီးတုံ့ပြန်ရန် လုပ်ငန်းအစီအစဉ်နှင့် ဝန်ဆောင်မှု အမျိုးအစား အားလုံးကို ဆက်လက်၍ အားကောင်းစေခြင်းဖြင့် ဤအဓိက ဖြေရှင်းဆောင်ရွက် သောလုပ်ငန်းများကို ပံ့ပိုးမှုပေးပါမည်။ ယင်းတို့တွင်အောက်ပါတို့ပါဝင်ပါသည်-

(က) မွေးစမှ (၁၈)နှစ်အထိ မသန်စွမ်းသော ကလေးသူငယ်များသည် အခြားကလေး သူငယ်များကဲ့သို့ပင် အကျိုးခံစားခွင့်များကို ခံစားနိုင်သည့် အခွင့်အရေးရှိ စေခြင်း၊

(ခ) မသန်စွမ်းသော ကလေးသူငယ်များရှိသည့် မိသားစုများကို ကလေးသူငယ်များ အသက် (၁၈)နှစ်ပြည့်သည်အထိ ပံ့ပိုးမှုပေးခြင်း၊

(ဂ) မသန်စွမ်းသော အရွယ်ရောက်ပြီးသူ/ သက်ကြီးရွယ်အိုများအတွက် တစ်သက်တာ ပြုစုစောင့်ရှောက်မှုပေးရန် အလုပ်ရုံ သို့မဟုတ် ဗဟိုဌာန တည်ထောင်ထားရှိခြင်း၊

(ဃ) အသက်မွေးဝမ်းကျောင်းသင်တန်းပြီးဆုံးပြီး အလုပ်လုပ်ကိုင်နိုင်သည့် အခြေအနေ ရှိသူများအတွက် အလုပ်လုပ်ကိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်း။

**အဓိကလုပ်ငန်း (Flagship) - မသန်စွမ်းသူများအတွက်ထောက်ပံ့ငွေ**

မသန်စွမ်းသူများအတွက် ထောက်ပံ့ငွေကို မသန်စွမ်းသူများ၏ အခွင့်အရေးများဥပဒေ ပြဋ္ဌာန်းပြီးပါက မှတ်ပုံတင်ထားသည့် မသန်စွမ်းသူများအား ၂၀၁၆ ခုနှစ်မှစ၍ ဖြည့်ဆည်းပေးပါမည်။ မသန်စွမ်းသူဖြစ်ကြောင်း မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ပါက ဤလုပ်ငန်း အစီအစဉ်ကို စတင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ရည်မှန်းချက်ပန်းတိုင်မှာ မသန်စွမ်းသူအားလုံး သာယာဝပြောရေးအတွက် ပံ့ပိုးမှုပေးရန်နှင့် အထူးသဖြင့် ကလေးဘဝတွင် ဘက်စုံဖွံ့ဖြိုးရေးနှင့် အကောင်းဆုံးအကျိုးစီးပွားများကို အားပေး မြှင့်တင်နိုင်မည့် ဝန်ဆောင်မှုများရယူနိုင်ရေး ပံ့ပိုးပေးရန်ဖြစ်ပါသည်။

အကျိုးခံစားခွင့်မှာ ကလေးတစ်ဦးအတွက် တစ်လလျှင် ကျပ်(၁၆၀၀၀)ဖြစ်ပြီး (ကလေး သူငယ် ထောက်ပံ့ငွေအပြင် ခံစားခွင့်ရှိစေရန် ဖြစ်ပါသည်။) အပြည့်အဝ ဆောင်ရွက်သောအခါ ဂျီဒီပီ၏ ၀.၀၆% ကျသင့်ပါမည်။ အရွယ်ရောက်ပြီးသူဖြစ်ပါက အသက် (၆၄) နှစ်အထိ တစ်လလျှင် ထောက်ပံ့ငွေကျပ် (၃၀၀၀၀) ပေးအပ်ပါမည်။ ၂၀၁၆ ခုနှစ်တွင် ဂျီဒီပီ၏ ၀.၂၄% ကျသင့်ပါမည်။

ဤလုပ်ငန်းအစီအစဉ်ကို တစ်နိုင်ငံလုံးအနှံ့ မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ပါမည်။ အကျိုးခံစားသူများသည် သီးခြားသတ်မှတ်ပေးထားသော ခံစားခွင့်များနှင့် ပြုစုစောင့်ရှောက်မှုတို့ကို ရရှိပါမည်။

**ကျောင်းနေအရွယ်များနှင့်လူငယ်များ**

**လူမှုကာကွယ်စောင့်ရှောက်ရေးအခြေအနေ**

၉၆။ ကျောင်းနေအရွယ် ကလေးသူငယ်များနှင့် လူငယ်များသည် ဘဝရပ်တည်ရန် ခက်ခဲမှုများဖြစ်သည့် ကျောင်းမနေနိုင်ခြင်း၊ ကျန်းမာရေးပြုစုစောင့်ရှောက်မှုမရရှိခြင်း၊ ကလေးသူငယ်ကို အလုပ်ခိုင်းစေခြင်းနှင့် လူကုန်ကူးခြင်း၊ အာဟာရမပြည့်ဝခြင်းနှင့် အာဟာရချို့တဲ့ခြင်း၊ မသန်စွမ်းခြင်း၊ လမ်းပေါ်တွင် နေထိုင်ရခြင်း၊ ကလေးသူငယ်ကို မလျော်မကန်ပြုမူခြင်းနှင့် အိမ်တွင်းအကြမ်းဖက်ခြင်း၊ သဘာဝဘေးနှင့် ဆက်စပ်သောအန္တရာယ်များကို တွေ့ကြုံခံစားကြရပါသည်။ ယင်းအန္တရာယ်ကျရောက်နိုင်မှုများသည် လူမှုကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများဖြင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များ ဖြစ်ပါသည်။

**ဦးတည်ချက်**

၉၇။ မဟာဗျူဟာစီမံချက်၏ ဦးတည်ချက်မှာ (၁) အခြေခံဝန်ဆောင်မှုများ၊ ပညာရေး၊ ကျန်းမာရေးနှင့် အာဟာရပြည့်ဝမှုတို့ကို တိုးမြှင့်ရရှိရန်နှင့် ပညာကို ဆုံးခန်းတိုင်အောင် သင်ကြားနိုင်ရန်၊ (၂) ကျောင်းမတက်သော ကလေးသူငယ်များအတွက် အခွင့်အလမ်းများ ဖြည့်ဆည်းပေးရန်၊ (၃) ကလေးသူငယ်များကို ပြုစုစောင့်ရှောက်နိုင်ရေးအတွက် မိသားစုဝင်ငွေနှင့် လူ့စွမ်းအားကို တိုးမြှင့်စေရန်နှင့် (၄) လူမှုဘဝပြောင်းလဲမှုဖြစ်စဉ်ပြင်ပသို့ ရောက်ရှိနေပြီး အန္တရာယ်ကျရောက်နေသော ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် လူ့စွမ်းအားအရင်းအမြစ်များနှင့် ရပ်ရွာအတွင်း ရန်ပုံငွေများ တိုးမြှင့်ပေးရန်တို့ ဖြစ်ပါသည်။

**အဓိကလုပ်ငန်း (Flagship) - အသက် (၃)နှစ်မှ (၁၅)နှစ်အထိ ကလေးသူငယ်များအတွက် ထောက်ပံ့ငွေ**

တစ်နိုင်ငံလုံးရှိ ကလေးသူငယ်များအားလုံးအတွက် ထောက်ပံ့ငွေအစီအစဉ်ကို ၂၀၁၈ ခုနှစ်တွင် စတင်၍ လုပ်ဆောင်ပါမည်။ ယင်းနှစ်တွင် ခွင့်ပြုငွေကို (၃)နှစ်အရွယ်ကလေးများအတွက် စတင်ပေးအပ်ပြီး ထို့နောက် နှစ်စဉ်အသက်(၁)နှစ်စီတိုး၍ ခွင့်ပြုငွေ တိုးချဲ့ပေးအပ်ပါမည်။ ထောက်ပံ့ငွေမှာ ကလေးတစ်ဦးလျှင် တစ်လကျပ်(၈၀၀၀)ဖြစ်ပြီး အပြည့်အဝ အကောင်အထည် ဖော်ပြီးချိန်တွင် ဂျီဒီပီ၏ ၀.၉၈% ကုန်ကျပါမည်။

ရည်မှန်းချက်မှာ ကလေးသူငယ်များ၏ ဖွံ့ဖြိုးမှုနှင့် အကောင်းဆုံး အကျိုးစီးပွားကို အားပေးမြှင့်တင်သည့် ဝန်ဆောင်မှုများကို မိသားစုများအနေဖြင့် ရယူနိုင်ရန် ပံ့ပိုးမှုပေးရေး ဖြစ်ပါသည်။

၂၀၁၉ ခုနှစ် နောက်ဆုံးထား၍ ကလေးသူငယ် (၁၁) သန်းခန့်ထံသို့ ရောက်ရှိပါမည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ဦးဆောင်အဖွဲ့အစည်း ဖြစ်ပါမည်။ ကလေးသူငယ်ကို အဓိကပြုစုစောင့်ရှောက်သူထံ အကျိုးခံစားခွင့်ကိုပေးအပ်မည်ဖြစ်ပြီး တစ်နိုင်ငံလုံးတွင် ဆောင်ရွက်ပါမည်။

**အဓိကလုပ်ငန်း (Flagship) - ကျောင်းတွင်း အာဟာရကျွေးမွေးရေး အစီအစဉ်**

ကျောင်းတွင်းအာဟာရကျွေးမွေးရေးအစီအစဉ်မှာ ကျောင်းများတွင် နေ့စဉ်ကလေးတစ်ဦးလျှင် ထမင်းနှင့်ဟင်းတစ်နပ် ကျွေးမွေးရန်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စားနပ်ရိက္ခာဖူလုံမှု အလွန်နည်းပါးသော နယ်မြေဒေသများတွင် အသားတင်ကျောင်းတက်သည့်နှုန်း နိမ့်ကျသောကျောင်းများ၌ စတင်ဆောင်ရွက်နိုင်ပါမည်။

ရည်မှန်းချက်မှာ ကျောင်းဝင်သည့်နှုန်းထား တိုးမြင့်စေရန်၊ ကျောင်းထွက်သည့်နှုန်းထား လျော့နည်းကျဆင်းစေရန်နှင့် ကျောင်းတက်မှန်စေရန်၊ ကလေးသူငယ်များ၏ လေ့လာသင်ယူနိုင်စွမ်းကို တိုးမြင့်စေရန်ဖြစ်ပါသည်။ ကျောင်းအားလုံးတွင် အာဟာရကျွေးမွေးပါက အကြမ်းအားဖြင့် ဂျီဒီပီ၏ ၀.၆၄% ခန့် ကုန်ကျပါမည်။

၂၀၂၀ ခုနှစ် နောက်ဆုံးထား၍ ကလေးသူငယ် (၉)သန်းကျော်ထံ ရောက်ရှိပါမည်။ ပညာရေးဝန်ကြီးဌာနက ဦးဆောင်ရန် ဖြစ်ပါသည်။ လုပ်ငန်းအစီအစဉ်ကို နိုင်ငံတော်အစိုးရ စာသင်ကျောင်းများတွင် လုပ်ဆောင်ပြီး ကျောင်းနေချိန် တစ်လျှောက်လုံး ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

## လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအမျိုးအစားစုံလင်စွာ ဆောင်ရွက်ပေးခြင်း

၉၈။ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ဆက်စပ်သော အန္တရာယ်ကျရောက်နိုင်မှုများနှင့် ဘဝရပ်တည်ရန် ခက်ခဲမှုများကို တားဆီးတုံ့ပြန်ရန် လုပ်ငန်းအစီအစဉ်နှင့် ဝန်ဆောင်မှု အမျိုးအစားအားလုံးကို ဆက်လက်၍ အားကောင်းစေခြင်းဖြင့် ဤအဓိက ဖြေရှင်းဆောင်ရွက်သော လုပ်ငန်းများကို ပံ့ပိုးမှုပေးပါမည်။ ယင်းတို့တွင် အောက်ပါတို့ပါဝင်ပါသည် -

(က) လမ်းပေါ်တွင် နေထိုင်လျက်ရှိသော ကလေးသူငယ်များအတွက် ဆင်းရဲနွမ်းပါးမှုနှင့် ပြုစုစောင့်ရှောက်ရေး လုပ်ငန်းအစီအစဉ်များ အပါအဝင် ကာကွယ်တားဆီးရန် အစီအမံများ ဆောင်ရွက်ခြင်း၊

(ခ) မိသားစုအခြေပြုနှင့် ရပ်ရွာအခြေပြု ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးကို ပံ့ပိုးမှုပေးသော လုပ်ငန်းအစီအစဉ်များမှာ အကောင်းဆုံးဖြစ်ပြီး အခြားရွေးချယ်ရန် နည်းလမ်းမရှိမှသာ ဂေဟာများတွင် ပြုစုစောင့်ရှောက်ရေး ဆောင်ရွက်ခြင်း၊

(ဂ) မိသားစုပြုစုစောင့်ရှောက်မှုမရရှိသော ကလေးသူငယ်များအတွက် ဆွေမျိုးများနှင့် မိသားစုသဖွယ် ပြုစုစောင့်ရှောက်သော လုပ်ငန်းအစီအစဉ်များကို ဖော်ထုတ်၍ ပံ့ပိုးမှုပေးရန် လုပ်ငန်းအစီအစဉ်များ၊

(ဃ) ကျောင်းမနေသော ကလေးသူငယ်များအတွက် ကျောင်းပြင်ပပညာရေးအစီအစဉ်များကို ပံ့ပိုးမှုပေးခြင်း၊

(င) ကျောင်းမနေသော ကလေးသူငယ်များ သို့မဟုတ် အလုပ်လုပ်ကိုင်နေသော ကလေးသူငယ်များအတွက် ဥပဒေကြောင်းအရ အကူအညီပေးရေး လုပ်ငန်းအစီအစဉ်များ လုပ်ဆောင်ခြင်း၊

(စ) လူကုန်ကူးခြင်းကို တားဆီးရန်အစီအစဉ်များနှင့် ဝန်ဆောင်မှုများပေးခြင်း၊

(ဆ) တက္ကသိုလ်ပညာ တက်ရောက်သင်ကြားနိုင်ရေး ပံ့ပိုးမှုပေးရန်အစီအစဉ်များပေးခြင်း၊

(ဇ) ကျန်းမာရေးဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ် မတတ်နိုင်သူများအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ရရှိနိုင်မည့် အစီအစဉ်များပေးခြင်း၊

(ဈ) အရွယ်ရောက်စလူငယ်များသည် ကျန်းမာရေးအပြုအမူများနှင့် စပ်လျဉ်း၍ အသက်အရွယ်အလိုက် သင့်လျော်သည့် အသိပညာရှိစေရေးအစီအစဉ်များပေးခြင်း၊

(ည) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတု အပြောင်းအလဲကြောင့် ဖြစ်ပွားသော သဘာဝဘေးအန္တရာယ်များကို စီမံခန့်ခွဲရေးတွင် အရွယ်ရောက်စ လူငယ်များ တက်ကြွစွာပါဝင်စေရန် အစီအမံများပေးခြင်း၊

(ဋ) ကျောင်းမှထွက်ရခြင်းနှင့် ကလေးသူငယ်ကို အလုပ်ခိုင်းစေခြင်းတို့ကို တားဆီး ရန် အစီအမံများဆောင်ရွက်ခြင်း၊

(ဌ) အလုပ်လုပ်ကိုင်နေသော ကလေးသူငယ်များ ကျောင်းပြန်တက်ရန် အစီအမံ များနှင့် တရားဝင်အလုပ်လုပ်ကိုင်နိုင်သော အသက်အရွယ်ရောက်သည်အထိ အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းတက်ရောက်ရန် အကူအညီပေးသော အစီအမံများ ဆောင်ရွက်ပေးခြင်း၊

(ဍ) မူးယစ်ဆေးဝါးအလွဲသုံးခြင်းဆိုင်ရာ တားဆီးရေးအစီအစဉ်များနှင့် လူငယ်များကို ဥပဒေနှင့် ငြိစွန်းသည့် ကိစ္စရပ်များတွင် ပါဝင်ပတ်သက်မှု မရှိစေရေး အကူအညီ ပေးသည့်အစီအစဉ်များ ဆောင်ရွက်ပေးခြင်း၊

(ဎ) လုပ်ငန်းအစီအစဉ်များနှင့် ဝန်ဆောင်မှုများအားလုံးတွင် ဒိဇိတာဝန်အရေး သုံးပါးကို တာဝန်တစ်ရပ်အဖြစ် ပေါင်းစည်းပါဝင်စေရေး ဆောင်ရွက်ပေးခြင်း။

**အရွယ်ရောက်ပြီးသူများ/အလုပ်လုပ်ကိုင်သောအသက်အရွယ်များ**
**လူမှုကာကွယ်စောင့်ရှောက်ရေးအခြေအနေ**

၉၉။ အလုပ်လုပ်ကိုင်သော အသက်အရွယ်များအနေဖြင့် အန္တရာယ်ကျရောက်နိုင်မှုနှင့် ဘဝ ရပ်တည်ရန် ခက်ခဲမှုအချို့ကို ရင်ဆိုင်နေရပါသည်။ ပုံမှန်အလုပ်အကိုင်မရှိခြင်း၊ လုပ်ခလစာ မလုံလောက်ခြင်း၊ လုပ်ငန်းခွင်အန္တရာယ်များနှင့် ဆင်းရဲနွမ်းပါးမှု၊ အန္တရာယ်ကျရောက်နိုင်မှုနှင့် ဘဝရပ်တည်ရန် ခက်ခဲမှုအပိုင်းဆိုင်ရာ ပိုမိုကျယ်ပြန့်သော ကိစ္စရပ်အမျိုးမျိုးပါဝင်ပါသည်။ (သဘာဝဘေးများနှင့် အရေးပေါ်အခြေအနေများကြောင့် ဖြစ်ပွားသည့်အန္တရာယ်များ အပါအဝင် ဖြစ်ပါသည်။)

**ဦးတည်ချက်**

၁၀၀။ ဤအုပ်စုအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး ဦးတည်ချက်မှာ (၁) ဆင်းရဲနွမ်းပါးသော ကျေးလက်အိမ်ထောင်စုများ ဝင်ငွေတိုးတက်ရရှိစေရေး၊ ၎င်းတို့၏ ပတ်ဝန်းကျင် အရည်အသွေး တိုးတက်ကောင်းမွန်လာစေရေးနှင့် လုပ်ခလစာကောင်းမွန်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်၊ (၂) အလုပ်အကိုင်ရရှိပြီး ဝင်ငွေရှိလာစေရန် အလုပ်အကိုင်အတွက် လိုအပ်သည့် ကျွမ်းကျင်မှုများရရှိရေး အကူအညီပေးရန်နှင့် (၃) အလုပ်အကိုင်နှင့် ဆက်စပ်နေသော ထိခိုက်ဒဏ်ရာရရှိမှု၊ ၎င်းနှင့်ဆက်စပ်၍ ဝင်ငွေဆုံးရှုံးမှုတို့ကို အနည်းပါးဆုံး ဖြစ်စေရန်တို့ ဖြစ်ပါသည်။

**အဓိကလုပ်ငန်း (Flagship)- အများပြည်သူအလုပ်အကိုင်ရရှိရေး၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားရေးနှင့်လေ့ကျင့်သင်တန်းပေးရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး**

ဤလုပ်ငန်းအစီအစဉ်သည် နယ်မြေဒေသတွင်း အများပြည်သူ အလုပ်အကိုင်ရရှိရေးကို ပံ့ပိုးမှုပေးပါမည်။ ယင်းအစီအစဉ်တွင် ရာသီအလိုက်၊ ရာသီမဟုတ်ဘဲ၊ သဘာဝဘေးအန္တရာယ်များ ကြိုတင်ပြင်ဆင်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၊ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ၊ သဘာဝ ပတ်ဝန်းကျင်လုပ်ငန်းများ၊ ကျေးရွာပြုပြင်ထိန်းသိမ်းရေးတို့ ပါဝင်ပါသည်။ အသက်မွေးဝမ်းကျောင်း ပညာရေးနှင့် လေ့ကျင့်သင်တန်းပေးရေးကိုလည်း ပံ့ပိုးမှုပေးပါမည်။ အသက်မွေးဝမ်းကျောင်း ပညာရေးနှင့် လေ့ကျင့်သင်တန်းပေးရေး၊ လုပ်ငန်းခွင်အန္တရာယ်များမဖြစ်စေရန် ကြိုတင် ပြင်ဆင်မှု တိုးတက်ကောင်းမွန်စေရေးနှင့် လုပ်ငန်းခွင်ပဋိပက္ခများ ဖြစ်ပွားမည့် အန္တရာယ်ကို လျော့နည်းစေရေးစနစ်များကိုလည်း ပံ့ပိုးမှုပေးပါမည်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန တို့သည် ဦးဆောင်မည့်အဖွဲ့အစည်းများ ဖြစ်ပါမည်။

ရည်ရွယ်ချက်မှာ ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများအတွက် လုပ်ခရရှိသည့် အလုပ်အကိုင် အခွင့်အလမ်းများ နယ်မြေဒေသတွင်းတွင် ရရှိစေခြင်းဖြင့် ဝင်ငွေသာမက ပတ်ဝန်းကျင် ကောင်းများကို ဖန်တီးနိုင်မည် ဖြစ်ပါသည်။ အလုပ်အကိုင်ရရှိရန် လိုအပ်သော ကျွမ်းကျင်မှုများ ရရှိရေးအတွက် ချို့တဲ့သူများကို အကူအညီပေးမည့် အသက်မွေးဝမ်းကျောင်း ပညာရေးကိုလည်း ဖြည့်ဆည်းပေးပါမည်။ အများပြည်သူ အလုပ်အကိုင်ရရှိရေး၊ အသက်မွေးဝမ်းကျောင်း ပညာရေးနှင့် လေ့ကျင့်သင်တန်းပေးရေး အစီအစဉ်များကို ကျေးလက်ဒေသများ အားလုံးတွင် ဆောင်ရွက်ပြီး အလုပ်သမားတစ်ဦးလျှင် ကျပ် (၃၀၀၀)နှုန်းဖြင့် ရက်ပေါင်း (၆၀) အလုပ်ပေးရန် ဂျီဒီပီ၏ ၁.၇% သုံးစွဲရမည်ဟု ခန့်မှန်းပါသည်။

လုပ်ငန်းအစီအစဉ်ကို ဦးစားပေးသတ်မှတ်သော တိုင်းဒေသကြီး/ပြည်နယ် (၃)ခုတွင် ပထမဦးစွာ စတင်ဆောင်ရွက်ပါမည်။ ရည်ရွယ်ချက်မှာ ၂၀၂၀ ခုနှစ် နောက်ဆုံးထား၍ တစ်နိုင်ငံလုံးကို ခြုံငုံမိစေရန်ဖြစ်ပါသည်။ ထိုအခါ လူပေါင်း(၆)သန်းခန့် အကျိုးဝင်လာမည် ဖြစ်ပါသည်။

**လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအမျိုးအစား စုံလင်စွာဆောင်ရွက်ပေးခြင်း**

၁၀၁။ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ဆက်စပ်သော အန္တရာယ်ကျရောက်နိုင်မှုများနှင့် ဘဝရပ်တည်ရန် ခက်ခဲမှုများကို တားဆီးတုံ့ပြန်ရန် လုပ်ငန်းအစီအစဉ်နှင့် ဝန်ဆောင်မှု အမျိုးအစားအားလုံးကို ဆက်လက်၍ အားကောင်းစေခြင်းဖြင့် ဤအဓိက ဖြေရှင်းဆောင်ရွက်သော လုပ်ငန်းများကို ပံ့ပိုးမှုပေးပါမည်။ ယင်းတို့တွင် အောက်ပါတို့ပါဝင်ပါသည် -

(က) လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် တည်ထောင်ရာတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်အခန်းကဏ္ဍကို အကျိုးခံစားသူများ သိရှိပြီး မိမိတို့ဖွံ့ဖြိုးတိုးတက်ရန် လူမှုကာကွယ်စောင့်ရှောက်ရေး အကူအညီကို ထိရောက်စွာ အသုံးပြုလာကြစေရေး သတင်းအချက်အလက်အစီအစဉ်များ၊

( ခ) အသက်အရွယ်၊ ကျွမ်းကျင်မှုများ၊ အလုပ်အကိုင်အမျိုးအစားများနှင့် ကိုက်ညီသော အလုပ်အကိုင်ဖော်ထုတ်ခြင်းနှင့် ချိတ်ဆက်ပေးခြင်းအစီအစဉ်များ၊

( ဂ) အရွယ်ရောက်ပြီးသူများသည် ကျန်းမာရေးဆိုင်ရာ အပြုအမူများနှင့် စပ်လျဉ်း၍ လုံလောက်သော အသိပညာရှိစေရေး အစီအစဉ်များ၊

(ဃ) ဘဝရပ်တည်ရန် လွန်စွာခက်ခဲပြီး လူမှုဘဝပြင်ပသို့ ရောက်ရှိနေသော အမျိုးသမီးများကို ပံ့ပိုးမှုပေးရန်အစီအစဉ်များ၊ ၎င်းတို့လူမှုဘဝတွင် ပါဝင်နိုင်ရန် ပံ့ပိုးမှုပေးရေးနှင့် ပြင်းထန်စွာ ထိခိုက်မှုကြောင့်ဖြစ်သော ရောဂါများ ခံစားနေရသူများအား အကူအညီပေးရေး အစီအစဉ်များ။

**ဆင်းရဲနွမ်းပါးမှုအပေါ် လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက်၏ သက်ရောက်မှု**

၁၀၂။ မဟာဗျူဟာစီမံချက်တွင်ပါဝင်သည့် အကျိုးခံစားခွင့် သုံးမျိုးဖြစ်သော (၁) ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် (၂) နှစ်အထိ ကလေးသူငယ်များကို ထောက်ပံ့ငွေပေးအပ်ခြင်း၊ (၂) အသက် (၁၅)နှစ်အထိ ကလေးသူငယ်များကို ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် (၃) အသက် (၆၅)နှစ်နှင့် အထက် သက်ကြီးများအား လူမှုရေးပင်စင်တို့ကိုပေးအပ်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုအပေါ် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုကို ပဏာမ အသေးစား ပုံစံတူ ခန့်မှန်းတွက်ချက်ခဲ့ပါသည်။

၁၀၃။ အသေးစားပုံစံတူခန့်မှန်းတွက်ချက်ရာတွင် ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံ အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း Integrated Household Living

Conditions Assessment (IHLCA)ကို အသုံးပြုထားပါသည်။ ယင်းမှာ မြန်မာနိုင်ငံအတွက် နောက်ဆုံးရရှိနိုင်သည့် အချက်အလက်များ ဖြစ်ပါသည်။ တွေ့ရှိချက်များအရ ယင်းခံစားခွင့်များပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုအပေါ် သက်ရောက်မှုရှိမည့်အတိုင်းအတာကို အသေးစိတ်လေ့လာနိုင်မည်ဖြစ်သော်လည်း ယနေ့ မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှု အန္တရာယ်ကျရောက်နိုင်မှုနှင့် ဘ၀ရပ်တည်ရန် ခက်ခဲမှုအနေအထားကို သိရှိနိုင်ရန် အိမ်ထောင်စုစစ်တမ်း အသစ်ကောက်ယူရန် လိုအပ်မည် ဖြစ်ပါသည်။

၁၀၄။ ပုံစံတူ ခန့်မှန်းတွက်ချက်ရာတွင် ခံစားခွင့် သုံးမျိုးစလုံးပေးအပ်ခြင်းဖြင့် အဆင့်အားလုံး ဆောင်ရွက်ပြီးချိန်တွင်ရရှိမည့် သက်ရောက်မှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဆင်းရဲနွမ်းပါးသူအရေအတွက် စုစုပေါင်း ၄၉%ကျဆင်းခြင်း၊

(ခ) ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ရန် ဆင်းရဲနွမ်းပါးသူများအတွက် ပျမ်းမျှဝင်ငွေ ကွာဟချက် ၄၆% ကျဆင်းခြင်း၊

(ဂ) ဝင်ငွေမညီမျှမှု ၆% ကျဆင်းခြင်း၊

**လေးထောင့်ကွက် (၃) - လူမှုကာကွယ်စောင့်ရှောက်ရေး (Social Protection) တွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့၏ အခန်းကဏ္ဍ**

၁။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့သည် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် အထောက်အကူပြုနေသော အလုပ်သမားများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် အလုပ်ရှင်များအနေနှင့် ၎င်းတို့၏ အလုပ်သမားများ လုပ်ငန်းခွင်တည်မြဲမှုကိုလည်း အထောက်အကူဖြစ်ပေါ်စေပါသည်။ ထို့အပြင် နိုင်ငံတော်မှ လက်ရှိအကောင်အထည်ဖော်နေသည့် အခြေခံလူတန်းစားများအတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းတွင် များစွာအထောက်အကူပြုနေသည့် လူမှုကာကွယ်စောင့်ရှောက်ရေး (Social Protection) ကဏ္ဍရှိ အောက်ပါလုပ်ငန်းများတွင် အရေးပါသည့် အခန်းကဏ္ဍမှ ဥပဒေသစ်နှင့်အညီ ပါဝင်ဆောင်ရွက်လျက် ရှိပါသည်-

(က) အလုပ်အကိုင် အခွင့်အလမ်းများ ရှာဖွေပေးခြင်း၊

(ခ) လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းများပေးခြင်း၊

(ဂ) လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စများ ဆောင်ရွက်ခြင်း၊

(ဃ) လူမှုဖူလုံရေးစီမံကိန်းတွင် မဝင်မနေရ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်သည့် လုပ်ငန်းဌာနရှိ အလုပ်သမားများရှိသကဲ့သို့ မဝင်မနေရ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်ခြင်း မရှိသည့် အလုပ်လုပ်သူ အားလုံး (တောင်သူလယ်သမားနှင့် အများပြည်သူ အပါအဝင်)သည် မိမိဆန္ဒအလျောက် လူမှုဖူလုံရေးစီမံကိန်းတွင် အာမခံထား၍ ဥပဒေပါ ခံစားခွင့်များကို ခံစားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိခြင်း၊

(င) လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များဖြစ်သည့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ငွေကြေးခံစားခွင့်ပြုခြင်းများအား မှန်ကန်မြန်ဆန်စွာ ရရှိစေခြင်းဖြင့် အာမခံ အလုပ်သမားနှင့် ၎င်း၏ မိသားစုများ လူမှုဒုက္ခများနှင့် တွေ့ကြုံရသည့် အချိန်များတွင် အထောက်အပံ့ ဖြစ်စေခြင်း။

၂။ ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေကို ၃၁-၈-၂၀၁၂ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် (၁၅) နှင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဥပဒေပါ ကိစ္စရပ်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အစိုးရဌာန အဖွဲ့အစည်းများမှ သင့်လျော်သည့်ပုဂ္ဂိုလ်များ၊ အလုပ်ရှင်နှင့် အလုပ်သမားကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများပါဝင်သော အမျိုးသားအဆင့် လူမှုဖူလုံရေးအဖွဲ့ကို ၁၉-၆-၂၀၁၃ ရက်နေ့တွင် အဖွဲ့ဝင် (၂၈) ဦးနှင့် ဖွဲ့စည်းခဲ့ပြီး အမျိုးသားအဆင့် လူမှုဖူလုံရေးအစည်းအဝေးကို (၂) ကြိမ်တိုင် ကျင်းပခဲ့ပြီးဖြစ်ပါသည်။ လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများအတွက် ဆေးကုသမှုပေးခြင်း၊ ငွေကြေးခံစားခွင့်ပြုခြင်းများအတွက် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်ရေးနှင့် ပတ်သက်သည့် ရှေ့လုပ်ငန်းစဉ်များကို မကြာခဏ ဆွေးနွေးမှုများ ပြုလုပ်ပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။ **၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကို နိုင်ငံတော်သမ္မတ၏ အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၄ အရ ၁-၄-၂၀၁၄ နေ့တွင် စတင် အာဏာတည်ခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။**

၃။ ထို့အပြင် ဥပဒေအသစ်နှင့်အညီ လူမှုဖူလုံရေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသော လုပ်ငန်းများအား အနီးကပ်ကြီးကြပ်နိုင်ရန် အဖွဲ့ဝင် (၁၃) ဦး ပါဝင်သော လူမှုဖူလုံရေးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီနှင့် အာမခံအလုပ်သမားများအား အခမဲ့

ဆေးကုသမှုပေးခြင်း ဝန်ဆောင်မှုကို ပိုမိုကောင်းမွန်စေရန် အဖွဲ့ဝင် (၂၄) ဦး ပါဝင်သော ဆေးဘက်ဆိုင်ရာ အကြံပေးအဖွဲ့တို့ကို ၂၆-၁၂-၂၀၁၃ နေ့တွင် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ပြီး လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

၄။ လူမှုဖူလုံရေး ဥပဒေ ပုဒ်မ ၁၀၀ နှင့် အညီ အာမခံစနစ်များကို အဆင့်ဆင့် အကောင်အထည်ဖော်နေပြီဖြစ်ပြီး အာမခံစနစ်အားလုံး အကောင်အထည်ဖော်လာနိုင်သည်နှင့်အမျှ အာမခံအလုပ်သမားနှင့် လုပ်ငန်းဌာနများ အကျုံးဝင်မှုသည်လည်း ယခုထက်ပို၍ တိုးတက်လာမည် ဖြစ်ပါသည်။ တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ရန် နယ်မြေတိုးချဲ့လုပ်ကိုင်ခြင်း၊ ဝန်ထမ်းဖွဲ့စည်းပုံ တိုးချဲ့ခြင်း၊ လူမှုဖူလုံရေးစီမံကိန်းကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လူမှုဖူလုံရေးရုံးများ၊ ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ခြင်းများကို ဆောင်ရွက်နေပြီ ဖြစ်သည့်အတွက် စီမံကိန်းနှင့် အကျုံးဝင်သော ဇရိယာ ပိုမိုကျယ်ပြန့်လာနိုင်ပြီး မြန်မာနိုင်ငံ၏ ဆင်းရဲမွဲတေမှုလျှော့ချခြင်း လုပ်ငန်းများကိုလည်း များစွာအထောက်အကူပြု ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၅။ လူမှုဖူလုံရေး ဥပဒေသစ်တွင် အာမခံစနစ် (၆)မျိုးရှိသည့်အနက် (၃)မျိုးကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပထမအဆင့်အနေဖြင့် မဝင်မနေရ ပြဋ္ဌာန်းချက်နှင့် အကျုံးဝင်သော အလုပ်ဌာနများရှိ အလုပ်သမားများအပြင် ဆန္ဒအလျောက် အကျုံးဝင်လိုသည့် အလုပ်ဌာနများရှိ အလုပ်သမားများသည်လည်းကောင်း၊ အလုပ်ရှင်မရှိသော ကိုယ်ပိုင် အလုပ်ကို လုပ်ကိုင်သည့်သူများ အပါအဝင် အများပြည်သူများသည်လည်း အလုပ်ရှင်၊ အလုပ်သမား ထည့်ဝင်ကြေးနှစ်ရပ်စလုံးကို ဆန္ဒအလျောက် ထည့်ဝင်ပေးသွင်း၍သော်လည်းကောင်း **ကျန်းမာရေးနှင့်လူမှုရေး စောင့်ရှောက်မှု အာမခံစနစ်၊ မိသားစုထောက်ပံ့မှု အာမခံစနစ်၊ အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့် အာမခံစနစ်များတွင်** ခံစားခွင့်ရရှိရေး ဆောင်ရွက်ပေးနေပြီ ဖြစ်ပါသည်။

၆။ အဆင့်ဆင့် အကောင်အထည်ဖော်သွားမည့် ကျန်အာမခံစနစ် (၃)မျိုးဖြစ်သော **အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့် အငြိမ်းစား အကျိုးခံစားခွင့်နှင့် ကျန်ရစ်သူ အကျိုးခံစားခွင့် အာမခံစနစ်၊ အလုပ်လက်မဲ့ အကျိုးခံစားခွင့် အာမခံစနစ်နှင့် အခြား လူမှုဖူလုံရေးစနစ်**ဖြစ်သည့် **(အိမ်ရာစီမံကိန်း)** များကို နိုင်ငံတော်၏ စီးပွားရေး အခြေအနေအရလည်းကောင်း၊ အလုပ်သမားများ၏ လုပ်ခလစာဝင်ငွေ လုံလောက်မှု အခြေအနေပေါ်မူတည်၍လည်းကောင်း လူမှုဖူလုံရေးအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြသဘောတူညီချက်ရယူပြီး တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၇။ နိုင်ငံတော်မှ ဦးစားပေးဆောင်ရွက်နေသည့် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းစဉ်ကို **အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံတော်မှ စုပေါင်းအာမခံထားသည့် လူမှုရေးအာမခံစနစ်ဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း**များကို လုပ်ကိုင်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုကို လျှော့နည်းစေပြီး၊ **နိုင်ငံ့ဝန်ထမ်းများ၊ ပုဂ္ဂလိကဝန်ထမ်းများ အပါအဝင် အများပြည်သူများသည် မိမိတို့ဝင်ငွေဖြင့် စုဆောင်းထားရှိသော လူမှုဖူလုံရေး စီမံကိန်းမှခွင့်ပြုသည့် အာမခံစနစ်များမှ ရရှိမည့် အကျိုးခံစားခွင့်များကြောင့် ဝင်ငွေလုံခြုံမှုရှိခြင်း၊ အိမ်ရာနေထိုင်ခွင့်၊ ပိုင်ဆိုင်ခွင့်များ**ကို ရရှိလာမည့်အပြင် ကျန်းမာရေး စောင့်ရှောက်မှု ခံယူခွင့်များကိုလည်း ရရှိသွားမည်ဖြစ်ပါသည်။

၈။ မြန်မာနိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကို ချဲ့ထွင်နိုင်ရန် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ် နှစ်ခုဖြစ်သည့် လူမှုရေးအရ အထောက်အပံ့ပေးမှု (Social Assistance) ကို လက်ခံရရှိနေသူများအား ပုံမှန်ဝင်ငွေရှိအောင် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးပြီး ပုံမှန်ဝင်ငွေရှိလာပါက နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ ရေရှည်ထောက်ပံ့မှု လျှော့နည်းသွားစေရန် လူမှုရေးအာမခံစနစ် (Social Insurance) အပိုင်းကို ကူးပြောင်းပြီး မိမိတို့ ကိုယ်တိုင် ထည့်ဝင်ကြေး ထည့်ဝင်စုဆောင်းသည့်စနစ်ဖြင့် လူမှုဘဝဖူလုံအောင် ဖန်တီးပေးပြီး အာမခံထားသူတိုင်းကို လူမှုဘဝလုံခြုံအေးချမ်းစွာဖြင့် ဘဝရပ်တည်နိုင်အောင် ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် လူမှုဖူလုံရေးအဖွဲ့သည် အဓိကအားဖြင့် အောက်ပါအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

(က) လူမှုဖူလုံရေးစီမံကိန်းတွင် အကျုံးဝင်ပြီးသော အလုပ်သမားများအတွက် လူမှုဖူလုံရေး အကျိုးခံစားခွင့်များကို အဆင့်မြှင့်တင်ပေးခြင်း၊

(ခ) လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းဖြင့် အထောက်အပံ့ပေးနေသော လူမှုဖူလုံရေး အာမခံစနစ်များတွင် အကျုံးမဝင်သေးသူများအား အကျုံးဝင်လာစေရန် ဆောင်ရွက်ခြင်းဖြင့် လူမှုဖူလုံရေးစနစ်ကို မြှင့်တင်ခြင်း၊ ဝင်ငွေလုံခြုံမှုရှိစွာဖြင့် ဘဝရပ်တည်နိုင်အောင် ဆောင်ရွက်ပေးခြင်းတို့ဖြင့် မြန်မာနိုင်ငံ၏ ဆင်းရဲ နွမ်းပါးမှုလျှော့ချခြင်းလုပ်ငန်းကို များစွာအထောက်အကူပြုနိုင်ခြင်း။

၉။ သို့ဖြစ်ပါ၍ လူမှုဖူလုံရေး စီမံကိန်းသည် အလုပ်ရှင်၊ အလုပ်သမားများ၏ ထည့်ဝင်ကြေးများ၊ နိုင်ငံတော်၏ ထောက်ပံ့ကူညီမှုများဖြင့် အာမခံအလုပ်သမားများ၏ မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှု၊ အလုပ်တွင်ဒဏ်ရာရမှု၊ အလုပ်လက်မဲ့ဖြစ်မှု၊ အိုမင်းမစွမ်းဖြစ်မှု စသည့် လူမှု

ဒုက္ခများ ကြုံတွေ့ရသည့် အချိန်များတွင် နိုင်ငံတော်နှင့် အလုပ်ရှင်ကိုယ်စား လူမှုဒုက္ခများ လျော့နည်းကျဆင်းအောင် ဆောင်ရွက်ပေးနေခြင်းကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အတွက် အရေးပါသော စီမံကိန်း တစ်ရပ် ဖြစ်ပါသည်။

၁၀။ ထို့အပြင် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းပြီး လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသည့် လူမှုဖူလုံရေး စီမံကိန်းသည် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအား တိုးတက်မှု ကဏ္ဍတွင် အဓိကကျပြီး နိုင်ငံတော် စီးပွားရေးတည်ငြိမ်မှု တိုးတက်မှုရရှိစေရေးအတွက် လူသားအရင်းအမြစ်များဖြစ်သည့် အလုပ်သမားများအပေါ် ကျန်းမာရေးနှင့် လူမှုရေးကာကွယ် စောင့်ရှောက်မှုကိုပေးနေသော စီမံကိန်းဖြစ်သည့်အလျောက် အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံတော်တို့ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည့် မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အတွက် အရေးပါသည့် လုပ်ငန်းရပ် တစ်ရပ် ဖြစ်ပါသည်။

**သက်ကြီးရွယ်အိုများ**

**လူမှုကာကွယ်စောင့်ရှောက်ရေးအခြေအနေ**

၁၀၅။ သက်ကြီးရွယ်အိုများသည် အန္တရာယ်ကျရောက်နိုင်မှုနှင့် ဘဝရပ်တည်ရန် ခက်ခဲမှုအချို့နှင့် ရင်ဆိုင်နေရပါသည်။ ယင်းတို့တွင် ဝင်ငွေဆုံးရှုံးခြင်းနှင့် စုငွေများမလုံလောက်ခြင်း၊ ကျန်းမာရေးအခြေအနေ၊ တစ်ဦးတည်းနေရခြင်း၊ ပြုစုစောင့်ရှောက်သူမရှိခြင်းနှင့် ကျန်းမာရေးဝန်ဆောင်မှုများ လုံလောက်စွာမရရှိခြင်းတို့ ပါဝင်ပါသည်။ အထူးသဖြင့် သက်ကြီးရွယ်အိုများသည် သဘာဝဘေးအန္တရာယ်များ ကျရောက်စဉ်အတွင်းတွင်လည်း အန္တရာယ်ကြုံတွေ့လွယ်ပါသည်။

**ဦးတည်ချက်**

၁၀၆။ လူမှုကာကွယ်စောင့်ရှောက်ရေး ဦးတည်ချက်မှာ သက်ကြီးရွယ်အိုများအတွက် ဝင်ငွေလုံခြုံမှုရှိစေရန်၊ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်စွမ်းရှိစေရန်နှင့် ကျန်းမာရေးဝန်ဆောင်မှုများ ရယူနိုင်စေရန် ဖြစ်ပါသည်။

**အဓိကလုပ်ငန်း (Flagship) - လူမှုရေးပင်စင်များ**

ဤလုပ်ငန်းအစီအစဉ်သည် ၂၀၁၅ခုနှစ်မှ စတင်လျက် သက်ကြီးရွယ်အိုများအား ထောက်ပံ့ငွေပေးအပ်ရန် ဖြစ်ပါသည်။ သက်ကြီးရွယ်အိုများအားလုံးကို ပေးအပ်မည်ဖြစ်ပြီး တစ်နိုင်ငံလုံးတွင် လုပ်ဆောင်ပါမည်။ အသက် (၆၅)နှစ်နှင့်အထက် သက်ကြီးရွယ်အိုများသည် လစဉ်ကျပ် (၂၅၀၀၀) ရရှိပါမည်။

ရည်မှန်းချက်မှာ သက်ကြီးရွယ်အိုများအတွက် ဝင်ငွေလုံခြုံမှု တိုးတက်ကောင်းမွန်စေရန် ဖြစ်ပါသည်။ သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်သော မိသားစုများသည်လည်း ယင်းဝင်ငွေ ရရှိခြင်းကြောင့် သက်ကြီးရွယ်အိုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာတွင် အသုံးပြုနိုင်မည် ဖြစ်ပါသည်။ လုပ်ငန်းအစီအစဉ်သည် ၂၀၁၉ ခုနှစ်တွင် သက်ကြီးရွယ်အို (၃.၅)သန်းထံ ရောက်ရှိပြီး အပြည့်အဝ အကောင်အထည်ဖော်သောအခါ ဂျီဒီပီ၏ ၁.၃၉% ကုန်ကျပါမည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပါမည်။

**အဓိကလုပ်ငန်း (Flagship) - သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များ (OPSHGs)**

ဤလုပ်ငန်းအစီအစဉ်သည် ကျေးရွာအဆင့်ရှိ သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များအား ပံ့ပိုးမှုပေးပါမည်။ ယင်းအဖွဲ့များသည် ရပ်ရွာများရှိ သက်ကြီးရွယ်အိုများ၏ ဘဝနေထိုင်မှု ပိုမိုကောင်းမွန်စေရန် လုပ်ငန်းအစီအစဉ်များနှင့် ဝန်ဆောင်မှုများကို စီစဉ်လျက် အကောင်အထည်ဖော်ပါမည်။

ရည်မှန်းချက်မှာ သက်ကြီးရွယ်အိုများသည် ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ကြစေရန်ဖြစ်ပါသည်။ လုပ်ငန်းအစီအစဉ်သည် အကျိုးခံစားသူ (၅)သန်းထံ ရောက်ရှိနိုင်မည်ဖြစ်ပြီး တစ်နိုင်ငံလုံးတွင် လုပ်ဆောင်ပါမည်။ မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော စမ်းသပ် OPSHGs လုပ်ငန်း အစီအစဉ်မှ ရရှိသည့်သင်ခန်းစာများကို ရယူအသုံးပြုပါမည်။

**သက်ကြီးရွယ်အိုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအမျိုးအစား စုံလင်စွာ ဆောင်ရွက်ပေးခြင်း**

၁၀၇။ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ဆက်စပ်သော အန္တရာယ်ကျရောက်နိုင်မှုများနှင့် ဘဝရပ်တည်ရန် ခက်ခဲမှုများကို တားဆီးတုံ့ပြန်ရန် လုပ်ငန်းအစီအစဉ်နှင့် ဝန်ဆောင်မှု အမျိုးအစားအားလုံးကို ဆက်လက်၍ အားကောင်းစေခြင်းဖြင့် ဤအဓိက ဖြေရှင်းဆောင်ရွက်သော လုပ်ငန်းများကို ပံ့ပိုးမှုပေးပါမည်။ ယင်းတို့တွင် အောက်ပါတို့ပါဝင်ပါသည်-

(က) မိသားစုအခြေပြုနှင့် ရပ်ရွာအခြေပြု ပြုစုစောင့်ရှောက်မှုကို အဓိကထားသော အစီအစဉ်များ၊ သက်ကြီးရွယ်အိုများအတွက် ဂေဟာတွင် ထားရှိခြင်းကို အခြားနည်းလမ်း မရှိမှသာ စဉ်းစားခြင်း၊

(ခ) ကျန်းမာရေးကုန်ကျစရိတ်များကျခံရန် မစွမ်းဆောင်နိုင်သူများအတွက် အကူအညီပေးရေး အစီအစဉ်များ၊

(ဂ) လူမှုရေးနှင့် စီးပွားရေး အကျပ်အတည်း ရင်ဆိုင်နေရသော သက်ကြီးရွယ်အိုများအတွက် အာဟာရပြည့်ဝရေး အစီအစဉ်များ၊

(ဃ) အသက်အရွယ်၊ ကျွမ်းကျင်မှုများ၊ အလုပ်အကိုင် အမျိုးအစားများနှင့် ကိုက်ညီသည့် အလုပ်အကိုင်ဖော်ထုတ်ရေးနှင့် တွဲစပ်ပေးရေး အစီအစဉ်များ၊

(င) အစီအစဉ်များအားလုံးတွင် သက်ကြီးရွယ်အိုများပါဝင်နိုင်စေရေး အဓိကထားဆောင်ရွက်ခြင်းနှင့် ရပ်ရွာ၏ ထုံးတမ်းစဉ်လာနှင့် ယဉ်ကျေးမှု အပိုင်းကဏ္ဍများကို အဓိကထားခြင်း၊

(စ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး အစီအစဉ်များတွင် သက်ကြီးရွယ်အိုများကို ဦးစားပေးအုပ်စုအဖြစ် ထည့်သွင်းခြင်းနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲသည့် လုပ်ငန်းစဉ်တွင် ၎င်းတို့ကို ပါဝင်စေခြင်း။

**လေးထောင့်ကွက် (၄) - မြန်မာနိုင်ငံတွင် ကျန်းမာရေးစောင့်ရှောက်မှု**

မြန်မာနိုင်ငံတွင် ကျန်းမာရေး ပြုစုစောင့်ရှောက်မှုကို နိုင်ငံတော်အစိုးရ ဘတ်ဂျက်မှ လည်းကောင်း၊ (ပုံစံတကျကဏ္ဍမှ ဝန်ထမ်းများအတွက်) လူမှုဖူလုံရေး ဆေးဝါးကုသမှု အစီအမံမှ လည်းကောင်း ဘဏ္ဍာငွေကျခံဆောင်ရွက်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနသည် ယခုအခါ ကျန်းမာရေးပြုစု စောင့်ရှောက်မှု တိုးတက်ရရှိရေး လုပ်ငန်းအစီအစဉ်အချို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ယင်းတို့တွင် ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် အသက် (၅)နှစ်အထိ ကလေးသူငယ်များအတွက် ခံစားခွင့်အစီအစဉ်များ ပါဝင်ပါသည်။ ပြည်သူ့ကျန်းမာရေး အစီအမံများမှတစ်ဆင့် အခြေခံ ဆေးဝါးများစာရင်းတွင် ပါဝင်သော ဆေးဝါးများကို အခမဲ့ ဖြည့်ဆည်းပေးခြင်းဖြစ်ပါသည်။ ယင်းမှာ ကျန်းမာရေး ဘတ်ဂျက်၏ အရေးပါသော အစိတ်အပိုင်း ဖြစ်ပြီး စုစုပေါင်း အသုံးစရိတ်၏ သုံးပုံတစ်ပုံ နီးပါးရှိပါသည်။ သားသမီး (၅)ဦးအထိရှိသော အမျိုးသမီးများအား ဆေးရုံများနှင့် ကျန်းမာရေး ဌာနများတွင် မွေးဖွားစဉ် အခမဲ့ ပြုစု စောင့်ရှောက်မှုပေးပါသည်။ မွေးဖွားစဉ် ဆေးဝါးများ လိုအပ်လျှင်လည်း ဖြည့်ဆည်းပေးပါသည်။

မြန်မာနိုင်ငံတွင် ဆေးရုံများအားလုံး၌ ဆင်းရဲနွမ်းပါးသူများအတွက် ပြုစုစောင့်ရှောက်မှု ပေးရန်နှင့် အထွေထွေ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများအတွက် ကျန်းမာရေး ရန်ပုံငွေတစ်ရပ် တည်ထောင်ထားပါသည်။ နောက်ထပ်ဆောင်ရွက်မည့် မီးမဖွားမီ စစ်ဆေးမှု ခံယူရန် သွားရောက်ခြင်းများ၊ မီးဖွားပြီး ပြုစုစောင့်ရှောက်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် ဆင်းရဲသော အမျိုးသမီးများ အတွက် အာဟာရပြည့်ဝရေးတို့ ဆောင်ရွက်ရန် ပြေစာရန်ပုံငွေတစ်ရပ်ကို စမ်းသပ်ဆောင်ရွက်လျက်ရှိပါသည်။ အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ဖြစ်ပွားနေသူများကို အေအာဗွီဆေးဝါးများ အခမဲ့ ဖြည့်ဆည်းပေးပါသည်။ ကျန်းမာရေး ဘတ်ဂျက်တွင် ကာကွယ်ဆေးထိုးသည့် ကုန်ကျစရိတ်များလည်း ပါဝင်ပါသည်။ ငှက်ဖျားနှင့် အဆုတ်ရောဂါ (တီဘီ)ကို ကုသရန် အစီအစဉ်များကိုလည်း ပံ့ပိုးမှုပေးပါသည်။

သို့ရာတွင် ကျန်းမာရေးပြုစုစောင့်ရှောက်မှုကို ရယူအသုံးပြုနိုင်မှုနှင့် အရည်အသွေး တိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်ဖွယ်ရာ များစွာကျန်ရှိနေပါသည်။ မြန်မာနိုင်ငံတွင် ကျန်းမာရေးပြုစုစောင့်ရှောက်မှု ပြုပြင်ပြောင်းလဲရေးသည် လူဦးရေ၏ ၇၅% ရှိသည့် အရည်အသွေး မြင့်မားသော ကျန်းမာရေးပြုစုစောင့်ရှောက်မှု မရရှိသူများအတွက် ဆောင်ရွက်ပေးရန်နှင့် မရှိမဖြစ် လိုအပ်သော ဝန်ဆောင်မှုများအတွက် မိမိစရိတ်ဖြင့် အကုန်အကျခံရခြင်းများ မရှိစေရန် ရည်ရွယ်ပါသည်။

၂၀၃၀ ခုနှစ်တွင် အားလုံးအတွက် လုပ်ငန်းဆောင်ရွက်ပေးနိုင်ရန် မြန်မာနိုင်ငံကို အကူအညီပေးရေးအတွက် ကမ္ဘာ့ဘဏ်က ဒေါ်လာသန်း (၂၀၀) ရင်းနှီးမြှုပ်နှံပါမည်။

တစ်နိုင်ငံလုံးလွှမ်းခြုံသည့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၄ ခုနှစ်တွင် အောက်ဖော်ပြပါ မဟာဗျူဟာများကို ချမှတ်ခဲ့ပါသည် -

(က) မရှိမဖြစ်လိုအပ်သော ကျန်းမာရေးလုပ်ငန်းများ သတ်မှတ်ခြင်းနှင့် ၎င်းတို့နှင့် ဆက်စပ်နေသော ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးခြင်း၊

(ခ) ဝန်ကြီးဌာနများအကြား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်မှု မြှင့်တင်ခြင်း၊

(ဂ) ကျန်းမာရေးကဏ္ဍ၏ လူ့စွမ်းအားအရင်းအမြစ်များကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

(ဃ) ပစ္စည်းများဝယ်ယူခြင်းနှင့် ထိရောက်စွာဖြန့်ချိရေးတို့ ဆောင်ရွက်နိုင်မည့် စနစ်အား ကောင်းမွန်စေခြင်း၊

(င) မူဝါဒနှင့် စီမံကိန်းရေးဆွဲမှု မြှင့်တင်ခြင်းဖြင့် အများပြည်သူ အစီအမံများကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ခြင်း၊

(စ) ပုဂ္ဂလိက ကျန်းမာရေးအစီအမံများကို ကြီးကြပ်ကွပ်ကဲမှု တိုးမြှင့် ဆောင်ရွက်ခြင်း။

ကျန်းမာရေးပြုစုစောင့်ရှောက်မှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အခြားသော အချက်အလက်များကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ အစီရင်ခံစာ "လူမှုကာကွယ်စောင့်ရှောက်ရေး အကဲဖြတ်ချက် အခြေပြုအမျိုးသားအဆင့် ဆွေးနွေးပွဲ - မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်မည့် လူမှုကာကွယ်စောင့်ရှောက်ရေး အခြေခံသတ်မှတ်ချက်" " Social Protection Assessment Based National Dialogue: Towards a Nationally Achieved Social Protection Floor in Myanmar " (၂၀၁၄ ခုနှစ်)တွင် ဖော်ပြထားပါသည်။

## လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်တစ်ရပ်တည်ဆောက်ခြင်း

### ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ

၁၀၈။ လူမှုကာကွယ်စောင့်ရှောက်ရေး အဓိကလုပ်ငန်း Flagship အစီအစဉ်များသည် မြန်မာနိုင်ငံသူ နိုင်ငံသားများ ဘဝတစ်သက်တာ တွေ့ကြုံရသည့် အန္တရာယ်ကျရောက်နိုင်မှုများနှင့် ဘဝရပ်တည်ရန် ခက်ခဲမှုများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် လိုအပ်ပါသည်။ သို့ရာတွင် လုံလောက်မှုရှိမည် မဟုတ်ပါ။ မိသားစုများနှင့် ကလေးသူငယ်များသည် စဉ်ဆက်မပြတ် များပြားရှုပ်ထွေးသော ဘဝရပ်တည်ရန် ခက်ခဲမှုများကို ရင်ဆိုင်နေရပြီး ယင်းတို့ကို ထိရောက်စွာ ဖြေရှင်းဆောင်ရွက်ရန် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သောလုပ်ငန်းများ လိုအပ်ပါသည်။

၁၀၉။ လူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများကို အားပေးမြှင့်တင်ရန် အထိရောက်ဆုံးနှင့် လုပ်ငန်းအတွင်ကျယ်ဆုံး နည်းလမ်းမှာ „„စနစ်ချမှတ်ဆောင်ရွက်သည့်ချဉ်းကပ်ပုံ" ကို အားပေးမြှင့်တင်ခြင်း ဖြစ်ပါသည်။ ဘဝရပ်တည်ရန် ခက်ခဲမှုအပိုင်းကဏ္ဍ အသီးသီးကို ဖြေရှင်းဆောင်ရွက်ရန် လိုအပ်သော အဖွဲ့အစည်းစနစ်များနှင့် အစီအမံများကို ဘက်စုံအားကောင်းစေရန် ရည်ရွယ်ပြီး ဝန်ဆောင်မှုများအချင်းချင်း ဖြည့်ဖက်ဖြစ်မှုနှင့် လုပ်ငန်းတွင်ကျယ်မှုတို့ကို တိုးမြှင့်ပေးရပါသည်။

၁၁၀။ ထို့ကြောင့် ဤမဟာဗျူဟာစီမံချက်တွင် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးစနစ်ဆောင်ရွက်ရန် အားပေးမြှင့်တင်ထားပါသည်။ ဘက်စုံစနစ်များသည် -

(က) ဘဝရပ်တည်ရန် အခက်ခဲဆုံး လူအုပ်စုများ၏ လူမှုရေးနှင့် စီးပွားရေး လိုအပ်ချက်များကို တုံ့ပြန်နိုင်ရန် ရည်ရွယ်ပါသည်။

( ခ) ဖြေရှင်းဆောင်ရွက်မှုများကို လူတစ်ဦးချင်း၊ မိသားစုများနှင့် ရပ်ရွာတို့၏ လိုအပ်ချက်အား အကဲဖြတ်ထားသည့်အပေါ် အခြေပြုပါသည်။

( ဂ) အကဲဖြတ်ရရှိသော မိသားစုများနှင့် ကလေးသူငယ်များ၏ လိုအပ်ချက်များကို ကဏ္ဍပေါင်းစုံပါဝင်သော ချဉ်းကပ်ပုံဖြင့် တုံ့ပြန်လျက် ဝန်ဆောင်မှုအသီးသီးမှ ဖြေရှင်းဆောင်ရွက်မှုများကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန် အကူအညီပေးပါသည်။

(ဃ) အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများနှင့် ပရဟိတ အဖွဲ့အစည်းများ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရန် လုပ်ဆောင်ခြင်း၊ လူတိုင်း မိမိတို့ စွမ်းဆောင်နိုင်မှုအလိုက် ပါဝင်နိုင်ရန် ကူညီပံ့ပိုးခြင်း၊

( င) ဖြစ်ရပ်စီမံခန့်ခွဲမှုနှင့် ညွှန်းပို့လွှဲအပ်သော လုပ်နည်းလုပ်ဟန်များကို လေ့ကျင့် သင်တန်းပေးထားသော ဖြစ်ရပ်စီမံခန့်ခွဲသူများဖြင့် ဆောင်ရွက်လျက် ဝန်ဆောင်မှု များကို ဘက်စုံပေါင်းစည်းရေး အကောင်အထည်ဖော်ခြင်းနှင့် ချို့တဲ့သူများအား ထိရောက်စွာ ပံ့ပိုးမှုပေးနိုင်ရန် လိုအပ်သည့် အရင်းအမြစ်များရှိခြင်း၊

( စ) လူမှုကာကွယ်စောင့်ရှောက်ရေး လိုအပ်လျက်ရှိသော နိုင်ငံသားများသည် တစ်နေရာ တည်းတွင် သက်ဆိုင်ရာ သတင်းအချက်အလက်နှင့် ဖြစ်ရပ်စီမံခန့်ခွဲသူများ၏ ပံ့ပိုးမှုကို ရယူနိုင်စေရန် စီစဉ်ထားရှိခြင်း။

**အန္တရာယ်ကျရောက်လွယ်သောအုပ်စုများ**

ဤမဟာဗျူဟာစီမံချက်တွင် ပါဝင်သည့် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအစီအစဉ် အားလုံးသည် အောက်ဖော်ပြပါ အန္တရာယ်ကျရောက်လွယ်သောအုပ်စုများနှင့် လူမှုဘဝပြင်ပသို့ ရောက်ရှိနေသော အုပ်စုများ၏ လိုအပ်ချက်များကို ပြန်လည်သုံးသပ်လျက် ဖြေရှင်းဆောင်ရွက် ပါမည် -

(က) မိဘမဲ့များ

(ခ) အထူးလိုအပ်ချက်များရှိနေသောအမျိုးသမီးများ

(ဂ) ကလေးသူငယ်များ/မသန်စွမ်းသူများ/သက်ကြီးရွယ်အိုများ

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်လွယ်သောရပ်ရွာများတွင် နေထိုင်သူများ၊ ပြန်လည်ထူထောင်ရန်လိုအပ်သူများ

(င) နာတာရှည်ရောဂါဖြစ်သူ/နာမကျန်းသူများ

၁၁၁။ မြန်မာနိုင်ငံတွင် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးစနစ်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက တာဝန်ယူလျက် အောက်ပါအတိုင်း တည်ထောင်ပါမည် -

(က) မြို့နယ်အဆင့်တွင် လူမှုကာကွယ်စောင့်ရှောက်ရေးဌာန (လူမှုဝန်ထမ်းရုံးများ) (၃၃၀) ဖွင့်လှစ်ခြင်း၊

(ခ) ဖြစ်ရပ်စီမံခန့်ခွဲမှုနှင့် ကွန်ရက်ဆက်သွယ်သည့် နည်းလမ်းများ လေ့ကျင့်သင်တန်းပေးမှု ရရှိထားသည့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်း အနည်းဆုံး (၆၀၀၀) ခေါ်ယူ ခန့်ထားခြင်း။

## မြန်မာနိုင်ငံ ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ (ISPS) ဖြည့်ဆည်းပေးသည့် ဦးတည်ချက်များ

၁၁၂။ ဖွံ့ဖြိုးတိုးတက်ပြီး အားကောင်းသော ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများသည် အောက်ပါတို့ကို ဆောင်ရွက်ပေးနိုင်ပါမည် -

(က) ရပ်ရွာများအတွင်း ဘဝရပ်တည်ရန်ခက်ခဲမှု/ အန္တရာယ်ကျရောက်နိုင်မှုများနှင့် ယင်းတို့၏ အပိုင်းကဏ္ဍများကို ဖော်ထုတ်ခြင်း၊

(ခ) ဘဝရပ်တည်ရန်ခက်ခဲမှု/ အန္တရာယ်ကျရောက်နိုင်မှုများနှင့်စပ်လျဉ်းသည့် သတင်း အချက်အလက်များအား ပုံမှန်စုဆောင်းခြင်း၊

(ဂ) နိုင်ငံသားများအား ရရှိနိုင်သော ဝန်ဆောင်မှုများအကြောင်း သတင်းအချက် အလက် ဖြည့်ဆည်းပေးခြင်း၊ ဝန်ဆောင်မှုများကို စီမံခန့်ခွဲခြင်းနှင့် ဖြည့်ဆည်း ပေးခြင်းတို့တွင် ထင်သာမြင်သာရှိစေရန် စီစဉ်ခြင်း၊

(ဃ) မိသားစုများအား နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊

(င) ဘဝရပ်တည်ရန် ခက်ခဲမှုတစ်ခုချင်းကို တုံ့ပြန်လျက် ကျန်းမာရေး၊ ပညာရေးနှင့် အခြားလိုအပ်သော ဝန်ဆောင်မှုများကို လွယ်ကူချောမွေ့စွာ ရယူနိုင်စေရန် ဆောင်ရွက်ပေးခြင်း၊

(စ) စေတနာ့ဝန်ထမ်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ လုပ်ငန်းများ တာဝန်ခွဲဝေ ဆောင်ရွက်ခြင်း၊

(ဆ) ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းအား ပုံမှန်စောင့်ကြည့်စစ်ဆေးပြီး အစီရင်ခံတင်ပြခြင်း။

**မြန်မာနိုင်ငံတွင် ရပ်ရွာအခြေပြုကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး စနစ်များ ဆောင်ရွက်လျက်ရှိခြင်း**

လွန်ခဲ့သော (၅)နှစ်အတွင်းတွင် လူမှုဝန်ထမ်းဦးစီးဌာနသည် ရပ်ရွာအခြေပြုကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးစနစ်များ တည်ထောင်လျက် မြို့နယ်(၂၅)မြို့နယ်တွင် ယင်းရပ်ရွာအခြေပြု အုပ်စုများကို လူမှုဝန်ထမ်း ဖြစ်ရပ်စီမံခန့်ခွဲသူ Case Manager များနှင့် ချိတ်ဆက်ပေးပါသည်။ လုပ်ငန်းအစီအစဉ်ကို ယူနီဆက်က ပံ့ပိုးပေးပြီး အစိုးရမဟုတ်သော အဖွဲ့အစည်း (၅)ဖွဲ့က ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

မြို့နယ်တစ်မြို့နယ်စီတွင် လူမှုဝန်ထမ်းအရာရှိတစ်ဦးစီကို လူမှုဝန်ထမ်းဖြစ်ရပ် စီမံခန့်ခွဲသူ Case Manager အဖြစ် သတ်မှတ်တာဝန်ပေးပါသည်။ ကလေးသူငယ်များနှင့် မိသားစုများအား တိုက်ရိုက် ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးခြင်း အပါအဝင် ကလေးသူငယ် အခွင့်အရေးများ ချိုးဖောက်ခြင်းနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး ဖြစ်ရပ်များကို ဖြေရှင်းဆောင်ရွက်ရန် ညွှန်းပို့လွှဲအပ်သော အစီအမံတစ်ရပ်ကို ယင်းမြို့နယ်များအတွင်းရှိ ကျေးရွာများတွင် စမ်းသပ်ဆောင်ရွက်ပြီး ဖြစ်ပါသည်။

လုပ်ငန်းအစီအစဉ်အရ ယနေ့အထိ မြို့နယ်များနှင့် ကျေးရွာများတွင် လုပ်ငန်းဆောင်ရွက်လျက်ရှိသော ကာကွယ်စောင့်ရှောက်ရေးစနစ်တစ်ရပ်ကို တည်ထောင်နိုင်ခဲ့ပါသည်။ အဖွဲ့ဝင် (၄၅၈၃)ဦးပါဝင်သော ရပ်ရွာပံ့ပိုးမှု အုပ်စု (၂၈၄)ခုအား စုပေါင်းလျက် ကွန်ရက်တစ်ရပ်ကိုလည်း တည်ထောင်ထားပါသည်။ လုပ်ငန်းအစီအစဉ် စတင်ချိန်မှ ကြီးလေးသော ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဖြစ်ရပ် (၁၂၀၂) ခုကို မြို့နယ်ကလေးသူငယ်အခွင့်အရေးများ ကော်မတီသို့ ညွှန်းပို့လွှဲအပ်ခဲ့ပါသည်။

ညွှန်းပို့လွှဲအပ်ပြီးနောက် ဝန်ဆောင်မှုများနှင့် လူမှုဝန်ထမ်းဆိုင်ရာ တုံ့ပြန်မှု ဆက်လက်ဆောင်ရွက်ပါသည်။ ဤစမ်းသပ်လုပ်ငန်းနှင့် ယင်းမှလေ့လာသင်ယူရရှိချက်များကို တွန်းအားအဖြစ်အသုံးပြုပြီး ဘဝရပ်တည်ရန် ခက်ခဲသောအုပ်စုများအားလုံး၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည့် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ ဆောင်ရွက်သည့်အခါ လုပ်ငန်းအပိုင်းအဖြစ် လူမှုဝန်ထမ်းဖြစ်ရပ် စီမံခန့်ခွဲခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းကို ကျင့်သုံးရန် ဆုံးဖြတ်ချက်ချမှတ်ပါသည်။

**မြန်မာနိုင်ငံတွင် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး**


၁၁၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံတွင် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေးကို အခြားဆက်စပ် ဝန်ကြီးဌာနများ၊ အဓိကသက်ဆိုင်ပါဝင်သူများ (အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့များ)နှင့် တိုင်ပင်ဆွေးနွေးလျက် ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများ၏ နည်းပညာနှင့် ဘဏ္ဍာရေး ပံ့ပိုးမှုဖြင့် ကြီးကြပ်ကွပ်ကဲပါမည်။

၁၁၄။ ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများကို ဆက်စပ်ဝန်ကြီးဌာနများ ပါဝင်လျက် အမျိုးသားအဆင့်ကော်မတီနှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ကော်မတီများဖြင့် ရေးဆွဲပြီး ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်များတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများအား ကျေးရွာများနှင့် ရပ်ရွာများတွင် လုပ်ငန်းဆောင်ရွက်ရန် တာဝန်ပေးပါမည်။

၁၁၅။ ထိရောက်တွင်ကျယ်စွာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရန်နှင့် တာဝန်ယူရမည့်အခန်း ကဏ္ဍများကို သတ်မှတ်ဖော်ပြရန်၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် အခြားအများပြည်သူ ဝန်ဆောင်မှုများ (ကျန်းမာရေး၊ ပညာရေး၊ ရဲတပ်ဖွဲ့) အကြားတွင်လည်းကောင်း၊ နယ်မြေဒေသ အတွင်း လုပ်ငန်းဆောင်ရွက်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်သည့် လုပ်နည်းလုပ်ဟန်များကို ချမှတ်ထားရှိပါမည်။

၁၁၆။ ကာလရှည်တွင် တစ်နိုင်ငံလုံးရှိ နိုင်ငံသားများအား လူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးခြင်းနှင့် စပ်လျဉ်း၍ သတင်းအချက်အလက် စုဆောင်းထားရှိ နိုင်ရန် အချက်အလက်မှတ်တမ်းစု database တစ်ရပ် တည်ထောင်ထားရှိပါမည်။ ဤသို့ဖြင့် အရင်းအမြစ်များကို အကောင်းဆုံးဖြစ်စေရန် ဆောင်ရွက်နိုင်ပြီး ထိရောက်တွင်ကျယ်သော စောင့်ကြည့်စစ်ဆေးရေးနှင့် အကဲဖြတ်သုံးသပ်ရေးစနစ်ကိုလည်း ထားရှိနိုင်ပါမည်။ ဘက်စုံ လူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများကို တစ်ဆင့်ပြီးတစ်ဆင့် စတင်ဆောင်ရွက် ပါမည်။ နှစ်စဉ်မြို့နယ်များ၏ ၂၀% တွင် လူမှုကာကွယ်စောင့်ရှောက်ရေးဌာနများ ဖွင့်လှစ်ပြီး လိုအပ်သော မြို့နယ် (၆၆) မြို့နယ်တွင် ၂၀၁၅ ခုနှစ်မှ စတင်၍ နှစ်စဉ်ပျမ်းမျှ လူမှုဝန်ထမ်း ဦးစီးဌာနမှ ဝန်ထမ်း (၁၂၀၀) ကို ခေါ်ယူခန့်ထားလျက် တိုးချဲ့ဆောင်ရွက်ရန် ဖြစ်ပါသည်။

၁၁၇။ ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရာတွင် ပါဝင်သော နိုင်ငံတော်အစိုးရ အဆင့်အသီးသီးသည် အပြန်အလှန် ဆက်စပ်နေသော နယ်ပယ် (၃)ရပ်တွင် လုပ်ငန်းဆောင်ရွက်ရပါမည်။




၁၁၈။ **ဖြစ်ရပ်စီမံခန့်ခွဲခြင်း (Case Management)** သည် မိသားစု သို့မဟုတ် လူတစ်ဦးချင်း၏ လိုအပ်ချက်များကို အကဲဖြတ်ခြင်းနှင့် မိသားစုနှင့် ရပ်ရွာတွင် နေထိုင်သူများ အပါအဝင် ယင်းအကျိုးခံစားသူများအတွက် ဝန်ဆောင်မှုများနှင့် အရင်းအမြစ်များ ကွန်ရက်တည်ထောင်ခြင်းကို အဓိကထား လုပ်ဆောင်ပါသည်။ ဖော်ထုတ်ရရှိသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး အကျိုးခံစားသူများ၏ ပြဿနာဖြေရှင်းသော အစီအမံများကို အားဖြည့်ပေးပါသည်။

၁၁၉။ **လုပ်ငန်းအစီအစဉ်စီမံခန့်ခွဲခြင်း (Programme Management)** သည် ရပ်ရွာ သို့မဟုတ် အကျိုးခံစားသူများအုပ်စု၏ စုပေါင်းလိုအပ်ချက်များကို ဖြေရှင်းဆောင်ရွက်ရန် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများဖြင့် မြှင့်တင်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်များ၊ ဆောင်ရွက်ချက်များအားလုံးနှင့် သက်ဆိုင်ပါသည်။ ယင်းတွင် (၁) အထူးလိုအပ်သော လူမှုရေး ဝန်ဆောင်မှုများကို ရယူအသုံးပြုနိုင်မှု လွယ်ကူချောမွေ့စေရန် ငွေကြေးလွှဲပြောင်းပေးသည့် အစီအစဉ်များနှင့် ဖြေရှင်းဆောင်ရွက်မှုများကိုကြီးကြပ်ခြင်း (၂) ပြည်နယ်အဆင့်တွင် နယ်မြေဒေသတွင်း ကွန်ရက်များနှင့် ဝန်ဆောင်မှုများကို အားကောင်းစေရန် နယ်မြေဒေသတွင်း လူမှုရေးအစီအစဉ်များ ရေးဆွဲခြင်းနှင့် (၃) အချက်အလက်စုဆောင်းခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ ပါဝင်ပါသည်။

၁၂၀။ **အရင်းအမြစ်စီမံခန့်ခွဲခြင်း (Resource Management)** သည် ဝန်ဆောင်မှု အမျိုးမျိုး ဖြည့်ဆည်းပေးရန် လိုအပ်သော ဘဏ္ဍာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များကို ဖော်ထုတ်ခြင်းနှင့် ရယူခြင်းတို့ ပါဝင်ပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများနှင့်စပ်လျဉ်းသည့် နယ်မြေဒေသအလိုက် ဘတ်ဂျက်များရေးဆွဲခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် ဆောင်ရွက်ခြင်းများတွင် ပါဝင်ဆောင်ရွက်ခြင်းလည်း အပါအဝင် ဖြစ်ပါသည်။

**သဘာဝဘေးအန္တရာယ်လျော့ပါးရေးစီမံခန့်ခွဲမှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး**

၁၂၁။ လူမှုကာကွယ်စောင့်ရှောက်ရေးဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အနေဖြင့် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲရေး Disaster Management (DM) နှင့် စပ်လျဉ်းသော ဘဝရပ်တည်ရန် ခက်ခဲမှုများ/အန္တရာယ်ကျရောက်လွယ်မှုများကို လွှမ်းခြုံသောနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက် နိုင်ပါမည်။ Disaster Management (DM) သည် ပြည်သူလူထုအပေါ် သဘာဝဘေး အန္တရာယ်များ ကျရောက်နိုင်မှုကို ဖြေရှင်းဆောင်ရွက်ပြီး လူမှုကာကွယ်စောင့်ရှောက်ရေးမှာ ဆင်းရဲနွမ်းပါးသောမိသားစုများ၏ လူမှုရေးနှင့်စီးပွားရေး အန္တရာယ်ကျရောက်လွယ်မှုများကို ဦးတည်ဆောင်ရွက်ခြင်းဖြင့် ရပ်ရွာ၏ ကြံ့ကြံ့ခံနိုင်မှု တိုးမြင့်လာစေရန် ရည်ရွယ်ပါသည်။ သဘာဝဘေးအန္တရာယ်များသည် မိန်းကလေးများ၊ ယောကျ်ားလေးများ၊ အမျိုးသမီးများနှင့် အမျိုးသားများ၏ ရှိရင်းဘဝရပ်တည်ရန်ခက်ခဲမှုများ/ အန္တရာယ်ကျရောက်လွယ်မှုများကို ပို၍ များပြားစေပါသည်။ Disaster Management (DM) နှင့် လူမှုကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းနှစ်ရပ်စလုံးကို ဖြေရှင်းဆောင်ရွက်သော လုပ်ငန်းအစီအစဉ် ဘက်စုံချဉ်းကပ်ပုံ ကျင့်သုံးခြင်းဖြင့် ပိုမို၍ ကြံ့ကြံ့ခံနိုင်သော ပတ်ဝန်းကျင်တစ်ရပ် ပေါ်ပေါက်လာပြီး ထိခိုက်မှု များနှင့် သဘာဝဘေးအန္တရာယ်ဖြစ်နိုင်သည့် အလားအလာများကို ခံနိုင်ရည်ရှိရန်နှင့် ပိုမို လျင်မြန်စွာ ပြန်လည်ထူထောင်နိုင်ရန် နယ်မြေဒေသတွင်း စွမ်းဆောင်ရည်ကို တိုးမြင့်စေ ပါမည်။

၁၂၂။ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်အမျိုးမျိုးနှင့် ထိတွေ့လျက်ရှိပါသည်။ နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်များ အမျိုးမျိုး ဖြစ်ပွားလျက်ရှိပါသည်။ ယင်းသို့ ဖြစ်ပွားခြင်းမှာ ရာသီ ဥတုအပြောင်းအလဲ၏ သက်ရောက်မှုကြောင့် ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံတော်၏ ဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အောင်မြင်မှုများကို ထိခိုက်မည့်

အန္တရာယ်ရှိသည့်အပြင် ဆင်းရဲနွမ်းပါးသူများ ဆင်းရဲမှုမှ မလွတ်မြောက်နိုင်ဘဲ အခြားသူများမှာလည်း ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်းအောက်သို့ ရောက်ရှိသွားနိုင်ပါသည်။ သဘာဝဘေးအန္တရာယ် ကျရောက်သောအခါ လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ ချမှတ်ထားသော နိုင်ငံများသည် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံရမှု ဆိုးကျိုးသက်ရောက်မှုများကို အတတ်နိုင်ဆုံး နည်းပါးစေပြီး တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်မှုများကို ပိုမိုလျင်မြန်စွာ လုပ်ဆောင်နိုင် ပါသည်။

၁၂၃။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကို မြန်မာနိုင်ငံတွင် အောက်ဖော်ပြပါ မူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များတွင် အတိအလင်း ဖော်ပြထားပါသည်-

(က) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်းများ၊

( ခ) သဘာဝဘေးအန္တရာယ်များဆိုင်ရာ တည်မြဲအမိန့်များ၊

( ဂ) မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းစီမံချက်၊

(ဃ) အမျိုးသားအဆင့် လိုက်လျောညီထွေ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းအစီအစဉ်။

**သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး၏ ဦးတည်ချက်များ**

၁၂၄။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စပ်လျဉ်းသည့် လူမှုကာကွယ်စောင့်ရှောက်ရေး ဆိုင်ရာ ဦးတည်ချက်များမှာ (၁) သဘာဝဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် သဘာဝဘေး ဒဏ်ခံရသူများအတွက် ကယ်ဆယ်ရေးအကူအညီ ဖြည့်ဆည်းပေးရန်နှင့် အခြေခံ ဝန်ဆောင်မှု များနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြန်လည်ရယူ အသုံးပြုနိုင်စေရန် (ပျက်စီးဆုံး ရှုံးမှုအခြေအနေ ပြန်လည်ကောင်းမွန်ရေးနှင့် ပြန်လည်ထူထောင်ရေး ဝန်ဆောင်မှုများ) (၂) သဘာဝဘေးအန္တရာယ်ဆိုင်ရာ အချက်အလက်များကို ပိုမို၍ ရယူသိရှိလာနိုင်စေခြင်း၊ အခြေခံဝန်ဆောင်မှုများရရှိနိုင်ပြီး ဝင်ငွေကို ကြိုတင်ခန့်မှန်းနိုင်ခြင်း၊ လူသားအရင်းအမြစ်နှင့် စွမ်းဆောင်ရည်တွင် ရင်းနှီးမြှုပ်နှံခြင်းတို့ဖြင့် ပြည်သူလူထု၏ သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်လွယ်မှု/ ဘဝရပ်တည်ရန်ခက်ခဲမှုများကို လျှော့ချနိုင်ရေး အထောက်အကူပြုရန်နှင့် (၃) အခြေခံ အဆောက်အအုံ ပိုမိုကောင်းမွန်စေခြင်းနှင့် အန္တရာယ် ကျရောက်နိုင်မှုကို လွှဲပြောင်းခြင်းဖြင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းတွင် အထောက် အကူပြုစေရန်တို့ ဖြစ်ပါသည်။

၁၂၅။ ယင်းတို့ကို အောက်ပါအတိုင်း အောင်မြင်အောင် ဆောင်ရွက်ပါမည်-

(က) သဘာဝဘေးအန္တရာယ် ဖြစ်ပွားပြီးနောက် မူလအခြေအနေသို့ပြန်လည်ရောက်ရှိရန် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များနှင့် လုပ်ငန်းအစီအစဉ်များကို တိုးချဲ့ ဆောင်ရွက်ခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေရန်အတွက် ရှိရင်း လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ဆောင်ရွက်ပေးသည့် အစီအမံ များကို အသုံးပြုခြင်း၊

(ဂ) လူသားအရင်းအမြစ်နှင့် ဝင်ငွေလုံခြုံမှုကို ဖန်တီးပေးသည့် လူမှုကာကွယ် စောင့်ရှောက်ရေးအစီအမံများကို ရေရှည်ခံစားရရှိနိုင်ရန် ဖြည့်ဆည်းဆောင်ရွက် ပေးခြင်း၊

(ဃ) ရာသီဥတုဒဏ်နှင့် သဘာဝဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိသည့် အလုပ် အကိုင်များတွင် အများပြည်သူ ပါဝင်ဆောင်ရွက်နိုင်ရေး အစီအစဉ်များကို လုပ်ဆောင်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုအညွှန်းကိန်းများပါဝင်သော ဆင်းရဲနွမ်းပါး သူများကို အကျိုးပြုသည့် အာမခံအစီအစဉ်များကို အားပေးမြှင့်တင်ခြင်း။

**သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အဓိကကိစ္စရပ်များ**

၁၂၆။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အဓိက ကိစ္စရပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်အမျိုးအမျိုးကို ကြုံတွေ့ရလျက်ရှိပါသည်။ ယင်းတို့မှာ ကြိမ်နှုန်းများပြားလာလျက်ရှိပြီး အင်အားလည်း ပိုမို ပြင်းထန်လာ လျက်ရှိရာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေး လုပ်ငန်းစဉ်များကို မြှင့်တင်ဆောင်ရွက်ရန် ပိုမိုလိုအပ်လာပါသည်။

(ခ) သဘာဝဘေးအန္တရာယ်များသည် ဝင်ငွေအရင်းအမြစ်များ၊ အာဟာရပြည့်ဝမှု နှင့် သောက်သုံးရေရရှိနိုင်မှုများကို နည်းပါးစေခြင်း သို့မဟုတ် ကွယ်ပျောက်စေ ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထိခိုက်စေပါသည်။

(ဂ) သဘာဝဘေးအန္တရာယ်များသည် ရွှေ့ပြောင်းသွားလာသူများကိုလည်း တိုးပွားစေပါသည်။ (ဥပမာ- မိုးခေါင်ရေရှားခြင်း) ဤရွှေ့ပြောင်းသွားလာမှုမှာ မကြာခဏ ရာသီအလိုက်ဖြစ်ပေါ်နိုင်ပြီး ၎င်းသည် ဝင်ငွေအပေါ် သက်ရောက်မှုရှိပါသည်။

(ဃ) သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားသောအခါ ပုံမှန်အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ရမည့်အစား ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ယာယီအားထုတ်ဆောင်ရွက်ရသဖြင့် အချိန်၊ စွမ်းဆောင်ရည်နှင့် စုဆောင်းငွေများ ဆုံးရှုံးရပါသည်။

(င) သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် စားနပ်ရိက္ခာ မဖူလုံမှုကြောင့် ဆိုးဝါးသော ပြဿနာများ ပေါ်ပေါက်လာနိုင်ပြီး ဘဝရပ်တည်ရန် အခက်ခဲဆုံးသူများ (ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် သားသည်မိခင်များ စသည်တို့)၏ အာဟာရပြည့်ဝမှု အနေအထားကို ခြိမ်းခြောက် အန္တရာယ်ပြုနိုင်ပါသည်။

(စ) မတူညီသော သဘာဝဘေးအန္တရာယ်များသည် ပြည်သူများအပေါ် ထိခိုက်မှု မတူညီကြပါ။ အများပြည်သူ အလုပ်အကိုင်ရရှိရေးအစီအစဉ်များ စီစဉ်ရာတွင် ဤအချက်ကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

(ဆ) လူအများမှာ သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာမည့်အန္တရာယ်များကို ပိုမိုနားလည် သဘောပေါက်လာကြသော်လည်း လုံလောက်မှု မရှိသေးပါ။ အရေးပေါ်အခြေအနေနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ဆက်လက်၍ နှိုးဆော်ရန် လိုအပ်ပါသည်။

(ဇ) ကနဦးတုံ့ပြန်မည့်သူများအတွက် ထိခိုက်မှုလျော့နည်းစေရန် လိုအပ်သော အစီအမံများ ဆောင်ရွက်ထားရန် လိုအပ်ပါသည်။ (ဥပမာ - လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ အာမခံချက်များ၊ ပစ္စည်းကိရိယာများ)

**သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး Disaster Management (DM) နှင့် လူမှုကာကွယ်စောင့်ရှောက်ရေးကိုချိတ်ဆက်ခြင်း**

၁၂၇။ ဤမဟာဗျူဟာစီမံချက်သည် အောက်ဖော်ပြပါ ဦးစားပေးနယ်ပယ် (၄)ရပ်တွင် လူမှုကာကွယ်စောင့်ရှောက်ရေး အဓိကလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကို စုစည်းဆောင်ရွက်ရန် အဓိက အာရုံစူးစိုက် ဖော်ပြထားပြီး လူမှုရေးသက်ရောက်မှု အကဲဖြတ်ချက်များနှင့် လူမှုရေးအာမခံတို့အပါအဝင် အခြားချဉ်းကပ်ပုံများကိုလည်း အဆိုပြုထားပါသည် -

(က) ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ၊

( ခ) အများပြည်သူအလုပ်အကိုင်ရရှိရေးအစီအစဉ်များ၊

( ဂ) လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအစီအစဉ်များ၊

(ဃ) သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များ။

**ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး**

၁၂၈။ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့် စပ်လျဉ်း၍ ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ၏ ဦးတည်ချက်များမှာ (၁) သဘာဝဘေးအန္တရာယ်ဖြစ်ပွားပြီးနောက် သဘာဝဘေးအန္တရာယ်ကြောင့် အတိဒုက္ခရောက်သူများထံ လတ်တလော သက်သာချောင်ချိရေးအတွက် ကယ်ဆယ်ရေးအကူအညီပေးပို့ရန် ရှိရင်းလူမှုကာကွယ်စောင့်ရှောက်ရေးစနစ် (လူမှုဝန်ထမ်းများကွန်ရက်၊ အီလက်ထရောနစ် အချက်အလက်မှတ်တမ်းစု၊ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများလွှဲပြောင်းပေးအပ်သည့် အစီအမံများ)ကို အသုံးပြုရေးနှင့် (၂) ကြိုတင်သတိပေးစနစ် (ဥပမာ- သဘာဝဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ခြင်းနှင့် ဆက်သွယ်နိုင်သည့် ဝန်ဆောင်မှုများ)ကိုဖြန့်ဝေရန်၊ အဓိကကြိုတင်ပြင်ဆင်ရေး သိစေလိုရင်း အချက်များကို ဖြန့်ဝေရန်နှင့် ဘဝရပ်တည်ရန် အခက်ခဲဆုံးသူများ၏ သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းများ လုပ်ဆောင်နိုင်သည့် စွမ်းဆောင်ရည်တိုးမြှင့်ရန် ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများစနစ်ကို အသုံးပြုရေးတို့ ဖြစ်ပါသည်။

၁၂၉။ ချဉ်းကပ်ပုံမှာ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပြီးသော သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကော်မတီအဆင့်ဆင့်တွင် ကဏ္ဍအလိုက် နှီးနွှယ်ပါဝင်သော အစိုးရ

အဖွဲ့အစည်းများအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး ပါဝင်ပါမည်။ လုပ်ငန်းစတင်ဆောင်ရွက်ရမည့် ရှင်းလင်းသော အချက်ပြအစီအမံများ၊ ယင်းတို့နှင့် ဆက်စပ်သတ်မှတ်ပေးရမည့် အမျိုးသားအဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ရန်ပုံငွေများကိုလည်း ထည့်သွင်းထားရန် ဖြစ်ပါသည်။ သင်တန်းပို့ချရေးနှင့် သင်ခန်းစာများပြုစုရေး၊ သတင်းအချက်အလက် ပညာပေးရေးနှင့် ဆက်သွယ်ရေးစာရွက်စာတမ်းပစ္စည်းများ ပြုစုခြင်းလည်း ပါဝင်ပါမည်။

၁၃၀။ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေးကို စီမံခန့်ခွဲရမည့် ဦးဆောင်အဖွဲ့အစည်းများမှာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ (NDPCC)၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ဖြစ်ပါသည်။ ဤစနစ်တွင် ပြည်သူလူထုတစ်ရပ်လုံး အကျုံးဝင်မည်ဖြစ်ပြီး ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ၏ အထွေထွေချဉ်းကပ်ပုံများကို ဤမဟာဗျူဟာစီမံချက်တွင် ဖော်ပြထားပါသည်။

**သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးနှင့် အများပြည်သူ အလုပ်အကိုင်ရရှိရေး အစီအစဉ်များ**

၁၃၁။ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကို ချိတ်ဆက်သည့် ဦးတည်ချက်များမှာ (၁) သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသော အစီအမံများကို ထည့်သွင်းထားသည့် တည်ဆောက်မှုလုပ်ငန်းများ၊ တည်ဆောက်မှုမပါဝင်သောလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခြင်းဖြင့် ရပ်ရွာများ၏ သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုပြောင်းလဲမှု အကျိုးဆက်များကို ခံနိုင်ရည်ရှိမှု တိုးမြှင့်လာစေရန်၊ (၂) သဘာဝဘေး အန္တရာယ်ဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ဆောင်မှုများ (အပျက်အစီးများနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံကို ပြန်လည်ထူထောင်ခြင်း၊ WASH အစီအမံများပြုလုပ်ခြင်း၊ လမ်းများ ကောင်းမွန်စေရန်ပြုပြင်ခြင်း၊ သောက်ရေများ ဖြန့်ဝေရန်ပံ့ပိုးမှုပေးခြင်းစသည်တို့)ကို မြှင့်တင်ရန်တို့ ဖြစ်ပါသည်။

၁၃၂။ အများပြည်သူ အလုပ်အကိုင်ရရှိရေး လုပ်ငန်းများအတွက် စံနှုန်းများကိုချမှတ်ပါမည်။ ယင်းတို့တွင် (၁) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုခြင်း (၂) သဘာဝဘေးအန္တရာယ်များကို ရပ်ရွာများက ခံနိုင်ရည်ရှိအောင် တိုးမြှင့်စေခြင်း (၃) မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံများတွင် သဘာဝဘေးအန္တရာယ် ခံနိုင်ရည်ရှိမည့် အစီအမံများ ထည့်သွင်း

ရန်တို့ ပါဝင်ပါမည်။ အကောင်အထည်ဖော်မည့်လုပ်ငန်းများ တည်ရှိရာဒေသနှင့် ဆက်စပ်ဒေသများတွင် ဖြစ်ပွားလေ့ရှိသော သဘာဝဘေးအန္တရာယ်များ၊ ဖြစ်ပွားနိုင်သော ဘေးအန္တရာယ်များနှင့် အားနည်းချက်၊ ပျော့ကွက်၊ ဟာကွက်များနှင့် ကိုက်ညီစေမည့် စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊ စီမံချက်များကို အကဲဖြတ်သုံးသပ်ခြင်းများ လုပ်ဆောင်ပါမည်။

၁၃၃။ အများပြည်သူ အလုပ်အကိုင်ရရှိရေး အစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ပြီး ဦးတည်ချက်နှင့် ဘဏ္ဍာငွေဖြည့်ဆည်းပေးသည့် အစီအမံများကို မြှင့်တင်ပါမည်။ ရန်ပုံငွေများကို ယာယီအားဖြင့် ပြည်ထောင်စုအဆင့် သို့မဟုတ် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေများမှ ရယူပါမည်။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်သော အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်ရှိသူများအားလုံး ပါဝင်လာစေရန် လုပ်ငန်းအတိုင်းအတာကို တိုးချဲ့ပါမည်။ တစ်နိုင်ငံလုံးတွင် ဆောင်ရွက်ပါမည်။

၁၃၄။ ဦးဆောင်မည့်အဖွဲ့အစည်းများမှာ (၁) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ (၂) နယ်စပ်ရေးရာဝန်ကြီးဌာန၊ (၃) မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ (၄) ဆောက်လုပ်ရေးဝန်ကြီးဌာန၊ (၅) ပြည်နယ်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့များက အစီအစဉ်များကို ဆောင်ရွက်ပါမည်။

**သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး**

၁၃၅။ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သည့် ဦးတည်ချက်မှာ သဘာဝဘေးအန္တရာယ် လျှော့ပါးရေးဆောင်ရွက်မှု တစ်ခုခုကြောင့် ပုဂ္ဂလိကပိုင် ပစ္စည်းတစ်ခုခုတွင် တိုက်ရိုက်ထိခိုက် ဆုံးရှုံးမှုရှိခဲ့လျှင်သော်လည်းကောင်း၊ လူ့အသက်ဆုံးရှုံးခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါထိခိုက်ခြင်း ရှိခဲ့လျှင်သော်လည်းကောင်း နစ်နာသူသည် သတ်မှတ်ချက်များနှင့်အညီ လျော်ကြေးငွေ ရပိုင်ခွင့်ရှိသည်။

၁၃၆။ ချဉ်းကပ်ပုံတွင် လေ့ကျင့်သင်တန်းပေးခြင်း၊ အန္တရာယ်ကင်းရှင်းရေးပစ္စည်းကိရိယာများဖြန့်ဝေခြင်း၊ အာမခံနှင့်လျော်ကြေးအစီအစဉ်များ ရေးဆွဲခြင်းတို့ပါဝင်ပါသည်။ ဦးဆောင်အဖွဲ့အစည်းမှာ NDPCC ဖြစ်ပါသည်။ အစီအစဉ်များကို ဆောင်ရွက်သည့် အဖွဲ့အစည်းများတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထဲရေး

ဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စည်ပင်သာယာရေး ကော်မတီများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ ပါဝင်ပါမည်။ နိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်ပါမည်။

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးနှင့် သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့ (OPSHGs) များ

၁၃၇။ သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးကို ချိတ်ဆက်ဆောင်ရွက်သည့် ဦးတည်ချက်မှာ သက်ကြီးသူချင်းကူညီ စောင့်ရှောက်ရေး အဖွဲ့များသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးလုပ်ငန်း အဆင့်အားလုံးတွင် ပါဝင် ဆောင်ရွက်နိုင်စေရန်နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးနှင့် စပ်လျဉ်း၍ သက်ကြီး ရွယ်အိုများ၏ လိုအပ်ချက်များနှင့် ဘဝရပ်တည်ရန် ခက်ခဲမှုများကို ဖြေရှင်းဆောင်ရွက်ရန် ဖြစ်ပါ သည်။

၁၃၈။ ချဉ်းကပ်ပုံတွင်အောက်ပါတို့ပါဝင်ပါသည်-

(က) သက်ကြီးရွယ်အိုများရှိသည့် တည်နေရာကို မြေပုံရေးဆွဲခြင်း၊

(ခ) ရပ်ရွာဒေသအလိုက်၊ ဘေးအန္တရာယ်အမျိုးအစားအလိုက် သက်ကြီးရွယ်အိုများ တွေ့ကြုံနိုင်သည့် ထိခိုက်မှုများကို ဖော်ထုတ်ခြင်း၊

(ဂ) သက်ကြီးရွယ်အိုများ အပါအဝင် ဘဝရပ်တည်ရန် ခက်ခဲသောအုပ်စုများအတွက် သဘာဝဘေးလျော့ပါးစေရေး လုပ်ငန်းစီမံချက်များ ရေးဆွဲခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်များတွင် သက်ကြီးရွယ်အိုများ၏ အသိပညာကို ထည့်သွင်းအသုံးပြုခြင်း၊

(င) အများပြည်သူအကြား သိမြင်နားလည်မှု တိုးမြှင့်စေခြင်း။

၁၃၉။ ဦးဆောင်အဖွဲ့အစည်းမှာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဖြစ်ပြီး အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများက ပံ့ပိုးမှုပေးပါမည်။ နိုင်ငံတစ်ဝန်းလုံးတွင် ဆောင်ရွက်ပါမည်။

**အာမခံထားရှိခြင်း**

၁၄၀။ အာမခံကဏ္ဍာ ပိုမိုဖွံ့ဖြိုးလာသောအခါ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ အဓိကဆောင်ရွက်ရမည့် လုပ်ငန်းမှာ မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတု အညွှန်းကိန်းအလိုက် အာမခံအစီအစဥ်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်မည့်ဌာန၊ အဖွဲ့အစည်းများကို လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးခြင်းဖြင့် ဘဝရပ်တည်ရန် အခက်ခဲဆုံးသူများထံရောက်ရှိရေး တိုးချဲ့ဆောင်ရွက်ခြင်းဖြစ်ပါသည်။ (အကျုံးဝင်မှု တိုးချဲ့ခြင်းအပြင် အာမခံထားနိုင်သည့် အန္တရာယ်အမျိုးအစားများကိုလည်း တိုးချဲ့ပါမည်။)

၁၄၁။ သဘာဝဘေးနှင့် ရာသီဥတု ပြောင်းလဲခြင်းအလိုက် အညွှန်းကိန်းသတ်မှတ်ထားသော အာမခံထားရှိခြင်းဖြင့် သဘောတူညီထားသော ရာသီဥတုဖြစ်ရပ်သတ်မှတ်ချက်နှင့် ကိုက်ညီသော ဖြစ်ရပ်များ ဖြစ်ပွားသောအခါ အကျိုးခံစားသူများသည် အာမခံလျော်ကြေး ရရှိပါမည်။ ထုတ်လုပ်မှုဆိုင်ရာ ပိုင်ဆိုင်မှု အမျိုးအစားအားလုံးကို အာမခံထားနိုင်ပါသည်။ သို့ရာတွင် ရာသီဥတုပြောင်းလဲခြင်းအလိုက် အညွှန်းကိန်းသတ်မှတ်သော အာမခံထားရှိခြင်းများသည် ယေဘုယျအားဖြင့် သီးနှံနှင့် မွေးမြူရေးတိရစ္ဆာန်များကို အဓိကထားပါသည်။

၁၄၂။ ပုံမှန်အားဖြင့် သဘာဝဘေးအန္တရာယ်နှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အာမခံများမှာ ထည့်ဝင်ငွေ ပေးအပ်ရန်လိုအပ်သော အစီအမံများ ဖြစ်ပါသည်။ သို့ရာတွင် ထည့်ဝင်ငွေ မတတ်နိုင်သော အိမ်ထောင်စုများအတွက် နိုင်ငံတော်အစိုးရက ပရီမီယမ်ကြေး လျှော့နည်းစေရန် ထောက်ပံ့ပေးနိုင်ပါသည်။ သို့မဟုတ် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဥ်များ (ဥပမာ- အများပြည်သူ အလုပ်အကိုင်ရရှိရေး အစီအစဥ်များ)တွင် ပါဝင်ဆောင်ရွက်သည့် အစိတ်အပိုင်းအနေဖြင့် ပရီမီယမ်ကို ပေးသွင်းပေးနိုင်ပါသည်။ ဦးဆောင်အဖွဲ့အစည်းသည် မြန်မာ့အာမခံလုပ်ငန်း ဖြစ်ပါသည်။

## မဟာဗျူဟာစီမံချက်ကိုအကောင်အထည်ဖော်ခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း၊ အရင်းအမြစ်များနှင့် ဘဏ္ဍာငွေဖြည့်ဆည်းပေးခြင်း

### အထွေထွေညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း

၁၄၃။ မဟာဗျူဟာ အကောင်အထည်ဖော်ရေးအတွက် အထွေထွေညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်းမှာ နိုင်ငံတော်သမ္မတ၏ အမိန့်အမှတ် ၅၇/ ၂၀၁၄ နှင့်အညီ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ (SPWC)၏ တာဝန်ဖြစ်ပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီကို မဟာဗျူဟာရေးဆွဲရေး ဆောင်ရွက်ခဲ့သော နည်းပညာ အထောက်အကူပြုအဖွဲ့ TSG ကဆက်လက်၍ပံ့ပိုးမှုပေးပါမည်။ SPWC နှင့် TSG တို့သည် သက်ဆိုင်ရာဥက္ကဋ္ဌက မေတ္တာရပ်ခံလျှင် ဥက္ကဋ္ဌကချမှတ်သည့် အစီအစဉ်ဖြင့် ပုံမှန်တွေ့ဆုံ စည်းဝေးပါမည်။

၁၄၄။ ဤညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး အစီအမံသည် အောက်ပါတို့ကို ဆောင်ရွက်ရန် ရည်ရွယ်ပါမည်-

(က) မြန်မာနိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းအစီအစဉ်ကို နိုင်ငံတော်အစိုးရ၏လုပ်ငန်းအဖြစ် ဆက်လက်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ခ) လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပူးပေါင်းအကဲဖြတ်ရန် ကူညီပံ့ပိုးခြင်း၊

(ဂ) နိုင်ငံတော်အစိုးရဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများအသီးသီး၏ အခန်းကဏ္ဍများနှင့် တာဝန်များကို ရှင်းလင်းစေခြင်း၊

(ဃ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အတူလုပ်ဆောင်သော လုပ်ငန်းများသည် နေပြည်တော် သဘောတူညီချက်နှင့် အပြည့်အဝ ကိုက်ညီစေခြင်း၊

(င) အကောင်အထည်ဖော်သော အဖွဲ့အစည်းများအတွင်းနှင့် အဖွဲ့အစည်း အချင်းချင်း အကြားတွင် တာဝန်ခံမှုရှိစေရန် ကူညီပံ့ပိုးခြင်း၊

(စ) နိုင်ငံတော်အစိုးရအဆင့်အားလုံး (ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်နှင့် ကျေးရွာအဆင့်များ)တွင် တာဝန်ယူမှုနှင့် တာဝန်ခံမှုများ ရှင်းလင်းစွာ ခွဲဝေအပ်နှင်းထားခြင်း။

**လူမှုကာကွယ်စောင့်ရှောက်ရေးကို စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုပိုမိုကောင်းမွန်စေရေး ဆောင်ရွက်သည့် ဦးတည်ချက်များ**

၁၄၅။ လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာတွင် အောက်ဖော်ပြပါအတိုင်း စီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှုချဉ်းကပ်ပုံများကို ချမှတ်ထားရှိပါမည်-

(က) ကုန်ကျစရိတ်သက်သာပြီး ထိရောက်မှုရှိသည့် စနစ်ချမှတ်ဆောင်ရွက်ခြင်း၊

( ခ) ထင်သာမြင်သာရှိမှုနှင့် တာဝန်ခံမှုကို အသိအမှတ်ပြုပြီး ပံ့ပိုးမှုပေးခြင်း၊

( ဂ) လူမှုကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ သတင်းအချက်အလက်များကို ပြည်သူလူထုသို့ ထိရောက်စွာ ဖြည့်ဆည်းပေးခြင်း၊

(ဃ) ဝန်ကြီးဌာနများအတွင်းနှင့် ဝန်ကြီးဌာနများအကြား ထိရောက်စွာ သတင်းအချက်အလက် ဖလှယ်နိုင်ရန် ဆောင်ရွက်ခြင်း၊

( င) ပထဝီနယ်မြေအလိုက် လစ်ဟာမှုများ သို့မဟုတ် ထပ်နေခြင်းများ အတတ်နိုင်ဆုံး နည်းပါးစေခြင်း၊

( စ) အကျိုးခံစားခွင့်နှင့် ဝန်ဆောင်မှု ရရှိခွင့်ရှိသူများသည် မိမိတို့၏ ရပိုင်ခွင့်များကို ရယူနိုင်စေရန် ဆောင်ရွက်ပေးခြင်း၊

(ဆ) လုပ်ငန်းအကောင်အထည်ဖော်သော အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို အားကောင်းစေခြင်း၊

( ဇ) အကျိုးခံစားခွင့် စီစဉ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ တိုင်ပင်ဆွေးနွေးမှုများတွင် အကျိုးခံစားမည့်သူများ ပါဝင်နိုင်ရန် ဆောင်ရွက်ခြင်း၊

(ဈ) လုပ်ငန်းအစီအစဉ်များနှင့် ဝန်ဆောင်မှုများအတွက် လုံလောက်သော ဘဏ္ဍာငွေကြေးပံ့ပိုးမှု ဖြည့်ဆည်းပေးခြင်း၊

(ည) အကျိုးခံစားခွင့်ရှိသူများ၏ အချက်အလက်များကို အတွင်းရေး လျှို့ဝှက်ထားရှိရေး အကာအကွယ်ပေးသည့် သတင်းအချက်အလက်စနစ်များ ပေါင်းစည်း ထည့်သွင်းထားခြင်း၊

(ဋ) စနစ်၏ လုပ်ငန်းဆောင်ရွက်မှုကို ထိရောက်စွာ စောင့်ကြည့်စစ်ဆေးပြီး အကဲဖြတ်သုံးသပ်မှုပါဝင်ခြင်းနှင့် ဆောင်ရွက်သော ချဉ်းကပ်ပုံများနှင့် သက်ဆိုင်သည့် သက်သေအထောက်အထားကို အကဲဖြတ်ချက်ပြုလုပ်ခြင်း။

**ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၏ပံ့ပိုးမှု**

၁၄၆။ ဤမဟာဗျူဟာကို ပိုမိုကောင်းမွန်စေရန် မြန်မာနိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် အားကောင်းစေရေးနှင့် ဝန်ဆောင်မှုဖြည့်ဆည်းပေးရေး ဆောင်ရွက်နေသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၏ ပံ့ပိုးမှုဖြင့် ဆက်လက်ဆောင်ရွက်နိုင်ပါမည်။ TSG တွင် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ ကိုယ်စားပြု ပါဝင်မှုဆက်လက်ရှိမည်ဖြစ်ရာ လူမှုကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်နေကြသော အဖွဲ့အစည်းဌာနများနှင့် မိတ်ဖက်များအားလုံးသည် ကဏ္ဍတစ်ခုချင်းအတွင်းတွင်လည်းကောင်း၊ ကဏ္ဍတစ်ခုနှင့်တစ်ခုအကြားတွင်လည်းကောင်း၊ မိမိတို့၏ လုပ်ငန်းများကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်နိုင်ပါမည်။

၁၄၇။ ဖွံ့ဖြိုးရေးမိတ်ဖက်များက ဖြည့်ဆည်းပေးရမည့် ပံ့ပိုးမှုဥပမာအချို့ကို အောက်ပါအတိုင်း ရွေးချယ်ဖော်ပြပါသည်-

(က) ကဏ္ဍအချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သည့် လုပ်ငန်းများကို ပံ့ပိုးမှုပေးခြင်း၊ မဟာဗျူဟာတွင် ပါဝင်သော ဘဝသက်တမ်း အဆင့်ဆင့်နှင့် စနစ်တည်ဆောက်ရေး နယ်ပယ်များတွင် တိုက်ရိုက်နည်းပညာ အကူအညီပေးခြင်းနှင့် စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊

(ခ) အကောင်အထည်ဖော်ရေး အစီအစဉ်များနှင့် စပ်လျဉ်း၍ နည်းပညာအကူအညီပေးခြင်းနှင့် လေ့ကျင့်သင်တန်းပေးခြင်း၊

(ဂ) စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းပံ့ပိုးမှု၊

(ဃ) လူမှုကာကွယ်စောင့်ရှောက်ရေး ဆန်းသစ်တီထွင်မှုများကို စမ်းသပ်စစ်ဆေးဆောင်ရွက်ရေး ပံ့ပိုးမှု၊

(င) သက်သေအထောက်အထား အခြေပြုအကဲဖြတ်ချက်များနှင့် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း။

**ဘဏ္ဍာရေးငွေကြေးထောက်ပံ့ခြင်း**

၁၄၈။ မြန်မာနိုင်ငံ၏ စီးပွားရေးမှာ အခိုင်အမာကြီးထွားလျက်ရှိပြီး ကာလရှည် ဆက်လက်ကြီးထွားရေး ပံ့ပိုးမှုပေးမည့် မူဝါဒများကို အကောင်အထည်ဖော်လျက်ရှိပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် အမှန်တကယ် ဂျီဒီပီ ကြီးထွားမှုမှာ ၈.၅% ရှိမည်ဟု နိုင်ငံတော်အစိုးရက တွက်ချက်ခန့်မှန်းထားပါသည်။ ဤကြီးထွားမှုကြောင့် လူမှုကာကွယ်စောင့်ရှောက်ရေး မူဝါဒများ အပါအဝင် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးမူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များတွင် ရင်းနှီးမြှုပ်နှံရေးကို အထောက်အကူပြုပါမည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံတွင် လူမှုရေးအာမခံအစီအစဉ်များ အပါအဝင် လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် စုစုပေါင်း အသုံးစရိတ်မှာ စုစုပေါင်းပြည်တွင်းထုတ်ကုန်ပမာဏ (ဂျီဒီပီ) ၏ ၀.၅% အောက်တွင်ရှိပြီး ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်း ပျမ်းမျှနှုန်းထားများထက် များစွာနိမ့်ကျနေပါသည်။


၁၄၉။ နှစ်ပတ်လည်နှင့် ကာလလယ် ဘတ်ဂျက်ရေးဆွဲရာတွင်လည်းကောင်း၊ အသုံးစရိတ်ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ်တွင်လည်းကောင်း ဤမဟာဗျူဟာကို ထည့်သွင်းဆောင်ရွက်ပါမည်။ အဓိကလုပ်ငန်းတစ်ရပ်စီနှင့် အစီအစဉ် အပြည့်အစုံအားလုံးအတွက် ဘဏ္ဍာရေးဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းပါမည်။ အချို့သောအစီအစဉ်များကို အချိန်ယူ၍ တစ်ဆင့်ချင်းဆောင်ရွက်ပါမည်။ (ဥပမာ- ကလေးသူငယ်များအတွက် ထောက်ပံ့ကြေးကို တဖြည်းဖြည်းတိုးချဲ့ပေးအပ်ပါမည်။) သင့်တင့်လျောက်ပတ်သော ဘဏ္ဍာရေး ညှိနှိုင်းမှု လုပ်ဆောင်နိုင်ရန်ဖြစ်ပါသည်။

၁၅၀။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် ဆက်လက်၍ အတူပူးပေါင်းဆောင်ရွက်ပြီး ပံ့ပိုးမှုပေးရန် အလို့ငှာ လူမှုကာကွယ်စောင့်ရှောက်ရေးတွင် သက်ရောက်မှုနှင့် စွမ်းဆောင်ရည် တည်ဆောက်နိုင်သည့် အလားအလာအများဆုံးရှိသော လုပ်ငန်းအစီအစဉ်များကို ဖော်ထုတ်နိုင်ရန် ဖြစ်ပါသည်။ ဤမဟာဗျူဟာဖြင့် နိုင်ငံတော်သည် လူမှုကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းတာဝန်အတွက် ဘဏ္ဍာငွေကြေး ဖြည့်ဆည်းရန်နှင့် အကောင်အထည်ဖော်ရန် အဓိကတာဝန်ယူရေး ပိုမို၍ဆောင်ရွက်နိုင်စေမည် ဖြစ်ပါသည်။

၁၅၁။ အလျင်အမြန်အကဲဖြတ်ရေးလုပ်ငန်း (RAP) ဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ကာလတိုနှင့် အလယ်အလတ်ကာလ ကုန်ကျစရိတ် တွက်ချက်သည့်လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ ရလဒ်များမှာ ပဏာမရလဒ်များဖြစ်ပြီး ဆက်လက်၍ စစ်ဆေးအတည်ပြုရန် လိုအပ်ပါမည်။

ထို့အပြင် အဆိုပြုထားသော လုပ်ငန်းတစ်ခုစီအတွက် ပိုမို၍ အသေးစိတ်ကုန်ကျစရိတ် တွက်ချက်ခြင်းနှင့် အကဲဖြတ်ချက်ပြုလုပ်ခြင်းများကို ပုံမှန်ဘတ်ဂျက်လုပ်ငန်းစဉ်အတွင်း လုပ်ဆောင်ရန် ဖြစ်ပါသည်။ ခံစားခွင့်များနှင့်သက်ဆိုင်သည့် အသုံးစရိတ်များသာမက ရုပ်ဝတ္ထုပိုင်း အခြေခံအဆောက်အအုံ၊ ပစ္စည်းကိရိယာများ၊ နည်းပညာအကူအညီနှင့် လေ့ကျင့်သင်တန်း ပေးမှုတို့အတွက် ဆက်စပ်နေသော ရင်းနှီးမြှုပ်နှံမှုများပါ ပါဝင်စေရန်ဖြစ်ပါသည်။

၁၅၂။ ပဏာမ RAP ရလဒ်များကို ကြည့်ခြင်းဖြင့် (၅)နှစ်အတွင်း အဓိကလုပ်ငန်းတစ်ရပ်စီ အတွက် ကုန်ကျစရိတ်အဆင့်များ အောက်ပါအတိုင်း ရှိမည်ဟု ယူဆရပါသည်။




ပုံ (၁၀) - **Flagship** လုပ်ငန်းများအတွက် ခန့်မှန်းအသုံးစရိတ်ကို ဂျီဒီပီ၏ % အဖြစ် ဖော်ပြချက်

ရည်ညွှန်းချက် - အလျင်အမြန်အကဲဖြတ်ရေးလုပ်ငန်း RAP

- မိခင်နှင့်ကလေးထောက်ပံ့ငွေ
- မသန်စွမ်းထောက်ပံ့ငွေ
- ကလေးသူငယ်အားလုံးအတွက်ထောက်ပံ့ငွေ
- လူမှုရေးပင်စင်
- ကျောင်းများတွင်အာဟာရကျွေးမွေးခြင်း
- အများပြည်သူအလုပ်အကိုင်ရရှိရေး/သက်မွေးပညာသင်တန်းများ
- သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များ
- ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ

## လူထုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာအများပြည်သူသိရှိနိုင်သောသတင်းအချက်အလက်များ

၁၅၃။ နိုင်ငံတော်အစိုးရသည် ဤမဟာဗျူဟာစီမံချက်အရ ပံ့ပိုးပေးမည့် လုပ်ငန်းအစီအစဉ်များနှင့် ဝန်ဆောင်မှုများအကြောင်း အများပြည်သူ သတင်းအချက်အလက်ဖြန့်ချိမှုဆိုင်ရာ လုပ်ငန်းစဉ်တစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်ပါမည်။ ဤမဟာဗျူဟာစီမံချက်သည် မြန်မာနိုင်ငံတွင် ဆောင်ရွက်သော အခြားအဓိကလုပ်ငန်းများ (ဥပမာ - သဘာဝဘေးလျော့ပါးရေး)၏ အတွေ့အကြုံကို ရယူအသုံးပြုပြီး အများပြည်သူနှင့် တွေ့ဆုံပွဲများ၊ လူထုဆက်သွယ်ရေးလုပ်ငန်းများ၊ ပညာပေးစာရွက်စာတမ်းပစ္စည်းများနှင့် အထွေထွေလူမှုကာကွယ်စောင့်ရှောက်ရေးစနစ် အကြောင်းသာမက အစီအစဉ်နှင့် ဝန်ဆောင်မှုများ တစ်ခုချင်းအတွက် ပုံနှိပ်ထုတ်ဝေထားသော စာအုပ်စာတမ်းများကို အသုံးပြုခြင်း ပါဝင်ပါမည်။ လူမှုကွန်ရက် (ဆိုရှယ်မီဒီယာ) ကိုလည်း အသုံးပြုလျက် လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေပါမည်။ အများပြည်သူ သတင်းအချက်အလက်ဖြန့်ချိမှုဆိုင်ရာ လုပ်ငန်းများသည် နယ်မြေဒေသအားလုံးရှိ အုပ်ချုပ်မှုအဆင့်အားလုံးသို့ ဦးတည်ရည်ရွယ် ဆောင်ရွက်ပါမည်။ အမျိုးသားအဆင့်မှ မြို့နယ်အဆင့်နှင့် ကျေးရွာများအဆင့်အထိ ဖြစ်ပါသည်။

## စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

၁၅၄။ လူမှုကာကွယ် စောင့်ရှောက်မှုစနစ်တစ်ရပ်လုံးကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ် သုံးသပ်ခြင်းကို TSG ၏ပံ့ပိုးမှုဖြင့် SPWC က တာဝန်ယူဆောင်ရွက်ပါမည်။ ခြုံငုံဖော်ပြသော အညွှန်းကိန်းများကို အောက်ဖော်ပြပါ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း အစီအစဉ်များကို ဇယား (၄)တွင် ဖော်ပြထားပါသည်။ TSG နှင့် ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများအား မဟာဗျူဟာတစ်ရပ်လုံးအတွက်သာမက လုပ်ငန်းအစီအစဉ် တစ်ခုချင်းအတွက်လည်း အမျိုးသားအဆင့် စောင့်ကြည့်စစ်ဆေးရေးနှင့် အကဲဖြတ်သုံးသပ်ရေး အစီအမံများရေးဆွဲရန်နှင့် ပံ့ပိုးမှုပေးရန် တာဝန်အပ်နှင်းပါမည်။

၁၅၅။ လုပ်ငန်းအကောင်အထည်ဖော်သော အဖွဲ့အစည်းများအနေဖြင့် မိမိတို့ တာဝန်ယူသော လုပ်ငန်းအစီအစဉ်အလိုက် သင့်လျော်သော စောင့်ကြည့်စစ်ဆေးသည့် မူဘောင်တည်ထောင်ရန် နောက်ဆုံးတာဝန်ရှိပါမည်။ အဓိကလုပ်ငန်းတစ်ရပ်စီတွင် သတင်းအချက်အလက် အစီအစဉ်ရေးဆွဲရန်ဖြစ်ပြီး အုပ်ချုပ်မှု လိုအပ်ချက်များအတွက်သာမက လုပ်ငန်းအစီအစဉ် ထွက်ပေါ်

ရလဒ်များနှင့် သက်ရောက်မှုများကို အကဲဖြတ်ရန်အတွက်လည်း သတင်းအချက်အလက်နှင့် ကိန်းဂဏန်းအရင်းအမြစ်များနှင့် အသုံးပြုပုံများ ပါဝင်ပါမည်။ ယင်းအရင်းအမြစ်များတွင် အများအသုံးပြုနိုင်သော စာရင်းအင်းအရင်းအမြစ်များ၊ ပုံမှန်နှင့်အထူးအစီအစဉ် စစ်တမ်းကောက်ယူခြင်းများ၊ အစိုးရနှင့် အစိုးရမဟုတ်သော ဝန်ဆောင်မှုဖြည့်ဆည်းပေးသူများထံမှ အုပ်ချုပ်မှုပိုင်း သတင်းအချက်အလက်များ ပါဝင်နိုင်ပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင် စာရင်းမှ အချက်အလက်များသည် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများကို များစွာ အထောက်အကူပြုပါမည်။

၁၅၆။ တက္ကသိုလ်စနစ် အသိုက်အဝန်း (တက္ကသိုလ်များနှင့်သိပ္ပံများ)အား သက်သေအထောက်အထား အခြေပြုလေ့လာချက်များ စီစဉ်ပြုလုပ်လျက် အကောင်အထည်ဖော်ရန် နှိုးဆော်ပါမည်။ မြန်မာနိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်များ၏ ယေဘုယျ ထိရောက်မှုကို အကဲဖြတ်ရန်နှင့် အကျိုးဝင်မှုအတိုင်းအတာ၊ သက်ရောက်မှုနှင့် ရေရှည်ဆောင်ရွက်နိုင်မှု တိုးတက်ကောင်းမွန်စေရန် ဆက်လက်၍ မည်ကဲ့သို့ အားဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း အကြံပြုချက်များ ဖြည့်ဆည်းပေးရန်ဖြစ်ပါသည်။ ယင်းလေ့လာချက်များမှာ သဘောသဘာဝအားဖြင့် အရည်အသွေးအဓိကနှင့် ကိန်းဂဏန်း အဓိကနှစ်မျိုးစလုံး လေ့လာရန်ဖြစ်ပြီး SPWC၊ TSG နှင့် ၎င်းတို့တွင် ပါဝင်သောအဖွဲ့ဝင်များက တာဝန်ပေး ဆောင်ရွက်စေမည် ဖြစ်ပါသည်။

# အခြေပြပုံ - လူမှုကာကွယ်စောင့်ရှောက်ရေးသည် မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးမှုကို အထောက်အကူပြုပုံ ခြုံငုံဖော်ပြချက်

**မြန်မာနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှု မူဝါဒ ရည်မှန်းချက်များ မူဘောင်**

စီးပွားရေးကြီးထွားမှုနှင့် ကျေးလက်ဖွံ့ဖြိုးရေး
ဆင်းရဲနွမ်းပါးမှု လျှော့နည်းကျဆင်းရေး
လူမှုဘဝတွင် ပါဝင်နိုင်စေရေး

## လူမှုကာကွယ်စောင့်ရှောက်ရေး ရလဒ်များ

| | | | | | |
|---|---|---|---|---|---|
| ကလေးသူငယ်များသည် ပထမ ရက်ပေါင်း (၁၀၀၀) အတွင်း အသက်အရွယ်အလိုက် သင့်လျော်သော ရုပ်ပိုင်းနှင့် အသိဉာဏ် ဖွံ့ဖြိုးမှု အဆင့်များ ရရှိပြီး ကြီးပြင်းလာသော အခါ အောင်မြင်သော ဘဝနေထိုင်မှု ဖြစ်ရေးကို အထောက်အကူပြုပါသည်။ | ကလေးသူငယ်များနှင့် လူငယ်များသည် ပညာရေးတွင် ပိုမို ပါဝင်ပြီး အောင်မြင်စွာ လေ့လာသင်ယူကြလျက် ကျန်းမာရေး ကောင်းမွန်ပြီး ကြီးပြင်းလာသော အခါ လုပ်ငန်းခွင်တွင် အလုပ်လုပ်နိုင်စွမ်း မြင့်မားပါမည်။ | အရွယ်ရောက်ပြီးသူများသည် အလုပ်သမားဈေးကွက်တွင် ပါဝင်မှု ပိုမိုများပြားပြီး ထိရောက်မှု ရှိပါသည်။ အန္တရာယ် ကင်းရှင်းရေး ကွန်ရက်အဖြစ် ဝင်ငွေနှင့်/သို့မဟုတ် အာဟာရ ပြည့်ဝရေး ပံ့ပိုးမှု ရရှိပါသည်။ သာတူညီမျှမှု တိုးမြင့်ပြီး ဈေးကွက် ရရှိမှု ပိုမို ကောင်းမွန်ပါသည်။ | သက်ကြီးရွယ်အိုများသည် ပိုမို၍အလုပ်လုပ်နိုင်ပြီး ရပ်ရွာတွင် ပါဝင်နိုင်ပါသည်။ အိမ်ထောင်စု၏ အထွေထွေ သာယာဝပြောရေးကို ပိုမို၍ ပါဝင်ကူညီနိုင်ပါသည်။ | ရပ်ရွာအသိုက်အဝန်းများသည် သဘာဝဘေးများ အတွက် ပိုမို၍ အသင့်ဖြစ်ပြီး သဘာဝ ဘေးများ ဖြစ်ပွားသော အခါ ပိုမိုခံနိုင်ရည် ရှိလျက် ပြန်လည် ထူထောင်နိုင်ပါသည်။ | လူမှုရေးနှင့် စီးပွားရေး ဘဝရပ်တည်ရန် ခက်ခဲမှုများ ရင်ဆိုင်နေရသော လူတစ်ဦးချင်းနှင့် မိသားစုများသည် ပညာရှင် ဝန်ထမ်းများ ထံမှ ပံ့ပိုးမှုနှင့် ရရှိနိုင်သော လုပ်ငန်းအစီအစဉ် နှင့် ဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်စွာ ရယူအသုံးပြုနိုင်ပါသည်။ |

ကဏ္ဍအများနှင့် သက်ဆိုင်သော ရလဒ်များတွင် အန္တရာယ် ကျရောက်နိုင်မှု အများဆုံးနှင့် ဘဝရပ်တည်ရန် အခက်ခဲဆုံးသူများအတွက် လူမှုဘဝ ပါဝင်နိုင်မှုနှင့် စုစည်းညီညွတ်မှု ပိုမိုများပြားလာခြင်းနှင့် ဘဝအရည်အသွေး ပိုမိုမြင့်မားလာခြင်းတို့ ပါဝင်ပါသည်။

## လူမှုကာကွယ်စောင့်ရှောက်ရေး ကြားဝင်ဆောင်ရွက်မှုများ

| | | | |
|---|---|---|---|
| အဓိကလုပ်ငန်း<br>၁။ ကိုယ်ဝန်ဆောင်နှင့် အသက်(၂)နှစ်အထိ ကလေးများအား ထောက်ပံ့ငွေပေးအပ်ခြင်း | အဓိကလုပ်ငန်းများ<br>၁။ ကလေးများအား ထောက်ပံ့ငွေပေးအပ်ခြင်းကို အဆင့်ဆင့် အသက်တိုးမြှင့်ပေးအပ်ခြင်း<br>၂။ တစ်နိုင်ငံလုံး ကျောင်းများတွင် အာဟာရကျွေးမွေးသည့် အစီအစဉ် | အဓိကလုပ်ငန်း<br>၁။ အများပြည်သူ အလုပ်အကိုင် ရရှိရေး၊ အသက်မွေးဝမ်းကျောင်း သင်တန်းပေးခြင်းနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး အစီအစဉ်များ | အဓိကလုပ်ငန်းများ<br>၁။ အသက် ၆၅နှစ်အထက် သက်ကြီးများအတွက် လူမှုရေးပင်စင်<br>၂။ သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့ |

အသက်အရွယ်အားလုံးအတွက် အဓိကလုပ်ငန်းများ - အသက်အရွယ်မရွေး မသန်စွမ်းသူအားလုံးကို ထောက်ပံ့ငွေ၊ အခြားပံ့ပိုးမှုများနှင့် ဝန်ဆောင်မှုများ ပေးအပ်ခြင်း

လုပ်ငန်းများအပြည့်အစုံလုပ်ဆောင်ခြင်း - အဓိကလုပ်ငန်းများကို ဖြည့်စွက်ရန် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များနှင့် ဝန်ဆောင်မှုများကို အပြည့်အစုံ လုပ်ဆောင်ခြင်း

စနစ်တည်ဆောက်ခြင်း - ၁။ ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများနှင့် အဆင့်အားလုံးတွင် ပညာရှင် လူမှုဝန်ထမ်းကွန်ရက် တည်ထောင်ခြင်း
၂။ သဘာဝဘေး စီမံခန့်ခွဲမှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်များ ပေါင်းစည်းမှု မြင့်မားစေခြင်း

မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု၊ အန္တရာယ်ကျရောက်နိုင်မှုနှင့် ဘဝရပ်တည်ရန် ခက်ခဲမှု ဖော်ပြချက်

ဇယား (၁) - မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက်ကိုခြုံငုံဖော်ပြချက်

| | **လူမှုရေးအကူအညီ** | **အလုပ်သမားဈေးကွက်** | **လူမှုရေးအာမခံ** | **ကျန်းမာရေး ဆောင်ရွက်ပေးမှု အတိုင်းအတာ** | **ဘက်စုံလူမှုကာကွယ် စောင့်ရှောက်ရေးစနစ်များ** | **သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့်လူမှု ကာကွယ်စောင့်ရှောက်ရေး** |
|---|---|---|---|---|---|---|
| ဆောင်ရွက်ပေးမှု အတိုင်းအတာ | လူတိုင်း | အလုပ်လုပ်သော အသက် အရွယ်၊ ကိုယ်တိုင်ဦးတည် ရည်ရွယ် | တရားဝင်ကဏ္ဍ အလုပ်သမားများ | လူတိုင်း | လူတိုင်း | လူတိုင်း |
| ပုံစံ | ထောက်ပံ့ကြေး ပေးအပ်ခြင်းများ | အများပြည်သူအလုပ်အကိုင် ရရှိရေး၊အသက်မွေးဝမ်း ကျောင်းပညာရေးနှင့် လေ့ကျင့်သင်တန်းပေးခြင်း၊ ဝန်ဆောင်မှုများ | ထောက်ပံ့ကြေး ပေးအပ်ခြင်းများ | ဝန်ဆောင်မှုများ | စနစ်တည်ဆောက်ခြင်း- လူမှုကာကွယ်စောင့် ရှောက်ရေးဌာနများနှင့် ဖြစ်ရပ်စီမံခန့်ခွဲမှု ကျင့်သုံးသောဝန်ထမ်းများ | စနစ်တည်ဆောက်ခြင်း- သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကိုလူမှုကာ ကွယ်စောင့်ရှောက်ရေး နှင့်ပေါင်းစည်းခြင်း (ဝန်ဆောင်မှုများ၊အများ ပြည်သူ အလုပ်အကိုင် ရရှိရေး၊ ထောက်ပံ့ငွေနှင့် စားနပ်ရိက္ခာလွှဲပြောင်း ပေးခြင်း) |

| | လူမှုရေးအကူအညီ | အလုပ်သမားဈေးကွက် | လူမှုရေးအာမခံ | ကျန်းမာရေး ဆောင်ရွက်ပေးမှု အတိုင်းအတာ | ဘက်စုံလူမှုကာကွယ် စောင့်ရှောက်ရေးစနစ်များ | သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲရေးနှင့်လူမှု ကာကွယ်စောင့်ရှောက်ရေး |
|---|---|---|---|---|---|---|
| ကိုယ်ဝန်ဆောင် အမျိုးသမီးများ နှင့်အသက်(၂) နှစ်အထိကလေး များ | အဓိကလုပ်ငန်း- မိခင်နှင့်ကလေး ခံစားခွင့် | အကျုံးမဝင်ပါ။ | တရားဝင်ကဏ္ဍ တွင်လုပ်ကိုင်သူ များအတွက်မိခင် နှင့်ကလေးခံစား ခွင့်များ | မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက် သည့်အစီအစဉ် | လူမှုရေးဝန်ဆောင်မှု များ၊ အာဟာရ အစီအစဉ်များ | အစားအစာနှင့်ငွေ ထောက်ပံ့ခြင်း၊ လူမှုရေး ဝန်ဆောင်မှုများ၊ သဘာဝ ဘေးအန္တရာယ် ကယ် ဆယ်ရေး အစီအမံများ |
| အသက်(၃)နှစ်မှ (၁၅)နှစ်အထိ | အဓိကလုပ်ငန်း- ကလေးသူငယ် ထောက်ပံ့ကြေး အဓိကလုပ်ငန်း- ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းအစီအစဉ် ကျောင်းထောက်ပံ့ငွေ များနှင့်ပညာသင် ထောက်ပံ့ကြေးများ | ကလေးသူငယ်ကို အလုပ် ခိုင်းစေခြင်းအား ဖြေရှင်း ဆောင်ရွက်ရန် အစီအစဉ်များ | တရားဝင်ကဏ္ဍ တွင်လုပ်ကိုင်သူ များအတွက် ကလေးသူငယ် ခံစားခွင့်များ | လူတိုင်းအတွက် ကျန်းမာရေးပြုစု စောင့်ရှောက်မှု ဆောင်ရွက်ပေး ခြင်း(ပြုပြင် ပြောင်းလဲရေး) | လူမှုဝန်ထမ်းဝန်ဆောင် မှုများ၊ ကလေးသူငယ် ကာကွယ် စောင့်ရှောက် ရေး အစီအစဉ်များ၊ အစောပိုင်းကလေး ဘဝဖွံ့ဖြိုးရေးအစီအစဉ် များ၊ ဖွံ့ဖြိုးရေးအစီအစဉ် များ၊ အာဟာရပြည့်ဝရေး | အစားအစာနှင့် ငွေ ထောက်ပံ့ခြင်း၊ လူမှုရေး ဝန်ဆောင်မှုများ၊ သဘာဝ ဘေးအန္တရာယ် ကယ် ဆယ်ရေး အစီအမံများ |

| | လူမှုရေးအကူအညီ | အလုပ်သမားဈေးကွက် | လူမှုရေးအာမခံ | ကျန်းမာရေး ဆောင်ရွက်ပေးမှု အတိုင်းအတာ | ဘက်စုံလူမှုကာကွယ် စောင့်ရှောက်ရေးစနစ် များ | သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးနှင့်လူမှုကာကွယ် စောင့်ရှောက်ရေး |
|---|---|---|---|---|---|---|
| အလုပ်လုပ်သောအသက် အရွယ်/ အရွယ်ရောက် ပြီးသူ | အဆင့်မြင့်ပညာ သင်ယူရေး ထောက်ပံ့ငွေများ (တက္ကသိုလ်အဆင့်) | အဓိကလုပ်ငန်း- အများပြည်သူ အလုပ်အကိုင်ရရှိရေး၊ အသက်မွေးဝမ်းကျောင်း ပညာရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး | တရားဝင် ကဏ္ဍတွင် လုပ်ကိုင်သူများ အတွက် ကလေး မွေးဖွားသည့် ခံစားခွင့်များ | လူတိုင်းအတွက် ကျန်းမာရေးပြုစု စောင့်ရှောက်မှု ဆောင်ရွက်ပေး ခြင်း (ပြုပြင် ပြောင်းလဲရေး) | လူမှုဝန်ထမ်း ဝန်ဆောင် မှုများ၊ ဘဝရပ်တည်ရန် ခက်ခဲသောအမျိုးသမီး များအတွက်ပံ့ပိုးမှု၊ လူ ကုန်ကူးမှု တိုက်ဖျက်ရေး အစီအစဉ်များစသည် | အစားအစာနှင့်ငွေထောက်ပံ့ခြင်း၊ လူမှုရေးဝန်ဆောင်မှုများ၊ သဘာဝ ဘေးအန္တရာယ် ကယ်ဆယ်ရေး အစီအမံများ၊ အများပြည်သူ အလုပ်အကိုင်ရရှိရေး |
| သက်ကြီး ရွယ်အိုများ | သက်ကြီးရွယ်အိုများ အတွက် ပညာရေး အစီအစဉ်များ အဓိကလုပ်ငန်း - လူမှုရေးပင်စင် | သက်ကြီးရွယ်အိုများ အတွက်အခွင့်အလမ်း များ ဖော်ထုတ်ရန် အစီအစဉ်များ | တရားဝင်ကဏ္ဍ ပင်စင်နှင့် အခြားအာမခံ ခံစားခွင့်များ | လူတိုင်းအတွက် ကျန်းမာရေးပြုစု စောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်း (ပြုပြင်ပြောင်းလဲ ရေး) | လူမှုဝန်ထမ်းဝန်ဆောင် မှုများ၊ ဘဝရပ်တည်ရန် ခက်ခဲသော သက်ကြီး ရွယ်အိုများအတွက်ပံ့ပိုးမှု အဓိကလုပ်ငန်း - သက်ကြီးသူချင်းကူညီ ဆောင်ရွက်ရေးအဖွဲ့ | သဘာဝဘေးအန္တရာယ်မဖြစ် ပွားမီ ဘဝရပ်တည်ရန်ခက်ခဲ သောသက်ကြီးရွယ်အိုများကို ဖော်ထုတ်ရန် အစီအစဉ်များ၊ သဘာဝဘေးအန္တရာယ် ဖြစ်ပွား ပြီး နောက်သက်ကြီးရွယ်အိုများ ကို ပံ့ပိုးမှုပေးခြင်း |

| | လူမှုရေးအကူအညီ | အလုပ်သမားဈေးကွက် | လူမှုရေးအာမခံ | ကျန်းမာရေးဆောင်ရွက်ပေးမှု အတိုင်းအတာ | ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များ | သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့်လူမှုကာကွယ်စောင့်ရှောက်ရေး |
|---|---|---|---|---|---|---|
| မသန်စွမ်းမှု (အသက်အရွယ်မရွေး) | အဓိကလုပ်ငန်း - မသန်စွမ်းမှုထောက်ပံ့ငွေ | မသန်စွမ်းသူများအတွက် သင်တန်းပေးခြင်း | တရားဝင် ကဏ္ဍတွင်လုပ်ကိုင်သူများအတွက် လုပ်ငန်းခွင် မသန်စွမ်းမှု ခံစားခွင့်များ | လူတိုင်းအတွက် ကျန်းမာရေး ပြုစုစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်း (ပြုပြင်ပြောင်းလဲရေး) | မသန်စွမ်းသူများ အတွက် လူမှုဝန်ထမ်း ဝန်ဆောင်မှုများ | မသန်စွမ်းသူများကို ဦးတည်ရည်ရွယ်သော သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဝန်ဆောင်မှုများ |

ဇယား (၂) - မြန်မာနိုင်ငံ၏ လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက် အထွေထွေအကောင်အထည်ဖော်မှု

| | လုပ်ဆောင်ချက် | အချိန်ကာလ | ဦးဆောင်အဖွဲ့အစည်းများ |
|---|---|---|---|
| လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ (SPWC) | သုံးလတစ်ကြိမ်အဆင့်မြင့်အစည်းအဝေးပြုလုပ်ခြင်း | ၂၀၁၄ ခုနှစ် နောက်ဆုံးသုံးလပတ်မှ စတင်မည်။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ) နှင့် ကော်မတီဝင်များ |
| နည်းပညာအထောက်အကူပြုအဖွဲ့ (TSG) | လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီ(SPWC)သို့မဟုတ် ပူးတွဲဥက္ကဋ္ဌများ၏ မေတ္တာရပ်ခံချက်ဖြင့် အစည်းအဝေး ပြုလုပ်ခြင်း | ၂၀၁၄ ခုနှစ် နောက်ဆုံးသုံးလပတ်မှ စတင်မည်။ | လူမှုဝန်ထမ်းဦးစီးဌာနနှင့် ယူနီဆက် (ပူးတွဲ အဖွဲ့ခေါင်းဆောင်) နှင့် နည်းပညာအထောက်အကူပြု အဖွဲ့ဝင်များ |
| အများပြည်သူသတင်းအချက်အလက်လှုပ်ရှားမှု | လူမှုကာကွယ်စောင့်ရှောက်ရေး မူဝါဒများ၊ အစီအစဉ်များနှင့် ဝန်ဆောင်မှုများဆိုင်ရာ အများပြည်သူ သတင်းအချက်အလက်လှုပ်ရှားမှု စီစဉ် ဆောင်ရွက်ခြင်း | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (စီစဉ်ခြင်း) | လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |

| | လုပ်ဆောင်ချက် | အချိန်ကာလ | ဦးဆောင်အဖွဲ့အစည်းများ |
|---|---|---|---|
| စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း | စနစ်ကို စောင့်ကြည့်စစ်ဆေးလျက် ပုံမှန်အကဲဖြတ် သုံးသပ်နိုင်ရန် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း ကော်မတီကအသုံးပြုနိုင်မည့် အထွေထွေ စောင့်ကြည့်စစ်ဆေးရေး အစီအစဉ် ရေးဆွဲခြင်း | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| လူမှုကာကွယ်စောင့်ရှောက်ရေးကဏ္ဍ လုပ်ငန်းအုပ်စု | မြန်မာနိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် အားကောင်းစေရန် ပံ့ပိုးမှုပေးရေး ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် ဆွေးနွေးခြင်း | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ | လူမှုဝန်ထမ်းဦးစီးဌာနနှင့် ယူနီဆက် (ပူးတွဲအဖွဲ့ခေါင်းဆောင်များ) |

ဇယား (၃) - မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက်

လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ

| အဓိကလုပ်ငန်း | ဆောင်ရွက်ချက် | အချိန်ကာလ | အကျိုးခံစားသူ အရေအတွက်နှင့် ခန့်မှန်းရန်ပုံငွေ | ဦးဆောင်အဖွဲ့အစည်းနှင့် အကောင်အထည်ဖော် သောအဖွဲ့အစည်းများ |
|---|---|---|---|---|
| ကိုယ်ဝန်ဆောင် အမျိုးသမီးများ နှင့်အသက်(၂) နှစ်အထိကလေး သူငယ်များ | လုပ်ငန်းဆောင်ရွက်မှုလမ်းညွှန်ချက်များကိုအပြီးသတ်ပြုစုခြင်း | ၂၀၁၅ ခုနှစ်၊ မတ်လ | အကျိုးခံစားသူ(၂.၂၅)သန်း ၂၀၂၄ ခုနှစ်တွင်ဂျီဒီပီ၏ ၀.၃၂% | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန |
| | အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ် ဒါရိုက်တာခန့်အပ်ခြင်း | ၂၀၁၅ ခုနှစ်၊ မတ်လ | | |
| | အဆင့်အားလုံးတွင်ဝန်ထမ်းခန့်အပ်ရန်အစီအစဉ် | ၂၀၁၅ ခုနှစ်၊ မတ်လ | | |
| | လျှောက်လွှာပုံစံနှင့်ပြန်လည်သုံးသပ်ရေးလုပ်ထုံးလုပ်နည်း များကိုအပြီးသတ်ပြုစုခြင်း | ၂၀၁၅ ခုနှစ်၊ မတ်လ | | |
| | ငွေထုတ်ပေးခြင်းနှင့်ထိန်းချုပ်မှုအစီအမံများကို အပြီးသတ်ပြုစုခြင်း | ၂၀၁၅ ခုနှစ်၊ မတ်လ | | |
| | အများပြည်သူ သတင်းအချက်အလက် လှုပ်ရှားမှု | ၂၀၁၅ ခုနှစ်၊ မတ်လ | | |
| | စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်းလုပ်ထုံး လုပ်နည်းများကိုအပြီးသတ် ပြုစုပြီး အကောင်အထည်ဖော်ခြင်း | ၂၀၁၅ ခုနှစ်၊ မတ်လ | | |

| အဓိကလုပ်ငန်း | ဆောင်ရွက်ချက် | အချိန်ကာလ | အကျိုးခံစားသူ အရေအတွက်နှင့် ခန့်မှန်းရန်ပုံငွေ | ဦးဆောင်အဖွဲ့အစည်းနှင့် အကောင်အထည်ဖော် သောအဖွဲ့အစည်းများ |
|---|---|---|---|---|
| မသန်စွမ်းသူများ အတွက် ထောက်ပံ့ငွေ | လုပ်ငန်းဆောင်ရွက်မှုလမ်းညွှန်ချက်များကိုအပြီးသတ်ပြုစုခြင်း | ၂၀၁၅ ခုနှစ် | ဂျီဒီပီ၏ ၀.၃၅% ကလေး သူငယ်(၂၆၆၀၀၀) (၂၀၂၄) အရွယ်ရောက်ပြီးသူ (၇၃၃၀၀၀) (၂၀၂၄) | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန၊ လူမှု ဝန်ထမ်းဦးစီးဌာန |
| | လျှောက်လွှာပုံစံနှင့်ပြန်လည်သုံးသပ်သည့်လုပ်ထုံးလုပ်နည်း များအပါအဝင် အတည်ပြု လက်မှတ်ထိုးပေးသည့် လုပ်ထုံးလုပ်နည်းများ ပြီးစီးခြင်း | ၂၀၁၅ ခုနှစ် | | |
| | အဆင့်အားလုံးတွင်ဝန်ထမ်းခန့်အပ်ရန်အစီအစဉ် | ၂၀၁၅ ခုနှစ် | | |
| | ငွေထုတ်ပေးခြင်းနှင့်ထိန်းချုပ်မှုအစီအမံများကို အပြီးသတ်ပြုစုခြင်း | ၂၀၁၅ ခုနှစ် | | |
| | အများပြည်သူသတင်းအချက်အလက် လှုပ်ရှားမှု | ၂၀၁၅ ခုနှစ် | | |
| | စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ် သုံးသပ်ခြင်း လုပ်ထုံးလုပ်နည်းများကို အပြီးသတ်ပြုစုပြီး အကောင် အထည်ဖော်ခြင်း | ၂၀၁၅ ခုနှစ် | | |

| အဓိကလုပ်ငန်း | ဆောင်ရွက်ချက် | အချိန်ကာလ | အကျိုးခံစားသူ အရေအတွက်နှင့် ခန့်မှန်းရန်ပုံငွေ | ဦးဆောင်အဖွဲ့အစည်းနှင့် အကောင်အထည်ဖော်သောအဖွဲ့အစည်းများ |
|---|---|---|---|---|
| ကလေးသူငယ် စရိတ်ထောက်ပံ့ငွေ ကိုအသက် အရွယ် အလိုက်အဆင့် ဆင့်တိုးချဲ့ပေး အပ်ခြင်း | လုပ်ငန်းဆောင်ရွက်မှုလမ်းညွှန်ချက်များကို အပြီးသတ် ပြုစုခြင်း | ၂၀၁၆ ခုနှစ် | ကလေးသူငယ် (၁၀)သန်း ကျော် (၂၀၂၄) ဂျီဒီပီ၏ ၀.၉၈% (၂၀၂၄) | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန |
| | အဆင့်အားလုံးတွင်ဝန်ထမ်းခန့်အပ်ရန်အစီအစဉ် | ၂၀၁၆ ခုနှစ် (မိခင်နှင့်ကလေး ထောက်ပံ့ငွေကို တိုးချဲ့ ပေးအပ်ခြင်းဖြစ်ပါသည်။) | | |
| | လျှောက်လွှာပုံစံနှင့်ပြန်လည်သုံးသပ် သည့်လုပ်ထုံးလုပ်နည်းများအပြီးသတ် ပြုစုခြင်း | ၂၀၁၆ ခုနှစ် | | |
| | ငွေထုတ်ပေးခြင်းနှင့်ထိန်းချုပ်မှုအစီအမံများ | ၂၀၁၆ ခုနှစ် | | |
| | အများပြည်သူသတင်းအချက်အလက် လှုပ်ရှားမှု | ၂၀၁၇+ ခုနှစ် | | |
| | စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ် သုံးသပ်ခြင်း လုပ်ထုံးလုပ်နည်းများကို အပြီးသတ်ပြုစုခြင်း | ၂၀၁၇ ခုနှစ် | | |

| အဓိကလုပ်ငန်း | ဆောင်ရွက်ချက် | အချိန်ကာလ | အကျိုးခံစားသူ အရေအတွက်နှင့် ခန့်မှန်းရန်ပုံငွေ | ဦးဆောင်အဖွဲ့အစည်းနှင့် အကောင်အထည်ဖော်သောအဖွဲ့အစည်းများ |
|---|---|---|---|---|
| ကျောင်းများတွင် အာဟာရကျွေးမွေးသည့်အစီအစဉ် | လုပ်ငန်းဆောင်ရွက်မှုလမ်းညွှန်ချက်များကို အပြီးသတ်ပြုစုခြင်း | ၂၀၁၆ ခုနှစ် | ကလေးသူငယ်(၁၁)သန်း (၂၀၂၄) ဂျီဒီပီ၏၀.၅၅%(၂၀၂၄) | ပညာရေးဝန်ကြီးဌာန |
| | ကျောင်းများတွင်စတင်ဆောင်ရွက်မည့်အစီအစဉ်ချမှတ်ခြင်း | ၂၀၁၆ ခုနှစ် | | |
| | ငွေထုတ်ပေးခြင်းနှင့်ထိန်းချုပ်မှုအစီအမံများ | ၂၀၁၆ ခုနှစ် | | |
| | ဝန်ဆောင်မှုများအတွက်ဝယ်ယူမှု လုပ်ငန်းစဉ် | ၂၀၁၆ ခုနှစ် | | |
| | စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ် သုံးသပ်ခြင်း | ၂၀၁၆ ခုနှစ် | | |
| | ဘတ်ဂျက်ရေးဆွဲခြင်း/အရင်းအမြစ်များ | ၂၀၁၆ ခုနှစ် | | |

| အဓိကလုပ်ငန်း | ဆောင်ရွက်ချက် | အချိန်ကာလ | အကျိုးခံစားသူ အရေအတွက်နှင့် ခန့်မှန်းရန်ပုံငွေ | ဦးဆောင်အဖွဲ့အစည်းနှင့် အကောင်အထည်ဖော်သော အဖွဲ့အစည်းများ |
|---|---|---|---|---|
| အများပြည်သူအလုပ်အကိုင်ရရှိရေးအစီအစဉ်များ/ အသက်မွေးဝမ်းကျောင်းပညာရေး | လုပ်ငန်းဆောင်ရွက်မှုလမ်းညွှန်ချက်များကို အပြီးသတ်ပြုစုခြင်း | ၂၀၁၅ ခုနှစ် | | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန |
| | ငွေထုတ်ပေးခြင်းနှင့်ထိန်းချုပ်မှုအစီအမံများ | ၂၀၁၅ ခုနှစ် | | |
| | အုပ်ချုပ်မှု - ဖော်ထုတ်ခြင်း၊ သတ်မှတ်ချက်နှင့်ကိုက်ညီခြင်း၊ငွေထုတ်ပေးခြင်းများ၊ဝန်ဆောင်မှုများ | ၂၀၁၅ ခုနှစ် | | |
| | သင်တန်းပေးခြင်းနှင့်စွမ်းဆောင်ရည်တည်ဆောက်ခြင်း | ၂၀၁၅ ခုနှစ် | | |
| | စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း | ၂၀၁၅ ခုနှစ် | | |
| | ဘတ်ဂျက်ရေးဆွဲခြင်း/အရင်းအမြစ်များ | ၂၀၁၅ ခုနှစ် | | |

| အဓိကလုပ်ငန်း | ဆောင်ရွက်ချက် | အချိန်ကာလ | အကျိုးခံစားသူ အရေအတွက်နှင့် ခန့်မှန်းရန်ပုံငွေ | ဦးဆောင်အဖွဲ့အစည်းနှင့် အကောင်အထည်ဖော်သော အဖွဲ့အစည်းများ |
|---|---|---|---|---|
| လူမှုရေးပင်စင်များ | လုပ်ငန်းဆောင်ရွက်မှုလမ်းညွှန်ချက်များကိုအပြီးသတ်ပြုစုခြင်း | ၂၀၁၅ ခုနှစ်၊ မတ်လ | ၃.၈သန်း (၂၀၂၄) ဂျီဒီပီ၏ ၁.၁၆% (၂၀၂၄) | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန |
| | အဆင့်အားလုံးတွင်ဝန်ထမ်းခန့်အပ်ရန်အစီအစဉ် | ၂၀၁၅ ခုနှစ်၊ မတ်လ | | |
| | လျှောက်လွှာပုံစံနှင့်ပြန်လည်သုံးသပ်သည့်လုပ်ထုံးလုပ်နည်းများအပြီးသတ်ပြုစုခြင်း | ၂၀၁၅ ခုနှစ်၊ မတ်လ | | |
| | ငွေထုတ်ပေးခြင်းနှင့်ထိန်းချုပ်မှုအစီအမံများ | ၂၀၁၅ ခုနှစ်၊ မတ်လ | | |
| | အများပြည်သူသတင်းအချက်အလက်လှုပ်ရှားမှု | ၂၀၁၅ ခုနှစ်၊ မတ်လ | | |
| | စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်းလုပ်ထုံးလုပ်နည်းများ | ၂၀၁၅ ခုနှစ်၊ မတ်လ | | |

| အဓိကလုပ်ငန်း | ဆောင်ရွက်ချက် | အချိန်ကာလ | အကျိုးခံစားသူ အရေအတွက်နှင့် ခန့်မှန်းရန်ပုံငွေ | ဦးဆောင်အဖွဲ့အစည်းနှင့် အကောင်အထည်ဖော်သော အဖွဲ့အစည်းများ |
|---|---|---|---|---|
| သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့များ | လုပ်ငန်းဆောင်ရွက်မှုလမ်းညွှန်ချက်များကိုအပြီးသတ်ပြုစုခြင်း | ၂၀၁၅ ခုနှစ်၊ မတ်လ | ၅သန်း(၂၀၂၄) ဂျီဒီပီ၏ % အလွန်နည်း | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန ဖွံ့ဖြိုးရေးမိတ်ဖက် - HelpAge |
| | သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များ OPSHG စတင် ဆောင်ရွက်ရန် အစီအစဉ် | ၂၀၁၅ ခုနှစ်၊ မတ်လ | | |
| | သင်တန်းပေးခြင်းနှင့်စွမ်းဆောင်ရည်တည်ဆောက်ခြင်း | ၂၀၁၅ ခုနှစ်၊ ပထမသုံးလပတ်+ | | |
| | စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်းအစီအစဉ် | ၂၀၁၅ ခုနှစ်၊ မတ်လ | | |
| | ဘတ်ဂျက်ရေးဆွဲခြင်း/အရင်းအမြစ်များ | ၂၀၁၅ ခုနှစ်၊ မတ်လ | | |

| အဓိကလုပ်ငန်း | ဆောင်ရွက်ချက် | အချိန်ကာလ | အကျိုးခံစားသူ အရေအတွက်နှင့် ခန့်မှန်းရန်ပုံငွေ | ဦးဆောင်အဖွဲ့အစည်းနှင့် အကောင်အထည်ဖော်သော အဖွဲ့အစည်းများ |
|---|---|---|---|---|
| ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ | လုပ်ငန်းဆောင်ရွက်မှုလမ်းညွှန်ချက်များကို အပြီးသတ်ပြုစုခြင်း | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ | လူမှုဝန်ထမ်း ၆,၀၀၀ (၂၀၂၀) ဂျီဒီပီ၏ % အလွန်နည်း | လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန |
| | လူမှုကာကွယ်စောင့်ရှောက်ရေးဌာနဖွင့်လှစ်သည့်အစီအစဉ် | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ | | |
| | လူမှုဝန်ထမ်းများခေါ်ယူခန့်ထားခြင်းနှင့် အလုပ်တွင်စွဲမြဲစေခြင်း | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ+ | | |
| | ဖြစ်ရပ်စီမံခန့်ခွဲရေးသင်တန်း | ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ+ | | |
| | စောင့်ကြည့်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်းအစီအစဉ် | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ | | |
| | ဘတ်ဂျက်ရေးဆွဲခြင်း/အရင်းအမြစ်များ | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ | | |

ဇယား (၄) - မြန်မာနိုင်ငံ၏လူမှုကာကွယ်စောင့်ရှောက်ရေးမဟာဗျူဟာစီမံချက်စောင့်ကြည့်စစ်ဆေးရေးအစီအစဉ်

| အမျိုးအစား | ညွှန်ပြချက် | နောက်ဆုံးရရှိသောအချက်အလက်များ (မူလပကတိအခြေအနေ Baseline) | ဦးတည်ရည်ရွယ်သူများ/လျာထားချက် |
|---|---|---|---|
| အထွေထွေဆင်းရဲနွမ်းပါးမှု၊ အန္တရာယ်ကျရောက်နိုင်မှုနှင့် ဘဝရပ်တည်ရန်ခက်ခဲမှုနှင့် အထွေထွေညွှန်ပြချက်များ | စားနပ်ရိက္ခာဆင်းရဲနွမ်းပါးမှုသတ်မှတ်မျဉ်းအောက်တွင်ရှိသောလူဦးရေ၏ % | ၅% (၂၀၁၀) | သတ်မှတ်ပေးရန် |
| | အထွေထွေဆင်းရဲနွမ်းပါးမှုသတ်မှတ်မျဉ်းအောက်တွင်ရှိသောလူဦးရေ၏ % | ၂၆% (၂၀၁၀) | ၁၅% (၂၀၁၅) |
| | လူမှုရေးကာကွယ်စောင့်ရှောက်ရေးအညွှန်းကိန်း (ADB) | တိုင်းတာထားခြင်းမရှိပါ။ (၂၀၀၉) | လာမည့် SPIအစီရင်ခံစာတွင် မူလပကတိအခြေအနေ baselineသတ်မှတ်ပါမည်။ |
| | လူသားဖွံ့ဖြိုးရေးအညွှန်းကိန်း | ၀.၅၂၄ | သတ်မှတ်ပေးရန် |
| | လူမှုကာကွယ်စောင့်ရှောက်ရေးအတွက်နိုင်ငံတော်အစိုးရ၏အသုံးစရိတ် (ဂျီဒီပီ၏ %) | <၀.၅% | ၃% (သတ်မှတ်ပေးရန်) |

| အမျိုးအစား | ညွှန်ပြချက် | နောက်ဆုံးရရှိသော အချက်အလက်များ (မူလပကတိအခြေအနေ Baseline) | ဦးတည်ရည်ရွယ်သူများ/လျာထားချက် |
| --- | --- | --- | --- |
| ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များ | ကိုယ်ဝန်ဆောင်နှင့်ကလေးသူငယ်စရိတ်ထောက်ပံ့ငွေရရှိမည့် % | ၀% | ၁၀၀% (၂၀၁၅) |
| | ကိုယ်ဝန်ဆောင်အမျိုးသမီးများကမီးမဖွားမီပြုစုစောင့်ရှောက်မှုကိုအသုံးပြုမှု | ၈၀% (၂၀၁၂) | ၁၀၀% (၂၀၂၀) |
| | ကြီးထွားမှုရပ်တန့်ခြင်း | ၃၅.၁% (၂၀၁၂) | သတ်မှတ်ပေးရန် |

| အမျိုးအစား | ညွှန်ပြချက် | နောက်ဆုံးရရှိသော အချက်အလက်များ (မူလပကတိအခြေအနေ Baseline) | ဦးတည်ရည်ရွယ်သူများ/လျာထားချက် |
|---|---|---|---|
| ကျောင်းနေအရွယ်နှင့်လူငယ် | ကလေးသူငယ်စရိတ်ထောက်ပံ့ငွေရရှိသည့် % | ၀% (၂၀၁၄) | ၁၀% |
| | အခြေခံပညာကျောင်းများတွင်အာဟာရကျွေးမွေးသည့်အစီအစဉ်၌ပါဝင်သည့် % | ၀% (၂၀၁၄) | ၁၀၀% (၂၀၂၀) |
| | ပညာသင်ထောက်ပံ့ကြေးရရှိသည့်အရေအတွက် | ၃၇,၇၉၈ (၂၀၁၄/၂၀၁၅) | ၁၁၃,၃၉၄ (၂၀၁၆/၂၀၁၇) |
| | မူလတန်း/အလယ်တန်း/အထက်တန်းကျောင်းအသားတင်တက်ရောက်မှု | | |
| အရွယ်ရောက်ပြီးသူနှင့်အလုပ်လုပ်ကိုင်သောအသက်အရွယ် | အများပြည်သူအလုပ်အကိုင်ရရှိရေးအစီအစဉ်များတွင်ပါဝင်ဆောင်ရွက်သူအရေအတွက် | ၃၁၆,၀၀၀ (၂၀၁၆,RAP) | ၁.၃သန်း (၂၀၂၄၊RAP) |
| | အလုပ်သမားဈေးကွက်တွင်ဆင်းရဲသူများပါဝင်သည့်နှုန်းများ | ၇၀% (၂၀၁၀) | ၈၅% |
| သက်ကြီးရွယ်အိုများ | အသက်၆၅နှစ်အထက်လူမှုရေးပင်စင်ရရှိသူ % | ၀% (၂၀၁၄) | ၁၀၀% (၂၀၁၅) |
| | သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့ OPSHG များအရေအတွက် | ၉၃ (၂၀၁၃/၁၄) | သတ်မှတ်ပေးရန် |
| မသန်စွမ်းသူများ | မသန်စွမ်းသူအတည်ပြုလက်မှတ်ရရှိသူများအနက်ခံစားခွင့်ရရှိသူ % | ၀% (၂၀၁၄) | ၁၀၀% (၂၀၁၄) |

| အမျိုးအစား | ညွှန်ပြချက် | နောက်ဆုံးရရှိသော အချက်အလက်များ (မူလပကတိအခြေအနေ Baseline) | ဦးတည်ရည်ရွယ်သူများ/လျာထားချက် |
| --- | --- | --- | --- |
| သဘာဝဘေးစီမံခန့်ခွဲရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး | သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်းတက်ရောက်ထားသူ လူမှုဝန်ထမ်း % | ၀ | ၁၀၀% (၂၀၂၀) |
| | သဘာဝဘေးအာမခံထားရှိသောသဘာဝဘေး တုံ့ပြန်သူ % | ၀ | ၁၀၀% (၂၀၂၀) |
| | သဘာဝဘေးနှင့် ရာသီဥတုပြောင်းလဲခြင်းကို ရပ်ရွာက ခံနိုင်ရည်ရှိမှုတည်ဆောက်သော အများပြည်သူ အလုပ်အကိုင်ရရှိရေး စီမံချက်များ % | ၀ | ၁၀၀% (၂၀၂၀) |
| | လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များမှတစ်ဆင့် ကယ်ဆယ်ရေးအကူအညီ (ငွေကြေး/ပစ္စည်း) ရရှိသည့် သဘာဝဘေးကြောင့် ထိခိုက်သူ % | ၀ | ၅၀% (၂၀၂၀) |

| အမျိုးအစား | ညွှန်ပြချက် | နောက်ဆုံးရရှိသော အချက်အလက်များ (မူလပကတိအခြေအနေ Baseline) | ဦးတည်ရည်ရွယ်သူများ/လျာထားချက် |
|---|---|---|---|
| ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေးဝန်ဆောင်မှုများ | တရားဝင်ခန့်အပ်ထားသော လူမှုဝန်ထမ်း အရေအတွက် | ၁၈၀ | ၆,၀၀၀ (၂၀၂၀) |
| | ဖြစ်ရပ်စီမံခန့်ခွဲရေးလေ့ကျင့်သင်တန်းပေးမှုရရှိသူ% | ၀% | ၁၀၀% (၂၀၂၀) |
| | လူမှုဝန်ထမ်း/လူဦးရေအချိုးအစား | ၁/၃၀၀,၀၀၀ | ၁/၁၀,၀၀၀ (၂၀၂၀) |
| | မြို့နယ်အဆင့်တွင်လူမှုကာကွယ်စောင့်ရှောက်ရေး ဗဟိုဌာနများ အရေအတွက် | ၀ | ၃၃၀ (၂၀၂၀) |

ဇယား (၅) - မြန်မာနိုင်ငံ လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက် အကောင်အထည်ဖော်မှု ကုန်ကျစရိတ်ခန့်မှန်းတွက်ချက်ခြင်း (ပဏာမအဆင့်) အဓိက ဖြေရှင်းဆောင်ရွက်မှုများ

| ဆောင်ရွက်မှု | ဦးဆောင်အဖွဲ့အစည်း | ၂၀၁၅ | | ၂၀၁၆ | | ၂၀၁၇ | | ၂၀၂၄ (ခန့်မှန်း) | မှတ်စုများ |
|---|---|---|---|---|---|---|---|---|---|
| | | % GDP | ကျပ်(သန်း) | % GDP | ကျပ်(သန်း) | % GDP | ကျပ်(သန်း) | % GDP | |
| ကိုယ်ဝန်ဆောင် မိခင်နှင့် အသက် (၂)နှစ်အထိ ကလေးသူငယ်များ ထောက်ပံ့ငွေ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၀.၁၄% | ၁၀၃,၃၁၁ | ၀.၃၃% | ၂၇၅,၈၈၆ | ၀.၄၄% | ၄၁၅,၀၆၂ | ၀.၃၂% | မဟာဗျူဟာစီမံချက်တွင် ဖော်ပြထားသည့်အတိုင်း အဆင့်ဆင့်ဆောင်ရွက်မည်ဟု ယူဆပါသည်။ (ပထမအဆင့် ကိုယ်ဝန်ဆောင်၊ ဒုတိယအဆင့် အသက် (၁)နှစ်အထိ၊ တတိယအဆင့် အသက် (၂)နှစ်အထိ) |
| မသန်စွမ်း ထောက်ပံ့ငွေ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၀.၀၀% | ၀ | ၀.၂၄% | ၁၉၇,၆၂၁ | ၀.၃၁% | ၂၉၇,၆၄၈ | ၀.၄၃% | ၂၀၁၆ ခုနှစ်တွင် စတင်ရန်ဖြစ်ပါသည်။ ၁၀၀% အကျုံးဝင်မှု အတိုင်းအတာရှိမည်ဟု ယူဆပါသည်။ |

| ဆောင်ရွက်မှု | ဦးဆောင်အဖွဲ့အစည်း | ၂၀၁၅ | | ၂၀၁၆ | | ၂၀၁၇ | | ၂၀၂၄ (ခန့်မှန်း) | မှတ်စုများ |
|---|---|---|---|---|---|---|---|---|---|
| | | % GDP | ကျပ်(သန်း) | % GDP | ကျပ်(သန်း) | % GDP | ကျပ်(သန်း) | % GDP | |
| (၃)နှစ်မှ (၁၅)နှစ် ကလေးသူငယ် ထောက်ပံ့ငွေ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၀.၀၀% | ၀ | ၀.၀၀% | ၀ | ၀.၀၀% | ၀ | ၀.၉၈% | ၂၀၁၈ ခုနှစ်တွင် စတင်ပါမည်။ ၂၀၂၄ ခုနှစ်တွင် အားလုံးအတွက် ဆောင်ရွက်ပေးနိုင်မည်ဟု ယူဆပါသည်။ |
| ကျောင်းတွင်း အာဟာရ ကျွေးမွေးခြင်း | ပညာရေးဝန်ကြီးဌာန | ၀.၀၀% | ၀ | ၀.၂၅% | ၁၈၃,၇၇၁ | ၀.၄၇% | ၃၈၅,၇၅၂ | ၀.၆၄% | ၂၀၁၆ ခုနှစ်တွင်ကျောင်း ၂၀% ဆောင်ရွက်ပါမည်။ နောင်နှစ်များတွင် အလားတူတိုးမြှင့်ပါမည်။ |
| အများပြည်သူ အလုပ်အကိုင် ရရှိရေး/ အသက်မွေး ဝမ်းကျောင်း ပညာရေးနှင့် သင်တန်းပေးခြင်း | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန | ၀.၆၁% | ၄၃၇,၀၄၉ | ၁.၁၃% | ၉၃၁,၄၉၁ | ၁.၅၇% | ၁,၄၈၄,၁၈၇ | ၁.၇၁% | ၂၀% ဆောင်ရွက်မည်ဟု ယူဆပါသည်။ အလုပ်အကိုင်/သင်တန်း ရက်ပေါင်း (၆၀) ဖြစ်ပါသည်။ |

| ဆောင်ရွက်မှု | ဦးဆောင်အဖွဲ့အစည်း | ၂၀၁၅ | | ၂၀၁၆ | | ၂၀၁၇ | | ၂၀၂၄ (ခန့်မှန်း) | မှတ်စုများ |
|---|---|---|---|---|---|---|---|---|---|
| | | % GDP | ကျပ်(သန်း) | % GDP | ကျပ်(သန်း) | % GDP | ကျပ်(သန်း) | % GDP | |
| လူမှုရေးပင်စင် | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၁.၅၉% | ၁,၁၄၅,၄၃၀ | ၁.၄၄% | ၁,၁၉၃,၄၀၀ | ၁.၃၂% | ၁,၂၄၉,၅၆၀ | ၁.၃၀% | ၁၀၀% အတွက် ဆောင်ရွက်ပေးမည်ဟု ယူဆပါသည်။ အသက် (၆၅)နှစ် အထက် |
| သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၀.၀၀% | ၁,၀၀၀ | ၀.၀၀% | ၁,၅၀၀ | ၀.၀၀% | ၂,၀၀၀ | - | |
| ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ၀.၀၁% | ၃,၇၆၈ | ၀.၀၁% | ၆,၉၀၇ | ၀.၀၁% | ၁၀,၄၀၉ | ၀.၀၁% | ဌာနတစ်ခုစီအတွက် ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ် (ကျပ် ၁၅ သိန်း) ပေါင်းထည့်ရန် ဖြစ်ပါသည်။ |
| စုစုပေါင်း | | ၂.၃၅% | ၁,၆၉၀,၅၅၈ | ၃.၄၀% | ၂,၇၉၀,၅၇၆ | ၄.၁၂% | ၃,၈၄၄,၆၁၈ | ၅.၃၉% | |

## အင်္ဂလိပ်ဘာသာ အတိုကောက် ဝေါဟာရများ

| | | |
|---|---|---|
| ABND | Assessment Based National Dialogue<br>အကဲဖြတ်ချက် အခြေပြုအမျိုးသားအဆင့် ဆွေးနွေးခြင်း |
| ASEAN | Association of South East Asian Nations<br>အရှေ့တောင်အာရှ နိုင်ငံများအသင်း |
| CBO | Community-Based Organization<br>ရပ်ရွာအခြေပြုအဖွဲ့အစည်း |
| DP | Development Partner<br>ဖွံ့ဖြိုးရေးမိတ်ဖက်/အတူလုပ်ငန်းဆောင်ရွက်သောအဖွဲ့အစည်း |
| DSW | Department of Social Welfare<br>လူမှုဝန်ထမ်းဦးစီးဌာန |
| ECCD | Early Childhood Care and Development<br>ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး |
| FBO | Faith-Based Organization<br>ယုံကြည်ကိုးကွယ်မှုအခြေပြုအဖွဲ့အစည်း |
| FESR | Framework for Economic and Social Reforms<br>စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုများ မူဘောင် |
| GDP | Gross Domestic Product<br>စုစုပေါင်းပြည်တွင်းထုတ်ကုန် |
| IDP | Internally Displaced Persons<br>ပြည်တွင်းတွင် နေရပ်စွန့်ခွာရသူ |
| IHLCA | Integrated Household Living Conditions Assessment<br>ဘက်စုံ အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ အကဲဖြတ်ချက် |
| ILO | International Labour Organization<br>အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ |
| IMR | Infant Mortality Rate<br>မွေးစကလေးသေဆုံးနှုန်း |

| | |
|---|---|
| IOM | International Organization for Migration |
| | ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း |
| ISPS | Integrated Social Protection Services |
| | ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး ဝန်ဆောင်မှုများ |
| LIFT | Livelihoods and Food Security Trust Fund |
| | စားဝတ်နေရေးလုပ်ငန်းများနှင့် စားနပ်ရိက္ခာဖူလုံရေး အကျိုးဆောင် ရန်ပုံငွေအဖွဲ့ |
| MMCWA | Myanmar Maternal and Child Welfare Association |
| | မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း |
| MICS | Multiple Indicators Cluster Survey |
| | အညွှန်းကိန်းအမျိုးမျိုး အသုံးပြုသော အစုအဖွဲ့စစ်တမ်း |
| MMR | Maternal Mortality Rate |
| | မိခင်သေဆုံးမှုနှုန်း |
| MoE | Ministry of Education |
| | ပညာရေးဝန်ကြီးဌာန |
| MoH | Ministry of Health |
| | ကျန်းမာရေးဝန်ကြီးဌာန |
| MoLESS | Ministry of Labour, Employment and Social Security |
| | အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန |
| MSWRR | Ministry of Social Welfare, Relief and Resettlement |
| | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| NGO | Non-governmental Organization |
| | အစိုးရမဟုတ်သော အဖွဲ့အစည်း |
| TSG | Technical Support Group |
| | နည်းပညာ အထောက်အကူပြုအဖွဲ့ |
| PEP | Public Employment Program |
| | အများပြည်သူ အလုပ်အကိုင်ရရှိရေး လုပ်ငန်းအစီအစဉ် |

| | |
|---|---|
| RAP | Rapid Assessment Protocol (ABND)<br>အလျင်အမြန် အကဲဖြတ် လုပ်ထုံးလုပ်နည်း (အကဲဖြတ်ချက်အခြေပြုအမျိုးသား အဆင့် ဆွေးနွေးခြင်း) |
| SPF | Social Protection Floor<br>လူမှုကာကွယ်စောင့်ရှောက်ရေး အခြေခံသတ်မှတ်ချက် |
| SPWC | Social Protection Working Committee<br>လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီ |
| UN | United Nations<br>ကုလသမဂ္ဂ |
| UNDP | United Nations Development Program<br>ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် |
| UNHCR | United Nations High Commissioner for Refugees<br>ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး |
| UNIAP | United Nations Inter-Agency Project on Human Trafficking<br>လူကုန်ကူးမှုဆိုင်ရာ ကုလသမဂ္ဂ အဖွဲ့အစည်းပေါင်းစုံ စီမံချက် |
| UNICEF | United Nations Children's Fund<br>ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ |
| UPE | Universal Primary Education<br>တစ်ကမ္ဘာလုံးဆိုင်ရာ မူလတန်းပညာရေး |
| WFP | World Food Programme<br>ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် |

## အင်္ဂလိပ်ဘာသာဝေါဟာရများ

### Absolute poverty line: ပကတိဆင်းရဲနွမ်းပါးမှုသတ်မှတ်မျဉ်း

အခြေခံစားနပ်ရိက္ခာ လိုအပ်ချက်များ၏ ခန့်မှန်းကုန်ကျစရိတ် (ဆိုလိုသည်မှာ ပျမ်းမျှ မိသားစုတစ်စု ကျန်းမာစွာ အသက်ရှင်နေထိုင်နိုင်ရန် အနိမ့်ဆုံးလိုအပ်သည်ဟု ယူဆသော အာဟာရများ၏ ကုန်ကျစရိတ်)အပေါ် အခြေခံသော ဆင်းရဲနွမ်းပါးမှု သတ်မှတ်မျဉ်း ဖြစ်ပါသည်။ စားနပ်ရိက္ခာမဟုတ်သော လိုအပ်ချက်များကို ထပ်မံဖြည့်စွက်ရန် ဖြစ်ပါသည်။

### Benefit: ခံစားခွင့်

ရပိုင်ခွင့် သို့မဟုတ် လိုအပ်ချက်အပေါ် အခြေခံလျက် လူတစ်ဦး သို့မဟုတ် အိမ်ထောင်စု တစ်စုသို့ ဖြည့်ဆည်းပေးသည့် ငွေပေးအပ်ခြင်း သို့မဟုတ် ပစ္စည်းပေးအပ်ခြင်း (ဆိုလိုသည်မှာ စားနပ်ရိက္ခာ၊ ဆေးဝါးကုသမှုဝန်ဆောင်မှုများ စသည်တို့) ဖြစ်ပါသည်။ ခံစားခွင့်များကို ကာလ တစ်ခုပြည့်တိုင်း ပုံမှန်ပေးအပ်ခြင်း (လစဉ်သက်ပြည့်ပင်စင်ပေးအပ်ခြင်း) သို့မဟုတ် တစ်လုံးတည်း ပေးအပ်ခြင်း ဖြစ်နိုင်ပါသည်။

### Beneficiary: အကျိုးခံစားသူ

အချိန်တစ်ချိန် သို့မဟုတ် ကာလတစ်ခုအတွင်း ခံစားခွင့်ရရှိသူ သို့မဟုတ် အိမ်ထောင်စု ဖြစ်ပါသည်။

### Cash transfer programs: ထောက်ပံ့ငွေပေးအပ်သောအစီအစဉ်များ

သတ်မှတ်ချက်နှင့် ကိုက်ညီသောလူများ သို့မဟုတ် အိမ်ထောင်စုများသို့ ငွေလွှဲပြောင်း ပေးအပ်သည့် အစီအစဉ်များ ဖြစ်ပါသည်။ အတွေ့ရများသည့် ဆင်တူသောနည်းလမ်းများတွင် ကလေးသူငယ်စရိတ်ထောက်ပံ့ငွေများ၊ လူမှုရေးပင်စင်များ၊ လိုအပ်ချက်အခြေပြုငွေ လွှဲပြောင်း ပေးခြင်းများနှင့် သတ်မှတ်ချက်နှင့်အညီ ငွေလွှဲပြောင်းပေးခြင်းများ ပါဝင်ပါသည်။

**Categorical targeting: အုပ်စုအလိုက်ဦးတည်ရည်ရွယ်ခြင်း**

သတ်မှတ်ထားသော အုပ်စုအတွင်းရှိ ပါဝင်သူအားလုံး (ဥပမာ- အသက်အရွယ် အုပ်စု တစ်စု၊ ပထဝီနယ်မြေ၊ ကျား-မ သို့မဟုတ် လူဦးရေဆိုင်ရာ သွင်ပြင်လက္ခဏာများ)သည် ခံစားခွင့်များကို ရရှိရန်သတ်မှတ်ချက်နှင့် ကိုက်ညီသည့် ဦးတည်ရည်ရွယ်သော နည်းလမ်းဖြစ်ပါသည်။

**Child allowance: ကလေးသူငယ်ထောက်ပံ့ငွေ**

မိသားစုအတွင်း ကလေးသူငယ်များရှိခြင်းနှင့် ကလေးသူငယ်အရေအတွက်အပေါ် အခြေခံလျက် မိသားစုများအား ပေးအပ်သော ထောက်ပံ့ငွေ ခံစားခွင့်ဖြစ်ပါသည်။ ကလေးစရိတ်ထောက်ပံ့ငွေများမှာ ပုံစံအမျိုးမျိုး ဖြစ်နိုင်ပါသည်။ ဥပမာ- ဦးတည်ရည်ရွယ်လျက် ပေးအပ်သော ကလေးသူငယ်ခံစားခွင့်များ၊ မွေးဖွားစဉ် ထောက်ပံ့ငွေများ သို့မဟုတ် သတ်မှတ်ထားသော အသက်အရွယ်အောက် ကလေးသူငယ်များအားလုံးအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းတို့ ဖြစ်ပါသည်။

**Child-sensitive social protection: ကလေးသူငယ်ကို စာနာနားလည်သော လူမှုကာကွယ်စောင့်ရှောက်ရေး**

ကလေးသူငယ်များ၏ ဘဝရပ်တည်ရန် ခက်ခဲမှုအပိုင်းကဏ္ဍအသီးသီး (အသက်အရွယ်နှင့် ကျား-မ အလိုက်)ကို ထည့်သွင်းစဉ်းစားသော၊ အိမ်ထောင်စုတွင်း ဆက်ဆံမှုများနှင့် ကလေးသူငယ်များအပေါ် သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားသော၊ ကလေးသူငယ်များတွင် (ကာလတိုနှင့်ကာလရှည်) ရင်းနှီးမြှုပ်နှံခြင်း၏ စီးပွားရေးနှင့် လူမှုရေးသက်ရောက်မှုကို အသိအမှတ်ပြုသော လူမှုကာကွယ်စောင့်ရှောက်ရေး မူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များ ဖြစ်ပါသည်။

**Chronic poverty: ကာလရှည်ဆင်းရဲနွမ်းပါးမှု**

ဆင်းရဲနွမ်းပါးမှုသည် တစ်နှစ်ပြီးတစ်နှစ် ဆက်လက်ဖြစ်ပွားနေနိုင်ပါသည်။ ပိုင်ဆိုင်မှုနည်းပါးခြင်း သို့မဟုတ် စည်ကားသော ဈေးများနှင့် ဝန်ဆောင်မှုများမှ ဝေးလံသော ဆင်းရဲသည့်နယ်မြေဒေသတွင် တည်ရှိခြင်းကဲ့သို့သော အိမ်ထောင်စုက ရင်ဆိုင်ရသည့် ကာလရှည်ဖွဲ့စည်းပုံပိုင်း အကြောင်းအချက်များ၏ ရလဒ်အနေဖြင့် သာမန်အားဖြင့် ဖြစ်ပွားပါသည်။

**Community-based targeting: ရပ်ရွာပြည်သူလူထုအခြေပြုဦးတည်ရည်ရွယ်ခြင်း**

ရပ်ရွာတွင် နေထိုင်သူအုပ်စု သို့မဟုတ်ခေါင်းဆောင်များ (ရပ်ရွာအတွင်း ၎င်းတို့၏ အဓိက လုပ်ငန်းမှာ ငွေလွှဲပြောင်းပေးအပ်သည့် လုပ်ငန်းအစီအစဉ်မဟုတ်ပါ)က ရပ်ရွာအတွင်း ခံစားခွင့်ရှိမည့်သူများကို ဆုံးဖြတ်သည့် ဦးတည်ရည်ရွယ်သော နည်းလမ်းဖြစ်ပါသည်။

**Contribution: ထည့်ဝင်ငွေ**

စုပေါင်းရန်ပုံငွေသို့ ငွေပေးချေခြင်း ဖြစ်ပါသည်။ လူမှုကာကွယ်စောင့်ရှောက်ရေး ဆက်စပ်အခြေအနေတွင် ထည့်ဝင်ငွေများကို အကျိုးခံစားသူ၊ အလုပ်ရှင်၊ နိုင်ငံတော် သို့မဟုတ် ယင်းတို့ တစ်ခုမက ပေါင်းစပ်လျက် ပေးချေနိုင်ပါသည်။

**Contributory benefit: ထည့်ဝင်ငွေပေးပြီးရရှိမည့်ခံစားခွင့်**

အကျိုးခံစားသူ (သို့မဟုတ်ကာကွယ်စောင့်ရှောက်မှုရရှိသူ)နှင့် သို့မဟုတ် ၎င်းတို့၏ အလုပ်ရှင်ထံမှ ထည့်ဝင်ငွေအပေါ် မူတည်သော ခံစားခွင့်ရရှိခွင့်

**Coping strategies: ပြဿနာဖြေရှင်းသော မဟာဗျူဟာများ**

လူအများအား အောက်ပါတို့ကို ဆောင်ရွက်ရန် အကူအညီပေးသည့် မဟာဗျူဟာများ ဖြစ်ပါသည်။ (က) ဘဝရပ်တည်ရန် ခက်ခဲမှုအမျိုးမျိုးနှင့် လူမှုရေးလိုအပ်ချက် အမျိုးမျိုးကို ရင်ဆိုင်ခြင်း (ခ) ထိခိုက်မှုဖြစ်ပွားပြီးနောက် အန္တရာယ်ကျရောက်နိုင်မှု၏ သက်ရောက်မှုကို သက်သာစေခြင်း (ဥပမာ- ဝင်ငွေလျော့နည်း ကျဆင်းစေသောထိခိုက်မှုများနှင့် ရင်ဆိုင်ရသော အချိန်တွင် လက်ရှိစားသုံးမှုအတိုင်း ဆက်လက်စားသုံးနိုင်ရန် စုငွေများကိုအသုံးပြုခြင်း၊ ပိုင်ဆိုင်မှုများကို ရောင်းချခြင်း၊ ချေးငှားခြင်း သို့မဟုတ် အများပြည်သူ သို့မဟုတ် ပုဂ္ဂလိက ထောက်ပံ့ငွေများကို အားကိုးအားထားပြုခြင်း)

**Conditional cash transfers: သတ်မှတ်ချက်ဖြင့်ငွေပေးအပ်ခြင်း**

ဆင်းရဲသော မိသားစုများအား လူသားအရင်းအနှီးအတွက် ရင်းနှီးမြှုပ်နှံရန် သတ်မှတ်ချက်ဖြင့် ဥပမာ- ကလေးများကို ကျောင်းထားရန် သို့မဟုတ် ကျန်းမာရေးဌာနသို့ ပုံမှန် သွားရောက်ပြသရန် သတ်မှတ်ချက်ဖြင့် ငွေကြေးပေးအပ်ခြင်း ဖြစ်ပါသည်။

**Demographic targeting: လူအုပ်စုအလိုက်ဦးတည်ရည်ရွယ်ခြင်း**

အသက်အရွယ်ပေါ် မူတည်၍ ခံစားခွင့်ရယူရန် သတ်မှတ်သော ဦးတည်ရည်ရွယ်သည့် နည်းလမ်း ဖြစ်ပါသည်။

**Fee exemption: အခကြေးငွေကင်းလွတ်ခွင့်**

သတ်မှတ်ထားသော ဝန်ဆောင်မှုအမျိုးအစားတစ်ရပ် ဥပမာ- ကာကွယ်ဆေးထိုးခြင်း သို့မဟုတ် မီးမဖွားမီ ပြုစုစောင့်ရှောက်မှုအတွက် လူတိုင်းကို ပေးအပ်သည့် ကင်းလွတ်ခွင့် ဖြစ်ပါသည်။

**Fee waivers and scholarships for schooling: အခမဲ့ခွင့်ပြုခြင်းနှင့် ကျောင်းတက်ရန် ပညာထူးချွန်ဆုများ**

ပညာသင်ထောက်ပံ့ကြေးဟုလည်း ခေါ်ပါသည်။ (သာမန်အားဖြင့် အိမ်ထောင်စုသို့ ငွေသားဖြင့် ပေးအပ်ပါသည်။) ပညာသင်ကြားရေး ပြေစာများ (ပညာရေး သို့မဟုတ် ပညာရေး အတွက် သွင်းအားစုများအတွက် ပေးချေရန် အိမ်ထောင်စုများက အသုံးပြုသည့်ကူပွန်များ)၊ ဦးတည်ရည်ရွယ်သော ပညာသင်ဆုများ၊ ကျောင်းလခနှင့် ကျောင်းသုံးစာအုပ်များအတွက် ကုန်ကျစရိတ် ကျခံပေးခြင်းများလည်း ပါဝင်ပါသည်။ ယင်းသို့သော အစီအမံအားလုံးမှာ ကျောင်းထားရသည့် ကုန်ကျစရိတ်များကို အိမ်ထောင်စုများအနေဖြင့် ပေးချေနိုင်ရေး အကူအညီပေးရန် ရည်ရွယ်ပါသည်။

**Fee waivers for health: ကျန်းမာရေးအခကြေးငွေအခမဲ့ခွင့်ပြုခြင်း**

လူတစ်ဦးချင်း၏ သွင်ပြင်လက္ခဏာများ (ဥပမာ- ဆင်းရဲနွမ်းပါးခြင်း) အပေါ် အခြေခံလျက် လူတစ်ဦးချင်းအား အခမဲ့ခွင့်ပြုခြင်းများ ဖြစ်ပါသည်။ ပုံမှန်အားဖြင့် အခကြေးငွေပေးရသော ကျန်းမာရေးဝန်ဆောင်မှုများကို အခကြေးငွေမပေးဘဲ ရယူနိုင်စေရန် ဖြစ်ပါသည်။

**Food insecurity: စားနပ်ရိက္ခာမဖူလုံမှု**

အလုပ်လုပ်ကိုင်ပြီး ကျန်းမာစွာ ဘဝနေထိုင်မှုအတွက် လုံလောက်သော အစာအာဟာရ မရရှိခြင်း ဖြစ်ပါသည်။ ကာလရှည်စားနပ်ရိက္ခာ မဖူလုံမှုဆိုသည်မှာ ရတ်တရက်ဖြစ်ပေါ်သော

ထိခိုက်မှုအကျပ်အတည်းများ မရှိသည့်တိုင် စားနပ်ရိက္ခာမဖူလုံမှုအခြေအနေ ရှည်ကြာနေခြင်း ဖြစ်ပါသည်။

**Food poverty line: စားနပ်ရိက္ခာဆင်းရဲမှုသတ်မှတ်မျဉ်း**

အခြေခံစားနပ်ရိက္ခာ လိုအပ်ချက်များအတွက် ခန့်မှန်းကုန်ကျစရိတ်အပေါ် အခြေခံသော ဆင်းရဲနွမ်းပါးမှု သတ်မှတ်ချက်မျဉ်း ဖြစ်ပါသည်။ (ဆိုလိုသည်မှာ ပုံမှန်မိသားတစ်စု ကျန်းမာစွာ အသက်ရှင် နေထိုင်နိုင်ရန် အနိမ့်ဆုံးလိုအပ်ချက်ဟု ယူဆသော အာဟာရအမျိုးမျိုး၏ ကုန်ကျစရိတ် ဖြစ်ပါသည်။)

**Geographic targeting: ပထဝီနယ်မြေအလိုက် ဦးတည်ရည်ရွယ်ခြင်း**

ခံစားခွင့် ရရှိနိုင်ရေးသတ်မှတ်ချက်နှင့် ညီမညီ တည်နေရာပေါ် မူတည်၍ ဆုံးဖြတ် သတ်မှတ်သော သို့မဟုတ် ဆင်းရဲနွမ်းပါးသော နယ်မြေဒေသများတွင် အရင်းအမြစ်များကို စုစည်းသုံးစွဲရန် ဘတ်ဂျက်ကို ခွဲဝေသတ်မှတ်ပေးသော ဦးတည်ရည်ရွယ်သည့် နည်းလမ်း ဖြစ်ပါသည်။

**In-Kind Benefit: ပစ္စည်းခံစားခွင့်**

ပြေစာ၊ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုပုံစံဖြင့် ငွေမဟုတ်သော ခံစားခွင့် ပေးအပ်ခြင်း ဖြစ်ပါသည်။

**In-kind food transfers: စားနပ်ရိက္ခာပေးအပ်ခြင်း**

အိမ်ထောင်စုများ စားနပ်ရိက္ခာအလိုအပ်ဆုံးအချိန်တွင် အစားအစာခွဲတမ်းများ ပေးအပ်ခြင်း၊ ဖြည့်စွက်အာဟာရနှင့် ကျောင်းတွင်အာဟာရကျွေးမွေးသော အစီအစဉ်များ ပြုလုပ်ခြင်း သို့မဟုတ် အရေးပေါ် အစားအစာ ဖြန့်ဝေခြင်းဖြင့် ထပ်ဆောင်းအရင်းအမြစ်များ ဖြည့်ဆည်းပေးခြင်း ဖြစ်ပါသည်။

**Means test: ချမ်းသာကြွယ်ဝမှုစစ်ဆေးခြင်း**

အိမ်ထောင်စုဝင်ငွေနှင့် သို့မဟုတ် ချမ်းသာကြွယ်ဝမှုဆိုင်ရာ ပြည့်စုံသော သတင်းအချက်အလက် စုဆောင်းရန် ကြိုးပမ်းသည့် ဝင်ငွေအပေါ် အခြေခံလျက် ဦးတည်ရည်ရွယ်သော နည်းလမ်းတစ်ရပ်ဖြစ်ပါသည်။ စုဆောင်းရရှိသော သတင်းအချက်အလက်များကို သီးခြားလွတ်လပ်သော အရင်းအမြစ်များနှင့် တိုက်ဆိုင်စစ်ဆေးအတည်ပြုပါသည်။ သတ်မှတ်ချက်တစ်ရပ်ထက် ပိုင်ဆိုင်မှုများနှင့် ဝင်ငွေမကျော်လွန်သူများအား ချမ်းသာကြွယ်ဝမှု စစ်ဆေးပြီး ခံစားခွင့်များ ပေးအပ်နိုင်ပါသည်။

**Non-contributory benefit: ထည့်ဝင်ငွေပေးရန်မလိုဘဲရရှိသည့်ခံစားခွင့်**

ကြိုတင်၍ ထည့်ဝင်ငွေထည့်သွင်းထားပြီး ဖြစ်ရန် မလိုအပ်ဘဲ လိုအပ်ချက်အပေါ် အခြေခံလျက် ခံစားခွင့်ကိုရရှိပိုင်ခွင့်

**Proxy means test: ကိုယ်စားပြုချမ်းသာကြွယ်ဝမှုစစ်ဆေးခြင်း**

လျှောက်ထားသော အိမ်ထောင်စုများအား နေအိမ်တည်နေရာနှင့် အရည်အသွေး၊ ကာလရှည် သုံးစွဲနိုင်သည့်ပစ္စည်းများ ပိုင်ဆိုင်မှု၊ အိမ်ထောင်စုဝင်များ၏ အသက်အရွယ် အလုပ်အကိုင် စသည့် သွင်ပြင်လက္ခဏာများ၊ ပညာရေး စသည့် အလွယ်တကူ လေ့လာတွေ့ရှိနိုင်သော အိမ်ထောင်စု သွင်ပြင်လက္ခဏာများအပေါ် အခြေပြုလျက် အမှတ်တွက်ချက်သည့် ဦးတည်ရည်ရွယ်သော နည်းလမ်းတစ်ရပ် ဖြစ်ပါသည်။

**Public works programs (or workfare): အများပြည်သူ အလုပ်အကိုင် ရရှိရေး အစီအစဉ်များ (သို့မဟုတ် workfare အလုပ်လုပ်သည့်အတွက် ငွေကြေးပေးအပ်ခြင်း)**

ဆင်းရဲနွမ်းပါးသူများအား အလုပ်လုပ်သည့်အတွက် အလဲအလှယ်အနေဖြင့် ဝင်ငွေပံ့ပိုးမှုကို ငွေကြေး (အလုပ်လုပ်သည့်အတွက် ငွေကြေးပေးအပ်သည့် အစီအစဉ်များ) သို့မဟုတ် စားနပ်ရိက္ခာ (အလုပ်လုပ်သည့်အတွက် စားနပ်ရိက္ခာပေးအပ်သည့် အစီအစဉ်များ) ပုံစံဖြင့် ဖြည့်ဆည်းပေးသော အစီအစဉ်များဖြစ်ပါသည်။ ယင်းအစီအစဉ်များသည် သာမန်အားဖြင့် လမ်းဖောက်လုပ်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ ဆည်မြောင်းအခြေခံအဆောက်အအုံ၊ သစ်တောများ ပြန်လည်စိုက်ပျိုးခြင်းနှင့် မြေလွှာထိန်းသိမ်းခြင်းကဲ့သို့သော လုပ်အားများစွာ လိုအပ်သည့်

စီမံချက်များတွင် အလုပ်ကြမ်းသမားများ သို့မဟုတ် ကျွမ်းကျင်မှုနည်းပါးသော အလုပ်သမားများအတွက် လုပ်ခအနည်းငယ်ဖြင့် ကာလတို အလုပ်အကိုင် ဖြည့်ဆည်းပေးပါသည်။ အလုပ်လက်မဲ့များအား အလုပ်သမား ဈေးကွက်အတွင်း ပြန်လည်ရောက်ရှိစေနိုင်သော နည်းလမ်းတစ်ရပ်အဖြစ်ထက် အရေးပါသော အချိန်ကာလများတွင် ဝင်ငွေပံ့ပိုးမှု ပေးနိုင်သည့် နည်းလမ်းတစ်ရပ်အဖြစ် ယေဘုယျအားဖြင့် ရှုမြင်ကြပါသည်။

**Relative poverty line: နှိုင်းရဆင်းရဲနွမ်းပါးမှုသတ်မှတ်မျဉ်း**

စံနှုန်းတစ်ခု၏ အချို့သောအပိုင်းများအဖြစ် သတ်မှတ်သော ဆင်းရဲနွမ်းပါးမှု ဖြစ်ပါသည်။ သာမန်အားဖြင့် အလယ်အလတ်ဝင်ငွေ သို့မဟုတ် စားသုံးမှု၏ အချိုးအစား တစ်ရပ်ဖြစ်ပါသည်။

**Safety nets: အန္တရာယ်ကင်းရှင်းရေးကွန်ရက်များ**

'social assistance.'ကိုကြည့်ပါ။

**Scheme: အစီအမံ**

လူမှုကာကွယ်စောင့်ရှောက်ရေး ခံစားခွင့်များဖြည့်ဆည်းပေးရာတွင်လည်းကောင်း၊ ယင်းခံစားခွင့်များအတွက် ဘဏ္ဍာငွေ ဖြည့်ဆည်းပေးရာတွင်လည်းကောင်း၊ လိုက်နာရန်သိသာထင်ရှားစွာ သတ်မှတ်ထားသော စည်းမျဉ်းများ (လုပ်ငန်းအစီအစဉ်၊ စီမံကိန်း) ဖြစ်ပါသည်။

**School feeding programs: စာသင်ကျောင်းတွင်အာဟာရကျွေးမွေးရေးအစီအစဉ်များ**

ကလေးသူငယ်များ ကျောင်းအပ်ခြင်းကို အားပေးရန်၊ အာဟာရပြည့်ဝမှု အဆင့်အတန်းကို ပိုမိုကောင်းမွန်စေရန်နှင့် စာသင်ခန်းအတွင် အာရုံစူးစိုက်နိုင်စေရန် စာသင်ကျောင်းများတွင် ကလေးသူငယ်များအတွက် ထမင်းဟင်း သို့မဟုတ် မုန့်များကျွေးမွေးသော စားနပ်ရိက္ခာ လွှဲပြောင်းပေးအပ်ခြင်းများ ဖြစ်ပါသည်။

**Self-targeted programs (or self-selection): ကိုယ်တိုင်ဦးတည် ရည်ရွယ်သော လုပ်ငန်းအစီအစဉ် (မိမိကိုယ်ကို ရွေးချယ်ခြင်း)**

အားလုံးပါဝင်နိုင်သည်ဟု ဆိုနိုင်သော်လည်း ဆင်းရဲနွမ်းပါးခြင်းမရှိသူများ အကြားမှာထက် ဆင်းရဲနွမ်းပါးသူများအကြားတွင် အသုံးပြုမှုများစွာ ပိုမိုများပြားစေရန် စီစဉ်ထားသောလုပ်ငန်း အစီအစဉ်များ သို့မဟုတ် ဆင်းရဲနွမ်းပါးသူများအကြားတွင် ခံစားခွင့်ပိုမိုများပြားစေရန် စီစဉ်ထားသော လုပ်ငန်းအစီအစဉ်များ ဖြစ်ပါသည်။

**Social assistance: လူမှုရေးအကူအညီ**

ဆင်းရဲနွမ်းပါးသူများနှင့် ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်မှုကြောင့် အန္တရာယ်ကျရောက်လွယ်သူများအတွက် ထည့်ဝင်ငွေပေးအပ်ရန် မလိုအပ်သည့် ငွေလွှဲပြောင်းပေးအပ်သော အစီအစဉ် ဖြစ်ပါသည်။

**Social funds:  လူမှုရေးရန်ပုံငွေများ**

ဆင်းရဲနွမ်းပါးပြီး ဘဝရပ်တည်ရန် ခက်ခဲသော ရပ်ရွာအသိုက်အဝန်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်လည်းကောင်း၊ နယ်မြေဒေသတွင်း အဆင့်တွင် လူမှုရေးအရင်းအနှီးနှင့် ဖွံ့ဖြိုးရေးကို အထောက်အကူပြုရန်လည်းကောင်း၊ ဦးတည်ရည်ရွယ်လျက် အသေးစား အများပြည်သူ ရင်းနှီးမြှုပ်နှံမှုများအတွက် ဘဏ္ဍာငွေ (ပုံမှန်အားဖြင့်ထောက်ပံ့ငွေ) ဖြည့်ဆည်းပေးသည့် ကဏ္ဍအများ ပါဝင်သောလုပ်ငန်းအစီအစဉ် ဖြစ်ပါသည်။

**Social insurance: လူမှုရေးအာမခံ**

ထည့်ဝင်ငွေများဖြင့် ဘဏ္ဍာငွေဖြည့်ဆည်းပေးသော လူမှုဖူလုံရေးခံစားခွင့်များ ပေးအပ်ခြင်း ဖြစ်ပါသည်။ ပုံမှန်အားဖြင့် အလုပ်ရှင်များနှင့် အလုပ်သမားများအကြား မျှဝေပါသည်။ နိုင်ငံတော်ကလည်း ဖြည့်စွက်ထည့်ဝင်ငွေ သို့မဟုတ် အခြားထောက်ပံ့ငွေအဖြစ် အထွေထွေ အခွန်ကောက်ခံရရှိငွေမှ ထည့်ဝင်နိုင်ပါသည်။ လူမှုရေးအာမခံအမျိုးအစားများတွင် အလုပ်လက်မဲ့ အာမခံ၊ သက်ကြီးပင်စင်များ၊ မသန်စွမ်းမှုအာမခံ၊ အဓိကဝင်ငွေရှာဖွေသူသေဆုံးခြင်း အာမခံနှင့် နာမကျန်းမှုအာမခံတို့ ပါဝင်ပါသည်။

**Social pensions: လူမှုရေးပင်စင်များ**(ထည့်ဝင်ငွေအရင်းအမြစ်များမှမဟုတ်ဘဲ)

အခွန်ကောက်ခံရရှိငွေမှ ရန်ပုံငွေဖြည့်ဆည်းပေးပြီး အလုပ်သမားဈေးကွက်တွင် ယခင်က ပါဝင်ခဲ့မှုမည်သို့ပင်ရှိစေကာမူ သက်ကြီးရွယ်အိုများအား ပေးအပ်သော ခံစားခွင့်များ ဖြစ်ပါသည်။

**Social protection: လူမှုကာကွယ်စောင့်ရှောက်ရေး**

စီးပွားရေးနှင့်လူမှုရေး ဘဝရပ်တည်ရန်ခက်ခဲမှုများကို တားမြစ်သော သို့မဟုတ် နည်းပါးသက်သာစေသော၊ အခြေခံဝန်ဆောင်မှုများနှင့် အခြေခံအဆောက်အအုံကို ရယူ အသုံးပြုနိုင်မှုနှင့် စီးပွားရေးအခွင့်အလမ်း မြှင့်တင်ပေးသော၊ လူသားချင်း စာနာထောက်ထားရေး အရေးပေါ် အခြေအနေများနှင့် သို့မဟုတ် ရုတ်တရက်ဝင်ငွေဆုံးရှုံးခြင်းမှ ဖြစ်ပေါ်လာသည့် ထိခိုက်မှုများကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲဖြေရှင်းနိုင်ရန် စွမ်းဆောင်ရည်ကို တိုးမြှင့်စေသော မူဝါဒများ၊ ဥပဒေစာချုပ်စာတမ်းများ၊ လုပ်ငန်းအစီအစဉ်များ၊ လူတစ်ဦးချင်းနှင့် အိမ်ထောင်စု များအတွက် အကျိုးခံစားခွင့်များနှင့် ဝန်ဆောင်မှုများဖြစ်ပါသည်။ လူမှုကာကွယ်စောင့်ရှောက် ရေးတွင် အန္တရာယ်ကင်းရှင်းရေး ကွန်ရက်အစီအမံများ (လူမှုရေးအကူအညီ)၊ လူမှုရေးအာမခံ၊ အလုပ်သမားဈေးကွက်မူဝါဒများ၊ လူမှုရေးရန်ပုံငွေများနှင့် လူမှုရေးဝန်ဆောင်မှုများ ပါဝင်ပါသည်။

**Social protection floor: လူမှုကာကွယ်စောင့်ရှောက်မှု အခြေခံသတ်မှတ်ချက်**

လူ့အခွင့်အရေးစာချုပ်များအရ သတ်မှတ်ထားသော အခြေခံလူမှုအခွင့်အရေးများ ဖြစ်ပါသည်။ ဝင်ငွေလုံခြုံမှု၊ စားနပ်ရိက္ခာလုံခြုံမှု၊ လုံလောက်သောအာဟာရပြည့်ဝမှုတို့ ရရှိစေရန် အခြေခံဝန်ဆောင်မှုများ (ဥပမာကျန်းမာရေး၊ ပညာရေး၊ အိုးအိမ်၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အခြားပြည်တွင်းတွင်သတ်မှတ်ထားသည်များ) ရရှိနိုင်ခြင်း၊ လူမှုရေးပိုင်း ငွေကြေး သို့မဟုတ် ပစ္စည်းပေးအပ်ခြင်းများလည်း အပါအဝင် ဖြစ်ပါသည်။

**Social security: လူမှုဖူလုံရေး**

နာမကျန်းဖြစ်ခြင်း၊ မီးဖွားခြင်း၊ အလုပ်လုပ်ကိုင်စဉ် ထိခိုက်ဒဏ်ရာရရှိခြင်း၊ အလုပ် လက်မဲ့ဖြစ်ခြင်း၊ လူမမာဖြစ်ခြင်း၊ အသက်ကြီးခြင်း၊ သေဆုံးခြင်းတို့ကြောင့် ဖြစ်ပေါ်လာမည့် ဝင်ငွေရပ်တန့်သွားခြင်း သို့မဟုတ် အများအပြားကျဆင်းသွားခြင်းကြောင့် စီးပွားရေးနှင့်

လူမှုရေးဖိစီးမှုကို မဖြစ်စေရန် အများပြည်သူ အစီအမံများဖြင့် လူ့အဖွဲ့အစည်းအတွင်း နေထိုင်သူများအား ဖြည့်ဆည်းပေးသော ကာကွယ်စောင့်ရှောက်မှု ဖြစ်ပါသည်။ ဆေးဝါးကုသမှု ဖြည့်ဆည်းပေးခြင်းနှင့် မိသားစုများနှင့် ကလေးသူငယ်များအတွက် ထောက်ပံ့ငွေ ဖြည့်ဆည်း ပေးခြင်းလည်း ပါဝင်ပါသည်။

**Social welfare: လူမှုဝန်ထမ်း**

လူတစ်ဦးချင်းနှင့် အိမ်ထောင်စုများအတွက် စားဝတ်နေရေး၊ ဝင်ငွေနှင့်သာယာဝပြောမှု အနိမ့်ဆုံးအဆင့် ဖြည့်ဆည်းပေးသောစနစ် ဖြစ်ပါသည်။ မကြာခဏ ကျွမ်းကျင်သူများ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်ပါသည်။

**Sustainability: ရေရှည်ဆောင်ရွက်နိုင်မှု**

လုပ်ငန်းအစီအစဉ်ကို ကာလကြာရှည်ဆက်လက်ဆောင်ရွက်နိုင်စွမ်း

**Target group (or target population): ဦးတည်ရည်ရွယ်သောအုပ်စု (သို့မဟုတ်ဦးတည် ရည်ရွယ်သောလူအုပ်စု)**

လုပ်ငန်းအစီအစဉ် ခံစားခွင့်များကို ပေးအပ်ရန်ဦးတည်ရည်ရွယ်သော အကျိုးခံစားခွင့် ရှိသူများ

**Targeting: ဦးတည်ရည်ရွယ်သတ်မှတ်ခြင်း/လျာထားခြင်း**

အရင်းအမြစ်များကို လိုအပ်ချက်အများဆုံးသူများထံ အဓိကထား ပေးအပ်ခြင်း ဖြစ်ပါသည်။ ဦးတည်ရည်ရွယ်သတ်မှတ်ခြင်းကို ပထဝီနယ်မြေအလိုက် (Geographic Targeting ကိုကြည့်ပါ)လည်းကောင်း၊ အုပ်စုအလိုက် (Categorical Targeting ကို ကြည့်ပါ) လည်းကောင်း၊ ဆင်းရဲနွမ်းပါးမှုနှင့် ဘဝရပ်တည်ရန်ခက်ခဲမှုစံနှုန်းပေါ် အခြေခံ၍ လည်းကောင်း၊ နည်းလမ်းအမျိုးမျိုးကို ပေါင်းစပ်၍လည်းကောင်း လုပ်ဆောင်နိုင်ပါသည်။ ဆင်းရဲနွမ်းပါးမှုနှင့် ဘဝရပ်တည်ရန်ခက်ခဲမှုစံနှုန်းပေါ် အခြေခံသော ဦးတည်ရည်ရွယ် သတ်မှတ်ခြင်းအတွက် အဆင့်မြင့်ဆုံးစနစ်များသည် ချမ်းသာကြွယ်ဝမှုစစ်ဆေးခြင်း (Means-test ကိုကြည့်ပါ) သို့မဟုတ် ကိုယ်စားပြု ချမ်းသာကြွယ်ဝမှုစစ်ဆေးခြင်း (Proxy means-test ကိုကြည့်ပါ) ကို အသုံးပြုပါသည်။

**Transient poverty: ယာယီဆင်းရဲနွမ်းပါးခြင်း**

ဆင်းရဲနွမ်းပါးမှုသတ်မှတ်မျဉ်း အနီးတစ်ဝိုက်တွင် ဝင်ငွေအတက်အကျဖြစ်ခြင်း ဥပမာ-လူတစ်ဦးသည် ဆင်းရဲနွမ်းပါးမှုအတွင်း ကျရောက်လိုက်၊ လွတ်မြောက်လိုက်ဖြစ်နေခြင်း

**Unconditional transfers: သတ်မှတ်ချက်မထားရှိဘဲထောက်ပံ့ငွေပေးအပ်ခြင်း**

ဆင်းရဲသောမိသားစုများအား သတ်မှတ်ချက်တစ်စုံတစ်ရာ မထားရှိဘဲ ငွေပေးအပ်ခြင်း

**Universal benefits: အားလုံးအတွက်ခံစားခွင့်**

သတ်မှတ်ထားသော လူအုပ်စုအတွင်း ပါဝင်သည့် နိုင်ငံသားများအားလုံး သို့မဟုတ် နေထိုင်သူများအားလုံးကို ပေးအပ်သည့်ခံစားခွင့်များ သို့မဟုတ် လွှဲပြောင်းပေးငွေများ

**နည်းပညာအထောက်အကူပြုအဖွဲ့**

နည်းပညာအထောက်အကူပြုအဖွဲ့အား လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုအောက်တွင် မဟာဗျူဟာစီမံချက်ရေးဆွဲရန် တာဝန်ပေးအပ်ထားပါသည်။ နည်းပညာအထောက်အကူပြုအဖွဲ့တွင် အောက်ဖော်ပြပါတို့မှ ကိုယ်စားလှယ်များ ပါဝင်ပါသည်-

- လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန (ပူးတွဲအဖွဲ့ခေါင်းဆောင်)
- ယူနီဆက် (ပူးတွဲအဖွဲ့ခေါင်းဆောင်)
- ပညာရေးဝန်ကြီးဌာန
- ကျန်းမာရေးဝန်ကြီးဌာန
- အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
- ဘဏ္ဍာရေးဝန်ကြီးဌာန
- မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
- မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်
- မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း
- မြန်မာနိုင်ငံ အမျိုးသမီးများနှင့် ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်း
- မြန်မာနိုင်ငံကြက်ခြေနီအသင်း
- မြန်မာနိုင်ငံဖွံ့ဖြိုးရေးသုတေသနအဖွဲ့
- အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့
- ကမ္ဘာ့ဘဏ်
- ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့
- ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်
- အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့

မဟာဗျူဟာစီမံချက်ရေးဆွဲနေစဉ် တစ်လျှောက်လုံး နည်းပညာအထောက်အကူပြု အဖွဲ့သည် ရရှိနိုင်သော သတင်းအချက်အလက်နှင့် ကိန်းဂဏန်းများကို ရယူအသုံးပြုလျက် နိုင်ငံတော်အစိုးရ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ သက်ဆိုင်ပါဝင်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းများကို စီစဉ်ပြုလုပ်ခဲ့ပါသည်။ Save the Children ကလည်း TSG ၏ မေတ္တာရပ်ခံချက်အရ လုပ်ငန်းစဉ်ကို ပံ့ပိုးမှုပေးခဲ့ပါသည်။